# ကြေးမုံ

**The Mirror Daily**

Established in 1957


**စိုးရိမ်ကြောင့်ကြမှုမရှိ**

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက် စွဲလမ်းခြင်းမရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင်ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်း မပြုရာ၊ မရဏာနုဿတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)

ပီယဝဂ်(ဓမ္မပဒ-၂၁၂)


၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်၊ ဗုဒ္ဓဟူးနေ့။ | Wednesday, 5 August 2020 | ၁၀၀၉၅


# လူတိုင်း သက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် လူတိုင်း ရောဂါဘယကင်းရှင်းရေး ကျန်းမာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၄**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း၏ လက်ပံတန်းမြို့နယ် မကျီးကွင်းကျေးရွာအုပ်စုပိုင် စားကျက်မြေ ၁၆၃ ဒသမ ၆၂ ဧက စားကျက်မြေအားလုံးကို တည်ဆဲဥပဒေများနှင့် ညီညွတ်ခြင်းမရှိဘဲ ပယ်ဖျက်ခဲ့သည့်အတွက် မည်သို့ပြန်လည်ဆောင်ရွက်ပေးမည်ကို သိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်က ၂၀၂၀ ပြည့်နှစ် ဇွန် ၂၈ ရက်တွင် လက်ပံတန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး၌ ညှိနှိုင်းဆွေးနွေးသဘောတူဆုံးဖြတ်ချက်အရ မိုးပုလဲဖြူကုမ္ပဏီ(ယခင် မဏိကမ္ဘာကုမ္ပဏီ)က လက်ရှိလုပ်ကိုင်နေသော ဧရိယာ ၉၁ ဒသမ ၅၅ ဧကအနက်မှ ၅၁ ဒသမ ၅၅ ဧကအား ဒေသဖွံ့ဖြိုးရေးအတွက် ပြန်လည်သုံးစွဲနိုင်ရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ပြန်လည်အပ်နှံသွားမည်ဖြစ်ပါကြောင်း၊ အဆိုပါ နုတ်ပယ်ခွင့်ပြုပြီး စားကျက်မြေဧရိယာ ၁၆၃ ဒသမ ၆၂ ဧကအနက် အခြားမြေ ၂၀ ဒသမ ၁၆ ဧကသည် လက်ရှိမြေပြင်တွင် လမ်းမြေ ၄ ဒသမ ၀၅ ဧက၊ အိုင်မြေ ၁ ဒသမ ၈၆ ဧက၊ ရိုးမြေ ၆ ဒသမ ၅၄ ဧကနှင့် ကျန်အခြားမြေ ၇ ဒသမ ၇၁ ဧကတို့အား အသုံးချဆောင်ရွက်ထားရှိရာ အဆိုပါ အခြားမြေ ၂၀ ဒသမ ၁၆ ဧကအနက် လမ်းမြေ ၄ ဒသမ ၀၅ ဧကကို ချန်လှပ်၍ စုစုပေါင်း ၁၆ ဒသမ ၁၁ ဧကကို **စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်။

## မဲဆန္ဒရှင်ပြည်သူများသို့ အသိပေးကြေညာချက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲဆန္ဒရှင်စာရင်းများကို ပထမအကြိမ်အဖြစ် ၂၅-၇-၂၀၂၀ ရက်နေ့မှ ၇-၈-၂၀၂၀ ရက်နေ့အထိ ၁၄ ရက်ကြာ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် ကပ်ထားကြေညာလျက်ရှိပါသည်။ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာစဉ် မဲဆန္ဒရှင်များက မဲစာရင်း လာရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ပါက ပုံစံ(၃)ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန်တောင်းဆိုခြင်း၊ မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါ အချက်အလက်များ မှားယွင်းနေပါက ပုံစံ(၄-က)ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ မဲဆန္ဒရှင်များက တင်သွင်းသည့် တောင်းဆိုလွှာ၊ ကန့်ကွက်လွှာ၊ ပြင်ဆင်လွှာများကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ကြီးကြပ်မှုဖြင့် ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိနိုင်ရန်အတွက် ဖြည့်စွက်၊ ပယ်ဖျက်၊ ပြင်ဆင်ခြင်းများပြုလုပ်ကာ ပြန်လည်ပြုစုလျက်ရှိပါသည်။

၃။ ထိုသို့ မဲဆန္ဒရှင်များ၏ တင်သွင်းလွှာများအရ သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းတို့ ဆောင်ရွက်ပြီးပါက အဆိုပါ မဲဆန္ဒရှင်စာရင်းကို ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် ၁၄ ရက်ကြာ **(ထပ်မံ)** ကပ်ထားကြေညာမည်ဖြစ်ပါသည်။ ပထမအကြိမ် မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာစဉ် အကြောင်းအမျိုးမျိုးကြောင့် တောင်းဆိုလွှာ၊ ကန့်ကွက်လွှာ၊ ပြင်ဆင်လွှာများ မတင်သွင်းနိုင်ခဲ့သည့် မဲဆန္ဒရှင်များအနေဖြင့် နောက်ဆုံးအကြိမ်အဖြစ် လိုအပ်သော တောင်းဆိုမှု၊ ကန့်ကွက်မှု၊ ပြင်ဆင်မှုများကို **(ထပ်မံ)** ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။


၄။ မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်ဖြစ်ပြီး ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံးတစ်ဦး (မပျက်မကွက်) လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေးမုံ ယနေ့ ဖတ်စရာ


စင်ကာပူနိုင်ငံသို့ လာရောက်သော ခရီးသည်များ ကိုရိုနာပိုင်းရပ်စ်ဆိုင်ရာ စောင့်ကြည့်ရေး ကိရိယာဝတ်ဆင်ရမည်

စာမျက်နှာ » ၁၁


မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေး မဲစာရင်း သွားရောက်ကြည့်ရှုရန် လိုအပ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ပြောကြား

စာမျက်နှာ » ၁၅





ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

စာမျက်နှာ » ၁၈

# ကြေးမုံ

## အားလုံးအတွက် တစ်ဦးချင်းကိုယ်စီလိုက်နာ

နိုင်ငံတော်နှင့် ပြည်သူအကြားဆက်ဆံရေးသည် လွန်စွာအရေးကြီးသည်။ နိုင်ငံတော်သည် ပြည်သူအတွက်၊ ပြည်သူသည် နိုင်ငံတော်အတွက် ဖြစ်နေရမည်။ ထိုသို့ နိုင်ငံတော်နှင့်ပြည်သူ တစ်သားတည်းရှိပါမှ ထိုနိုင်ငံသည် ရှေ့သို့တိုးတက်၍ အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ်သို့ ရောက်မည်ဖြစ်သည်။ နိုင်ငံ့အရေးအရာကိစ္စများတွင် နိုင်ငံတော်နှင့် ပြည်သူ ပေါင်းစည်းလက်တွဲခြင်းမရှိဘဲ သူ့အလုပ်သူလုပ်၊ သူ့သဘောအလျောက် သူနေကြပါလျှင် ရည်မှန်းရာပန်းတိုင်သို့ ရောက်တော့မည် မဟုတ်ပေ။

နိုင်ငံတော်ဆိုသည်မှာ ဦးဆောင်သောအစိုးရ၊ နိုင်ငံတွင် လည်ပတ်လှုပ်ရှားနေသော သက်ရှိလူသား ပြည်သူများ၊ ကိုင်တွယ်မောင်းနှင်နေကြသည့် သက်မဲ့ယန္တရားအားလုံး ပါဝင်ကြပါသည်။ နိုင်ငံတော်၏ရှေ့ခရီးကို ဆက်သောအခါ နိုင်ငံတော်တွင်ပါဝင်ကြသည့် သက်ရှိ သက်မဲ့အားလုံး တက်ညီလက်ညီ အချိတ်အဆက်မိမိ လက်တွဲချိတ်ဆက်၍ လည်ပတ်ပါမှ လိုရာခရီးပန်းတိုင်ကို ချောမွေ့စွာရောက်ရှိနိုင်မည် ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အားကိုးလောက်သည့် နိုင်ငံတော်ပေါ်ထွန်းဖို့၊ အားကိုးလောက်သည့် ပြည်သူများရှိဖို့ လိုအပ်ပါသည်ဟု အသိပေးပြောကြားထားသည်။

လက်ရှိ၌ ကိုဗစ်-၁၉ ရောဂါ တစ်ကမ္ဘာလုံးပျံ့နှံ့နေချိန်တွင် နိုင်ငံအသီးသီးသည် ပုံစံအမျိုးမျိုးဖြင့် ပြဿနာကို ကိုင်တွယ်ဖြေရှင်းနေကြသည်။ မြန်မာနိုင်ငံသည်လည်း မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် ကိုင်တွယ်ဖြေရှင်းလျက်ရှိသည်။ နိုင်ငံများ၏ဖြစ်စဉ်ကိုကြည့်လျှင် နိုင်ငံကို တပေါင်းတစည်းတည်း ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းကြသောအခါ၌ ရောဂါကို လျော့ပါးသက်သာအောင် ထိန်းချုပ်ကိုင်တွယ်နိုင်ပြီး နိုင်ငံနှင့်ပြည်သူ တပေါင်းတစည်းတည်း မရှိသောအခါ၌ ရောဂါဖြစ်ပွားမှုမှာလည်း ထကြွလာသည်ကို တွေ့ရမည် ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါသာမက နိုင်ငံ့အရေးအရာကိစ္စများတွင်လည်း ဤသို့ပင်ဖြစ်သည်။

မြန်မာနိုင်ငံသည် ပြည်သူသည်သာအဓိကဟူသည့် ယုံကြည်ချက်အပေါ် ခိုင်မာစွာရပ်တည်ကာ စိန်ခေါ်မှုများစွာကို ရင်ဆိုင်ကျော်လွှားလျက်ရှိသည်။ နိုင်ငံတော်သည် ပြည်သူကို တန်ဖိုးထားသကဲ့သို့ ပြည်သူ့အားကို ရယူကာ "တစ်ဦးအတွက် အားလုံး၊ အားလုံးအတွက် တစ်ဦး" ဟူသော ခံယူချက်စိတ်ဓာတ်တို့ကို တည်ဆောက်လျက် ကိုဗစ်-၁၉ ကပ်ရောဂါကိုသာမက စိန်ခေါ်မှုများစွာတို့ကို ရင်ဆိုင်ကျော်လွှားနိုင်ရန် ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

လက်ရှိတွင် ကိုဗစ် - ၁၉ ကပ်ရောဂါကို ရင်ဆိုင်ကျော်လွှားနိုင်ရန် ပြည်သူအားလုံးအတွက် ပြည်သူတစ်ဦးချင်း ကိုယ်စီကိုယ်စီ ဆောင်ရွက်ရမည့် အချက်များကို အသိပေးထားပြီး ဖြစ်သည်။ လက်တွေ့လည်း ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်နိုင်သောကြောင့် နိုင်ငံအတွင်း ပြည်သူအချင်းချင်း ရောဂါကူးစက်မှု မရှိသလောက်နည်းပါးပြီး ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့်နှိုင်းစာလျှင် ရောဂါဖြစ်ပွားနှုန်း နည်းပါးသည်ဟု ဆိုရမည် ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် အရေးတယူဆောင်ရွက်ချက်တစ်ခုမှာ ပြည်ပသို့ရောက်ရှိနေသော ပြည်သူများ အမိနိုင်ငံသို့ ပြန်လာနိုင်ရေး ဖြစ်သည်။ ပြည်ပနိုင်ငံအချို့တွင် ရောဂါဖြစ်ပွားနှုန်း မြင့်မားနေသောကြောင့် မြန်မာနိုင်ငံသို့ ပြန်လာသူများမှတစ်ဆင့် ရောဂါမပြန့်ပွားစေရေးအတွက် အထူးဂရုစိုက် ပြင်ဆင်ဆောင်ရွက်ပေးနေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

နိုင်ငံတော်ကို ကာကွယ်ရာတွင် ပြည်ပရန်၊ ပြည်တွင်းရန်တို့ကို တွန်းလှန်ဖယ်ရှားရမည်ဖြစ်ရာ ပြည်တွင်း၌ လူအချင်းချင်း ရောဂါကူးစက်မှု မရှိစေရေးအတွက် တစ်ဦးချင်းကိုယ်စီ လိုက်နာရမည့် ကျန်းမာရေးဆိုင်ရာ အချက်များကို မပျက်မကွက်ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် ပြည်သူပြည်သားများ မွန်းကျပ်သည့်ဘဝများကို လျော့ပါးသက်သာစေရေးအတွက် ဖြေလျှော့ပေးလျက်ရှိပြီး အချို့ကိစ္စများကိုသာ မဖြစ်သင့်သည်တို့ မဖြစ်လာစေရန်အတွက် တားမြစ်မှုများရှိခဲ့သည်။ ယင်းတို့ကို ပြည်သူတစ်ဦးချင်းအနေဖြင့် ပေါ့ပေါ့ဆဆမပြုမူမိရန် လိုအပ်ပါသည်။ နိုင်ငံတော်အနေဖြင့် ပြည်ပမှရောက်ရှိလာနိုင်သည့် အန္တရာယ်ကို အထူးဂရုစိုက်ကာကွယ်ပေးလျက်ရှိပြီး ပြည်သူများအနေဖြင့် ပြည်တွင်း၌ ကူးစက်လာနိုင်မည့်အန္တရာယ်ကို ကာကွယ်နိုင်ကြမှသာ ဘေးအန္တရာယ်မှ ကင်းဝေးပြီး စိတ်ချမ်းသာ ကိုယ်ကျန်းမာမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်နှင့်ပြည်သူ တစ်သားတည်းရှိမှသာ ရှေ့ခရီးကို ချောမွေ့စွာ ဆက်လက်လျှောက်လှမ်းနိုင်ပြီး လိုရာခရီးပန်းတိုင်သို့ ဆက်လက်တက်လှမ်းနိုင်မည်ဖြစ်သည်။ ယခုအခါတွင် ရောဂါဘေးအန္တရာယ်နှင့် ပတ်သက်၍ မလွတ်ကင်းသေးသည်ဖြစ်၍ ပြည်သူလူထု တစ်ဦးချင်းတစ်ဦးချင်းက တစ်နိုင်ငံလုံး အားလုံးအတွက် ကာကွယ်မည်ဟူသောစိတ်ဓာတ်၊ အားလုံးက ပြည်သူတစ်ဦးချင်းတစ်ဦးချင်းအတွက် ကာကွယ်မည်ဟူသည့် စိတ်ဓာတ်များ မွေးမြူကြကာ နိုင်ငံအေးချမ်းသာယာဝပြောရေးကို ဝိုင်းဝန်းလက်တွဲကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ။

## ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေး ကျင်းပ

**နေပြည်တော် ဩဂုတ် ၄**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ၂၀၂၀ ပြည့်နှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းတို့နှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမောင်မောင်ဝင်းနှင့် ဦးဆက်အောင်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများနှင့် ကော်မတီဝင်များ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



## ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်၌ စပါးခင်းများနှင့် သဘာဝရေပြင်များအတွင်း ငါးမျိုးများစိုက်ထည့်

**သုံးခွ ဩဂုတ် ၄**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်၌ စပါးခင်းများနှင့်သဘာဝရေပြင်များအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့တွင် ကျင်းပရာ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို နံနက် ၇ နာရီတွင် သုံးခွအနောက်ကျေးရွာရှိ တောင်သူ ဦးမြင့်ေး၏လယ်တွင် ကျင်းပသည်။ အဆိုပါ အခမ်းအနား၌ တောင်သူ ၅၀ အား လယ်ဧက ၁၂၀ အတွက် ၁ ဒသမ ၅ လက်မအရွယ် ငါးခုံးမကြီး ကောင်ရေ ၆၀၀၀၀ အား ပေးအပ်သည်။

**မျိုးစိုက်**

ဆက်လက်၍ သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို နံနက် ၈ နာရီတွင် ခရမ်းမြို့ အမှတ်(၁၁)ရပ်ကွက် ဆိပ်ကမ်းသာ လှေဆိပ်(မှော်ဝန်းချောင်း)၌ ကျင်းပခဲ့ရာ ၁" အရွယ် ငါးမြစ်ချင်းကောင်ရေ ၃၀၀၀၀ အား မျိုးစိုက်ထည့်ပေးသည်။

အဆိုပါအခမ်းအနားများသို့ ရန်ကုန်တောင်ပိုင်းခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးအေးနိုင်၊ သုံးခွမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းဝင်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးတင်ဝင်းနှင့်ဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၄-၈-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၅၀၀ | ၁၀,၅၀၀ | ၂၁၀ | ၂,၂၀၅,၀၀၀ |
| MTSH | ၃,၇၅၀ | ၃,၇၅၀ | ၁,၇၁၅ | ၆,၄၄၀,၆၅၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၆၉ | ၅၅၈,၉၀၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၇၀ | ၁,၅၄၀,၀၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၈ | ၂၂,၅၀၀ |
| EFR | ၂,၈၅၀ | ၃,၀၀၀ | ၃၉၈ | ၁,၁၈၆,၈၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဩဂုတ် ၄

ရန်ကုန်(ရွှေဈေး) ၁၃၀၃၀၀၀ မန္တလေး(ရွှေဈေး) ၁၃၀၃၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၅၀/၅၈၅ ကျပ် | ၅၈၅/၆၀၅ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၄၀/၅၇၀ ကျပ် | ၅၇၀/၅၉၀ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၆၂၀/၆၃၅ ကျပ် | ၆၇၅/၆၉၅ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၉၀/၅၂၀ ကျပ် | ၅၅၀/၅၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

| | | | |
|---|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၈၅ | ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၉၅ | ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၄၀/၄၅၀ | ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၃.၁ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၀၈.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၅.၂၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၃.၈၅၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၃.၀၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၁၇၄ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၇၄.၁၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၉၁.၆၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၈၆.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၄.၁၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အငယ်တန်း | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| သတင်းထောက်မှူး | - ဦးမြင့်စိုး | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ | | ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | ဓာတ်ပုံသတင်းထောက် | - ဦးခင်မောင်ဝင်း |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန်စာတည်းများ | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | စာပြင် | - ဦးမျိုးဝင်းနိုင်၊ ဦးရည်မွန်ခန့်အောင်နှင့်အဖွဲ့ |
| အကြီးတန်း | - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်ချောစုလှိုင်နှင့်အဖွဲ့ |
| သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း | အီးမေးလ်နှင့် အွန်လိုင်း | - ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် စာပေမူပိုင်ခွင့်ဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်ဆွေးနွေး

ရန်ကုန် ဩဂုတ် ၄

စာပေမူပိုင်ခွင့်ဆိုင်ရာအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၏ ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်ဆွေးနွေးသည်။



### သက်ရောက်မှုများရှိလာ

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာ၌ စာပေမူပိုင်ခွင့်နှင့်ပတ်သက်၍ စိတ်ကူးစိတ်သန်းဖလှယ်ရန် ပထမဆုံး တွေ့ဆုံဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ စာပေမူပိုင်ခွင့်ဆိုင်ရာပြဿနာများ ယခင်ကတည်းက ရှိခဲ့သော်လည်း ညှိနှိုင်းဖြေရှင်းနိုင်မှုကြောင့် ပြဿနာကြီးမားစွာ မရှိခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ နည်းပညာပြောင်းလဲလာမှုကြောင့် အွန်လိုင်းပေါ်တွင် စာပေဆိုင်ရာ ထုတ်လုပ်ဖြန့်ချိ ရောင်းဝယ်ခြင်းများ၊ စာပေမူပိုင်ခွင့် ချိုးဖောက်မှု၊ အလွဲသုံးစားမှုများ ပိုများလာပြီး ဆုံးရှုံးနစ်နာမှုများနှင့်အတူ ပြဿနာများလည်း ယခင်ကထက် ပိုမိုရှုပ်ထွေးလာပါကြောင်း၊ New Media တွင်ကျယ်လာချိန်တွင် ပုံနှိပ်မီဒီယာ(Print Media)၏ အခန်းကဏ္ဍမှာ များစွာထိခိုက်သက်ရောက်မှုများ ရှိလာခဲ့ပါကြောင်း။

New Media ကြောင့် စာပေရေးသားမှု၊ ဖန်တီးမှုပုံသဏ္ဌာန်များစွာ ပြောင်းလဲလာသကဲ့သို့ ဖတ်ရှုသူ၊ တစ်နည်းအားဖြင့် စားသုံးသူများ၏ပုံစံလည်း ပြောင်းလဲလာပါကြောင်း၊ ထို့အပြင် နိုင်ငံတကာနှင့်ဆက်စပ်ဆောင်ရွက်မှုများ ယခုအခါ ပိုမိုများပြားလာသည်နှင့်အညီ နိုင်ငံတကာတွင် ကျင့်သုံးနေသော စာပေမူပိုင်ခွင့်ဆိုင်ရာများကိုလည်း လေ့လာသိရှိပြီး လိုက်လျောညီထွေဆောင်ရွက်နိုင်ရန် လိုအပ်လာပါကြောင်း၊ ထို့ကြောင့် စာပေမူပိုင်ခွင့်ဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ် ယခင်က ကျင်းပရန် စီစဉ်ထားရှိခဲ့သော်လည်း ကိုဗစ်-၁၉ ကြောင့် မကျင်းပနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ အခြေအနေပေးသည့်အခါ ဆက်စပ်သော နယ်ပယ်ကဏ္ဍစုံမှ ပညာရှင်များပါဝင်သည့် စာပေမူပိုင်ခွင့်ဆိုင်ရာဆွေးနွေးပွဲကို ကျယ်ကျယ်ပြန့်ပြန့်ဖြင့် ကျင်းပရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က စာပေမူပိုင်ခွင့်ဆိုင်ရာ စုပေါင်းစီမံခန့်ခွဲမှုအဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များနှင့် စာပေမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရေးအတွက် စုပေါင်းကာကွယ်တားဆီးဆောင်ရွက်ရမည့် ကိစ္စရပ်များအား ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် စာပေပညာရှင်များဖြစ်ကြသော ဆရာ ချစ်ဦးညို၊ ဆရာမ မနှင်းဖွေး၊ ဆရာမ ဂျူး၊ ဆရာ မောင်လှမျိုး(ချင်းချောင်းခြံ)၊ ဆရာမ ပုညခင် တို့ကလည်းကောင်း၊ မူပိုင်ခွင့်ဆိုင်ရာ ကျွမ်းကျင်သူ အကယ်ဒမီ ဆွေဇင်ထိုက်နှင့် ဥပဒေပညာရှင်များဖြစ်ကြသည့် စစ်တွေ ဦးသန်းမောင်နှင့် ဦးငွေဦးတို့ကလည်းကောင်း၊ ထုတ်ဝေသူများဖြစ်ကြသည့် ဦးမြင့်ထွန်း၊ ဦးမျိုးအောင်၊ ဦးစန်းမွန်အောင်နှင့် ဦးဝင်းလှိုင်ဦး တို့ကလည်းကောင်း၊ IT ပညာရှင် ဦးသောင်းစုငြိမ်း ကလည်းကောင်း သက်ဆိုင်ရာကဏ္ဍများအလိုက် ပါဝင်ဆွေးနွေးကြသည်။

အစည်းအဝေးသို့ ကာတွန်းပညာရှင် ဦးမောင်မောင်အောင်နှင့် ဦးမောင်မောင်ဖောင်တိန်၊ ဓာတ်ပုံပညာရှင် ဦးကျော်ကျော်ဝင်း၊ ထုတ်ဝေသူ ဦးဝင်းမျိုးနှင့် ဦးဝင်းချို တို့လည်း တက်ရောက်ကြသည်။

စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေကို ၂၀၁၉ ခုနှစ် မေ ၂၄ ရက်တွင် ပြည်ထောင်စုလွှတ်တော် ၂၀၁၉ ခုနှစ် ဥပဒေအမှတ် (၁၅)ဖြင့် ပြဋ္ဌာန်းထားရှိရာ အဆိုပါဥပဒေပုဒ်မ ၂ (က) အရ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ပုဒ်မ ၄ (က) ပါ မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်နိုင်ရန်နှင့် ပုဒ်မ (၆၀/၆၂)တို့ အရ စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း Collective Management Organization (CMOs)များ ဖွဲ့စည်းနိုင်ရန်တို့နှင့် စပ်လျဉ်း၍ ယခုကဲ့သို့ စာပေမူပိုင်ခွင့်ဆိုင်ရာ အစည်းအဝေးအား ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် မေးခွန်းရှင်ကိုယ်စားလှယ်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဩဂုတ် ၄

အမျိုးသားလွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီသည် မေးခွန်းရှင်ကိုယ်စားလှယ်များနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ကော်မတီရေးရာဆောင် အမှတ် (I-20) အပေါ်ထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးအထိ ကတိဖြစ်ပေါ်ခဲ့သည့် မေးခွန်းများနှင့်စပ်လျဉ်း၍ ကတိကဝတ်စာရင်းမှ ပယ်ဖျက်နိုင်ရေးအတွက် မေးခွန်းရှင်ကိုယ်စားလှယ်များနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများအား ကော်မတီအဖွဲ့ဝင်များက မေးမြန်းဆွေးနွေး၍ ပေါင်းစပ်အတည်ပြုခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးသို့ ကော်မတီအဖွဲ့ဝင်များ၊ မေးခွန်းရှင်ကိုယ်စားလှယ်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## တရားလွှတ်တော်ရှေ့နေများကောင်စီဝင်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ ၁၁ ဦး၏ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တရားလွှတ်တော်ရှေ့နေများကောင်စီ
ကြေညာချက်အမှတ် ၃/၂၀၂၀
၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၄ ရက်)

### တရားလွှတ်တော်ရှေ့နေများကောင်စီဝင်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ ၁၁ ဦး၏ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂ ရက်နေ့တွင် ကျင်းပသော တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်ပွဲရလဒ်နှင့်အညီ အောက်ပါတရားလွှတ်တော်ရှေ့နေ ၁၁ ဦးသည် တရားလွှတ်တော်ရှေ့နေများကောင်စီဝင်များအဖြစ် ရွေးကောက်တင်မြှောက်ခံရကြောင်း တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၁၆ အရ ကြေညာအပ်ပါသည်-

| စဉ် | တရားလွှတ်တော်ရှေ့နေ အမည် | တရားလွှတ်တော်ရှေ့နေလိုင်စင် အမှတ် | နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် |
|---|---|---|---|
| ၁။ | ဦးမြသိန်း | စဉ် - ၉၇၃ | ၁၂/မရက(နိုင်)၀၀၇၀၁၄ |
| ၂။ | ဦးနေလ | စဉ် -၂၀၆၂ | ၁၂/တမန(နိုင်)၀၀၆၅၄၀ |
| ၃။ | ဦးသိန်းသန်းဦး | စဉ် - ၃၆၉၅ | ၉/ခအဇ(နိုင်)၀၄၈၀၃၁ |
| ၄။ | ဦးညဏ်ဝင်း | စဉ် - ၁၂၀၃ | ၁၂/ပဇတ(နိုင်)၀၁၁၀၆၀ |
| ၅။ | ဒေါ်ခင်နုသာ | စဉ် - ၂၅၂၃ | ၁၂/ဥကတ(နိုင်)၀၀၉၀၈၁ |
| ၆။ | ဦးကျော်ဟိုး | စဉ် - ၁၉၃၃ | ၁၄/ပသန(နိုင်)၁၃၃၁၆၁ |
| ၇။ | ဦးခင်မောင်သန်း | စဉ် - ၁၇၈၄ | ၉/မဟမ(နိုင်)၀၁၈၀၆၉ |
| ၈။ | ဦးစိန်ဝင်းချမ်း | စဉ် - ၂၃၄၄ | ၁၃/တကန(နိုင်)၀၆၆၆၉၉ |
| ၉။ | ဦးသက်ဆွေ | စဉ် - ၄၅၁၁ | ၇/ပခန(နိုင်)၀၇၈၈၇၉ |
| ၁၀။ | ဦးအောင်ကျော်မင်း | စဉ် - ၅၁၁၈ | ၁၂/ဒလန(နိုင်)၀၈၅၇၄၀ |
| ၁၁။ | ဦးခင်မောင်ဇော် | စဉ် -၄၀၆၀ | ၉/ပမန(နိုင်)၀၀၂၀၄၇ |

(ဒေါက်တာသီတာဦး)
အတွင်းရေးမှူး
တရားလွှတ်တော်ရှေ့နေများကောင်စီ

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၄

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

**မိုး/ဇလ**

☆ ရှေ့ဖုံးမှ

ကွဲ၊ နွားများ လွတ်ကျောင်းမွေးမြူနိုင်ရန်အတွက် စားကျက်မြေအဖြစ် ပြန်လည်သတ်မှတ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

သပိတ်ကျင်းမဲဆန္ဒနယ်မှ ဒေါက်တာဦးအောင်နိုင်၏ သပိတ်ကျင်းမြို့နယ်အတွင်း အုန်းဇုန်းကျေးရွာအုပ်စုနှင့် ချောင်းကြီးကျေးရွာအုပ်စုနှစ်ခု၏ အုပ်စုခြားနယ်နိမိတ် သတ်မှတ်ပေးရန်နှင့် သပိတ်ကျင်းမြို့နယ်နှင့် စဉ့်ကူးမြို့နယ် နှစ်ခုကြား တိကျသော မြို့နယ်ခြားနယ်နိမိတ်သတ်မှတ်ပေးရန် ကိစ္စအား သိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးတင်မြင့်က ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၃၁ ရက်တွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ နှစ်ဖက်မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်နှင့်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးများ၊ ခရိုင်နှင့်မြို့နယ် သစ်တောဦးစီးမှူးများပါဝင်သော အဖွဲ့ဖြင့် ထပ်မံကွင်းဆင်းခဲ့ရာတွင် ပဏာမ ကွင်းဆင်းစစ်ဆေးသတ်မှတ်ထားသည့် မြို့နယ်ခြား နယ်နိမိတ်သတ်မှတ်ချက်များအပေါ် ဒေသခံများက လက်ခံနိုင်ခြင်းမရှိသည်ကို သိရှိရပါကြောင်း၊ မြို့နယ်ခြားနယ်နိမိတ်ကို အဆိုပါအတိုင်း သတ်မှတ်မည်ဆိုပါက မလိုလားအပ်သောအငြင်းပွားမှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက် နှစ်ဖက်မြို့နယ်မှ သက်ဆိုင်ရာဌာနများမပါဝင်ဘဲ တိုင်းဒေသကြီးအဆင့်မှ ကျွမ်းကျင်ပညာရှင်များ ပါဝင်သည့်အဖွဲ့ဖြင့် အဆင့်မြင့် တိုင်းတာရေးစက်များ အသုံးပြုတိုင်းတာနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

မြန်အောင်မဲဆန္ဒနယ်မှ ဦးခင်မောင်လတ်၏ မြန်အောင်မြို့နယ် တောင်ရိုးဒေသ ထိန်သေးကုန်း မြေပြာအင်ပင်လမ်းပေါ်ရှိ ရေသိုးချောင်းတံတားအား အမာခံတံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ သိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက အဆိုပါ သစ်သားတံတားကို ပေ ၆၀ အရှည်ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ငပုတောမဲဆန္ဒနယ်မှ ဦးသန်းအောင်၏ ငပုတောမြို့နယ် ချောင်းဝကျေးရွာနှင့် အောက်သောင်းကျေးရွာသို့ ဆက်သွယ်သော ပျက်စီးနေသည့် တံတားအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အမီ ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက အဆိုပါ သစ်သားတံတားသည် ချောင်းဝကျေးရွာအတွင်းရှိ အိမ်ခြေ ၆၄၅ အိမ်၊ လူဦးရေ ၂၂၀၀ ကျော်တို့အား အကျိုးပြုသည့် တံတားဖြစ်ပါကြောင်း၊ အဆိုပါ တံတား အသစ်ပြန်တည်ဆောက်ရန်အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေတင်ပြထားခြင်း မရှိပါသဖြင့် အဆိုပါ သစ်သားတံတားကို ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး တံတားအသစ်တည်ဆောက်ခြင်းလုပ်ငန်းကို နောက်ပိုင်း ဘဏ္ဍာနှစ်များကာလတွင် ရန်ပုံငွေတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။


## ထီးချိုင့်မြို့နယ်ရှိ ခုတင် ၅၀ ဆံ့ ဆေးရုံသစ်အား ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ပြောင်းရွှေ့ဖွင့်လှစ်နိုင်ရန် ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိ

ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင်၏ ထီးချိုင့်မြို့နယ်ရှိ ခုတင် ၅၀ ဆံ့ ဆေးရုံသစ်အား မည်သည့်အချိန်တွင် ဖွင့်လှစ်မည်နှင့် လက်ရှိအသုံးပြုနေသော ဆေးရုံဟောင်းအား မည်သို့ဆက်လက် အသုံးပြုမည်ကို သိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ထီးချိုင့်မြို့နယ် ခုတင် ၅၀ ဆံ့ ဆေးရုံသစ်မြေနေရာတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က တိုးချဲ့နှစ်ထပ်လူနာဆောင်နှင့် ခြောက်ခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာ အဆောက်အအုံများအား ဆောက်လုပ်ပေးခဲ့ပြီး တိုးချဲ့နှစ်ထပ် အဆောက်အအုံလူနာဆောင် သီးသန့်ဖြစ်၍ ကုသရေးဝန်ဆောင်မှုများ ဆောင်ရွက်ရန် အဆောက်အအုံထပ်မံလိုအပ်သည်ကို စိစစ်တွေ့ရှိပါကြောင်း၊ ကုသရေးအတွက် လိုအပ်သည့် ခွဲစိတ်ခန်း၊ သားဖွားခန်း၊ ဓာတ်မှန်ခန်းပါ နှစ်ထပ်အဆောက်အအုံ ဆောက်လုပ်ရန် ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်၌ ခွင့်ပြုငွေ ငွေကျပ် ၁၇၇ ဒသမ ၃၀၀ သန်းနှင့် ၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ်၌ လျာထားငွေကျပ် ၃၉၉ ဒသမ ၅၀၀ သန်းပါရှိပြီး ဆောက်လုပ်လျက်ရှိပါကြောင်း၊ ခုတင် ၅၀ ဆံ့ ဆေးရုံသစ်အား ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ပြောင်းရွှေ့ဖွင့်လှစ်နိုင်ရန် ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိနေပါကြောင်း။

လက်ရှိအသုံးပြုလျက်ရှိသော ဆေးရုံဟောင်းတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရောဂါတိုက်ဖျက်ရေးဌာန၊ မိခင်နှင့်ကလေး ကျန်းမာရေးဌာန၊ ကျောင်းကျန်းမာရေးဌာန၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာန၊ ကျန်းမာရေး အသိပညာမြှင့်တင်ရေးဌာန၊ တီဘီရောဂါတိုက်ဖျက်ရေးဌာန၊ ခုခံကျကာလသားရောဂါတိုက်ဖျက်ရေးဌာန၊ အာဟာရ ဖွံ့ဖြိုးရေးလုပ်ငန်း၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း၊ ဆီးချို၊ သွေးတိုးရောဂါ တိုက်ဖျက်ရေးလုပ်ငန်း၊ ဖွားသေစာရင်းလုပ်ငန်းများနှင့်အတူ ပြင်ပလူနာကုသရေးဌာနအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ပခုက္ကူ မဲဆန္ဒနယ်မှ ဦးပိုက်ကို၏ ပခုက္ကူမြို့နယ် မန်ကျည်းပင်ပုကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က မန်ကျည်းပင်ပုကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ အသစ်တိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခဲ့ရာ ဝန်ကြီးဌာနက စီမံကိန်းနှင့် ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့သို့ ဝန်ထမ်းအင်အား၊ ဖွဲ့စည်းပုံအဆိုပြုချက်နှင့်အတူ ညှိနှိုင်းပေးပို့ထားပြီးဖြစ်ပါကြောင်း၊ သို့ရာတွင် ပြည်ထောင်စုဝန်ကြီးဌာနများက အမှုတွဲတင်ပြရာတွင် အချိန်ကြန့်ကြာမှုမရှိစေရန် One Stop Service ပုံစံနှင့် ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ထုတ်ပြန်ထားသော မူဝါဒနှင့် လုပ်ငန်းစဉ်များအား ပြင်ဆင်ထုတ်ပြန်နိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၎င်းမူဝါဒအသစ် အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးမှသာ မူဝါဒအသစ်နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်းကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ အကြောင်းပြန်ကြားလာပါကြောင်း၊ သို့ပါ၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ မူဝါဒအမိန့်ကြော်ငြာစာထုတ်ပြန်ပြီးမှသာ ပခုက္ကူမြို့နယ် မန်ကျည်းပင်ပုကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲအသစ် တိုးချဲ့ဖွင့်လှစ်ခွင့်ရရှိရန် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။


ဒုတိယဝန်ကြီး
ဦးတင်မြင့်


ဒုတိယဝန်ကြီး
ဒေါက်တာကျော်လင်း


လက်ပံတန်းမဲဆန္ဒနယ်မှ
ဦးကျော်မင်း


မြန်အောင်မဲဆန္ဒနယ်မှ
ဦးခင်မောင်လတ်

ဆက်လက်၍ ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး၏ ကလေးမြို့နယ်အတွင်း မြစ်သာမြစ်အရှေ့ဘက်ခြမ်းရှိ ကျေးရွာချင်းဆက်လမ်းပိုင်းများအား တစ်ဆက်တစ်စပ်တည်းသွားလာနိုင်ရေးအတွက် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းကလည်းကောင်း၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်း၏ ရွှေပြည်သာမြို့နယ်တွင် ဘောလုံးကွင်းနှင့် ယှဉ်တွဲ၍ လေ့ကျင့်ရေးပစ္စည်းများနှင့်အတူ ပြေးခုန်ပစ် အားကစားကွင်းတစ်ကွင်းကို ၂၀၂၀-၂၀၂၁ ဘတ်ဂျက်နှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း၊ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအေဇင်လတ်၏ ကျန်းမာရေးနှင့် ညီညွတ်သော သောက်ရေသန့်အား ထုတ်လုပ်ဖြန့်ဖြူးသယ်ယူရောင်းချခြင်းစနစ်ဖြစ်စေရန် မည်သို့ပညာပေး ကြီးကြပ်ဆောင်ရွက်နေသည်ကို သိလိုခြင်းမေးခွန်းနှင့် လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း၏ မြန်မာနိုင်ငံ၏ ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဖွံ့ဖြိုးမှုဆိုင်ရာ (၅)နှစ် စီမံကိန်း (Multi Sectoral National Plan of Action on Nutrition MS–NPAN) ဆောင်ရွက်နေမှုများကို သိလိုခြင်းမေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်ကလည်းကောင်း ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသည့် ရေနံစူးစမ်းရှာဖွေခြင်း၊ ရေနံတူးဖော်စမ်းသပ်ခြင်းနှင့် ရေနံထုတ်လုပ်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် အတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

## ပြည်သူလူထုအတွင်း ကျန်းမာရေးဆိုင်ရာ အသိပညာများ ထိထိရောက်ရောက်၊ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးခြင်းဖြင့် ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း မြှင့်တင်ပေးပါရန် တိုက်တွန်းကြောင်း အဆို ဆွေးနွေး

ယင်းနောက် ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမင်း တင်သွင်းသည့် ပုဂ္ဂလိက ပြင်ပဆေးကုခန်းဆရာဝန် (G.P General Practitioner– အထွေထွေရောဂါကုဆရာဝန်)များ၊ အခြားကျန်းမာရေးဆိုင်ရာပညာရှင်များနှင့် ဒေသတွင်း စိတ်ပါဝင်စားသူများပါဝင်သည့် စား/သုံး/နေထိုင်မှုဆိုင်ရာ ကျန်းမာရေး အသိပညာပေး အဖွဲ့ကဲ့သို့သော အဖွဲ့များဖွဲ့စည်း၍ ပြည်သူလူထုအတွင်း ကျန်းမာရေးဆိုင်ရာ အသိပညာများ ထိထိရောက်ရောက်၊ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးခြင်းဖြင့် ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုးက ကူးစက်တတ်သောရောဂါမဟုတ်သည့် ရောဂါအများစုသည် လူတို့၏ အပြုအမူအနေအထိုင်၊ အစားအသောက်၊ ဘဝနေထိုင်မှုပုံစံနှင့် များစွာပတ်သက်နေပါကြောင်း၊ မြန်မာနိုင်ငံတွင်ရှိသည့် ကျန်းမာရေးပြဿနာသည် ဆင်းရဲမွဲတေမှု၊ ဆေးရုံ၊ ဆေးခန်း၊ ဆေးဝါးလက်လှမ်းမမီမှုအပြင် ကျန်းမာရေးဗဟုသုတအပေါ်တွင်လည်း များစွာပတ်သက်နေသည့်အတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းအားဖြင့် ဖြည့်ဆည်းပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ထို့ပြင် ဒေသကို အခြေခံ၍ အလိုအပ်ဆုံးသော ပညာပေးလုပ်ငန်းများ၊ ကာကွယ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ရောဂါဖြစ်ပွားမှုနှုန်း၊ သေဆုံးမှုနှုန်းကို လျှော့ချစေနိုင်မည်ဖြစ်ပါကြောင်း အကြံပြုထောက်ခံဆွေးနွေးသည်။

တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးစိုင်းအိုက်လှက ကျန်းမာရေးမြှင့်တင်ရန် ကောင်းမွန်သော မြို့ပြစနစ်ကို တည်ထောင်ရန် လိုအပ်ပါကြောင်း၊ ကျန်းမာရေးနှင့် ညီညွတ်သည့် အားကစားလုပ်နိုင်သည့် လမ်းများ၊ အပန်းဖြေနေရာများ များစွာရှိနိုင်ရန်အတွက် ဒီဇိုင်းရေးဆွဲခြင်း၊ လေထု၊ ရေထု ညစ်ညမ်းမှုနည်းပါးအောင် ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ကျန်းမာရေးဆိုင်ရာ အသုံးစရိတ်များကို ဘဏ္ဍာနှစ်အလိုက် တိုးမြှင့်သုံးစွဲနေသော်လည်း ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးကဏ္ဍတို့တွင် သုံးစွဲသည့် အသုံးစရိတ်တို့ကို ညီညွတ်မျှတရန်အတွက် ဘဏ္ဍာနှစ်အလိုက် ရေရှည်တည်တံ့ခိုင်မြဲသည့် မူဝါဒချမှတ်ရန်ကိုလည်း အကြံပြုလိုပါကြောင်း၊ ကျန်းမာရေးမြှင့်တင်ခြင်းသည် ကျယ်ပြန့်ပြီး Community Level တစ်ခုတည်း မဟုတ်ဘဲ နိုင်ငံတော်အဆင့် ပြည့်စုံသော မူဝါဒများချမှတ်ပြီး ဝန်ကြီးဌာနများ ချိတ်ဆက်၍ ကောင်းမွန်လက်တွေ့ကျသော ဥပဒေများအပြင် နည်းပညာအကူအညီများကို ရယူဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

အလားတူ စေတုတ္တရာ မဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၊ ဆိပ်ဖြူ မဲဆန္ဒနယ်မှ ဦးအောင်သိုက်နှင့် တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်တို့က ဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ဝန်ကြီးဌာန၏ ကျန်းမာရေးရည်မှန်းချက်များဖြစ်သည့် လူတိုင်းသက်တမ်းစေ့အသက်ရှည်စွာ နေနိုင်ရေးနှင့် လူတိုင်းရောဂါဘယကင်းရှင်းရေးတို့ကို ရရှိနိုင်ရေးအတွက် အကောင်အထည်ဖော်လျက်ရှိသော နည်းဗျူဟာများအနက် ပထမဦးစားပေးနည်းဗျူဟာသည် ကျေးလက်ဒေသအောက်ခြေအထိ ကျန်းမာရေးအသိပညာပေးလုပ်ငန်းဖြစ်ပါကြောင်း၊ ပြင်ပဆရာဝန်များနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံဆရာဝန်အသင်း၊ အထွေထွေရောဂါကုဆရာဝန်များအဖွဲ့နှင့် တွဲဖက်၍ ကျန်းမာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံဆရာဝန်အသင်းက ဆောင်ရွက်နေသည့် စီမံချက်လုပ်ငန်းများတွင် ကျန်မာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်းများကို အမြဲတစေပါဝင်စေလျက် စဉ်ဆက်မပြတ် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျန်းမာရေးနှင့်သက်ဆိုင်သည့် သတိပေးနှိုးဆော်ချက်များ၊ ပညာပေးဓာတ်လမ်းတိုများ၊ အဓိကအသိပေးလိုသော အကြောင်းအရာများကို ပြန်ကြားရေးဝန်ကြီးဌာန MRTV၊ မြန်မာ့အသံရေဒီယို၊ တိုင်းရင်းသားအသံလွှင့်အစီအစဉ်များ၊ FM ရေဒီယိုများ၊ ဒေသဆိုင်ရာ FM ရေဒီယိုများနှင့် ညှိနှိုင်းပေါင်းစပ်ပြီး ပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာန၏ Facebook စာမျက်နှာ၊ ဝန်ကြီးဌာနရှိ ဦးစီးဌာနများ၊ ဆေးနှင့် ဆေးနီးနွယ် တက္ကသိုလ်များ၊ ကျန်းမာရေးစီမံချက်များ၏ Facebook နှင့် Viber စာမျက်နှာများ၊ ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာများတွင် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများကို Online မှတစ်ဆင့် ကျယ်ပြန့်စွာ ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် အဆိုအား မှတ်တမ်းတင်သင့်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ သဘောထားကို မေးမြန်းရာ အဆိုရှင်က မှတ်တမ်းတင်ပေးပါရန် ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအား မှတ်တမ်းတင်ရန် လွှတ်တော်၏ သဘောထားကိုရယူရာ သဘောမတူသူမရှိသည့်အတွက် မှတ်တမ်းတင်မည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ဩဂုတ် ၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

## ဝေန်မြစ်ရေ သာပေါင်းမြို့၌ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၄

ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ သာပေါင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**



ပြည်ထောင်စုဝန်ကြီး
ဦးဟန်ဇော်



ဒုတိယဝန်ကြီး
ဦးလှကျော်



စစ်ကိုင်းတိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး



တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၂) မှ ဦးသက်နိုင်စိုး

❖ ကျောဖုံးမှ

လမ်းပိုင်းများအား နောင်လာမည့် ဘဏ္ဍာနှစ်များတွင် ရန်ပုံငွေဆက်လက်လျာထားတင်ပြပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလင်းတင်ဌေး၏ မွန်ပြည်နယ် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ်အတွင်းရှိ ကျေးရွာတချို့၌ လိုအပ်လျက်ရှိသော စာသင်ကျောင်းဆောင်များကို ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ချောင်းဆုံမြို့နယ်တွင် ကျောင်းပေါင်း ကိုးကျောင်းရှိပါကြောင်း၊ ယင်းကိုးကျောင်းအနက် တကူပတီခြံ အခြေခံပညာမူလတန်းကျောင်းတွင် အန္တရာယ်ရှိကျောင်းဆောင်အား ဖျက်သိမ်းပြီး ပေ(၉၀ x ၃၀) Steel Structure တစ်ထပ်ကျောင်းဆောင်သစ် တစ်ဆောင်၊ တကူပတီ အခြေခံပညာမူလတန်းကျောင်းတွင် အန္တရာယ်ရှိကျောင်းဆောင်အား ဖျက်သိမ်းပြီး ပေ(၉၀ x ၃၀) RCC နှစ်ထပ်ကျောင်းဆောင် တစ်ဆောင်၊ မုကွဲအခြေခံပညာမူလတန်းကျောင်းတွင် အန္တရာယ်ရှိကျောင်းဆောင်အား ဖျက်သိမ်းပြီး ပေ(၇၀ x ၃၀)RCC နှစ်ထပ်ကျောင်းဆောင်သစ် တစ်ဆောင် အသီးသီးဆောက်လုပ်ပေးရန် လာမည့် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေတွင် လျာထားဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ဆက်လက်၍ လိုအပ်ချက်ရှိနေသည့် အခြေခံပညာကျောင်းခြောက်ကျောင်းတွင်လည်း ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးရန် လာမည့် ၂၀၂၁ –၂၀၂၂ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ရန်ပုံငွေတွင် မြို့နယ်ဦးစားပေးအစီအစဉ်အရ ထည့်သွင်းလျာထားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းဖြေကြားသည်။

**ခွါဖိုးကျေးရွာရေရရှိရေးလုပ်ငန်းအား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြည်နယ်ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထားပြီးဖြစ်**

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း၏ ချင်းပြည်နယ် ထန်တလန်မြို့နယ် လုံဇာရ်ကျေးရွာအုပ်စု ခွါဖိုးကျေးရွာသည် ရေရှားပါးနေပါသဖြင့် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ်တွင် သောက်ရေသန့် သွယ်ယူပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ကျေးရွာနေပြည်သူများ သောက်သုံးရေရရှိရေးအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် စိမ့်စမ်းရေသွယ်လုပ်ငန်းကို အရှည် သုံးမိုင်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ လက်ရှိရေရယူသုံးစွဲလျက်ရှိသည့် စိမ့်စမ်းရေသည် နွေရာသီတွင် ရေထွက်နှုန်းလျော့ပြီး သောက်သုံးရေမလုံလောက်သည့် အနေအထားဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ ခွါဖိုးကျေးရွာရေရရှိရေးလုပ်ငန်းအား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြည်နယ်ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၏ ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ်အတွင်းရှိ တာလီရေလွှဲဆည်အား နီးစပ်ရာဘဏ္ဍာနှစ်တွင် အမြန်ဆုံးပြုပြင်တည်ဆောက်ပေးနိုင်ရန်အတွက် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က တာလီရေလွှဲဆည်တည်ဆောက်ပေးနိုင်ရန်အတွက် အကြိုပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့်ရန်ပုံငွေကို ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ်တွင် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေ (ငွေလုံးငွေရင်း) အသုံးစရိတ်လျာထားချက်စာရင်းတွင် ထည့်သွင်းထားပြီး ဖြစ်ပါကြောင်း၊ ရေလွှဲဆည်တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၁ – ၂၀၂၂ ဘဏ္ဍာနှစ်တွင်လည်းကောင်း၊ ဆည်ရေသောက်စနစ်တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၂ – ၂၀၂၃ ဘဏ္ဍာနှစ်တွင်လည်းကောင်း နှစ်အလိုက် အသီးသီး အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ရည်မှန်းထားသည့် အခြေအနေများဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင် ၏ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့နယ်တွင် အဆင့်မီစက်မှုလယ်ယာထွန်စက်စခန်းတစ်ခု ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ဟိုပန်မြို့နယ်တွင် အဆင့်မီ စက်မှုလယ်ယာထွန်စက်စခန်းတစ်ခု ဆောက်လုပ်ပေးရန် မိမိဌာန၏ လက်ရှိဖွဲ့စည်းပုံအင်အားအခြေအနေနှင့် စခန်းသစ်များ တိုးချဲ့နိုင်ခြင်းမရှိသေးသည့် အခြေအနေရှိနေပါကြောင်း၊ ဟိုပန်မြို့နယ်အတွက် ကွမ်းလုံစက်မှုလယ်ယာစခန်းမှ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည့်အတွက် လတ်တလောတွင် စက်မှုလယ်ယာ ထွန်စက်စခန်းတစ်ခု ဆောက်လုပ်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) မှ ဦးသက်နိုင်စိုး၏ တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ်နှင့် ဆက်စပ်လျက်ရှိသည့် မြန်မာ့ပင်လယ်ပြင်တွင် ငါးဖမ်းဆီးလျက်ရှိသည့် ငါးနီတူ (ပလာကျင်းကျန်) ငါးဖမ်းလှေများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြမင်းဆွေ၏ ပခုက္ကူမြို့နယ်ရှိ တန့်ကြည့်တောင် စိမ်းလန်းစိုပြည်ရေးအတွက် တန့်ကြည့်တောင်တန်းတစ်လျှောက်တွင် တစ်ဖက်ပိတ်ရေလှောင်တမံများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းတို့နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ပေးပို့သော ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလာခြင်းအား လွှတ်တော်သို့ အသိပေးတင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ပြင်ဆင်သည့် နည်းဥပဒေများအား ပြင်ဆင်ချက်အဆိုနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲများကို အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ဩဂုတ် ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ရဲသွင်(သတင်းစဉ်)

# တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် လေးဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၄၆ / ၂၀၂၀ )**
၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၄ ရက် )
**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးဦးကို အမည်စာရင်း ပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈.၁.၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁/၂၀၁၆)၊ ၂၆.၁.၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂/၂၀၁၇)၊ ၁၆.၅.၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၈/၂၀၁၇) နှင့် ၁၄.၁၁.၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၉/၂၀၁၇) တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်–

| | | | |
|---|---|---|---|
| (၁) | ကြည်း ၁၈၁၉၀<br>ဗိုလ်ချုပ်တင်ဆွေဝင်း | အစား | ကြည်း ၁၈၈၃၄<br>ဗိုလ်ချုပ်အောင်မျိုးထွန်း |
| (၂) | ကြည်း ၁၈၆၄၅<br>ဗိုလ်မှူးချုပ်နိုင်ဝင်း | အစား | ကြည်း ၂၆၉၃၆<br>ဒုတိယဗိုလ်မှူးကြီးနိုင်လင်း |
| (၃) | ကြည်း ၁၇၉၈၉<br>ဗိုလ်မှူးကြီးခင်မောင်ချို | အစား | ကြည်း ၂၉၁၄၉<br>ဒုတိယဗိုလ်မှူးကြီးရန်နိုင်ကျော် |
| (၄) | ရေ ၃၆၈၉<br>ဗိုလ်မှူးအောင်ကျော်နှင်း | အစား | ရေ ၃၈၉၀<br>ဗိုလ်မှူးထွန်းထွန်းလတ် |

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် တစ်ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၄၇ / ၂၀၂၀ )**
၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၄ ရက် )
**တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၁. ၈. ၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၀/၂၀၁၇) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်–

| | | |
|---|---|---|
| ကြည်း ၁၈၆၃၇<br>ဗိုလ်မှူးကြီးအောင်လွင် | အစား | ကြည်း ၂၃၀၅၇<br>ဗိုလ်မှူးကြီးအောင်ကျော်ထွန်း |

(လှသိန်း )
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ဓနုဖြူမြို့ရှိ စပါးစိုက်ခင်း ဧက ၂၂၀ သို့ ငါးမျိုးများစိုက်ထည့်

ဓနုဖြူ ဩဂုတ် ၄

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသယံဇာတများ ရေရှည်တိုးပွားစေရေးနှင့် ငါးမျိုးစိတ်များ မျိုးတုံးပျောက်ကွယ်မှု မရှိစေရေးအတွက် စပါးစိုက်ခင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို ယနေ့ နံနက် ၉ နာရီက နန်းတော်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးစံပြစပါးစိုက်ခင်း၌ ကျင်းပသည်။

ငါးမျိုးစိုက်ထည့်ရာသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ဦး၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်မင်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လယ်သမားကြီးများနှင့် ကျောင်းသား ကျောင်းသူများက ထိုင်းငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ၇၀၀၀၀၊ တီလားဗီးယား ငါးသားပေါက်ကောင်ရေ ၄၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၁၁၀၀၀၀ တို့ကို နန်းတော်ကုန်းကျေးရွာအုပ်စုရှိ စပါးစိုက်ခင်း ဧက ၂၂၀ အတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများအား ငါးသယံဇာတထိန်းသိမ်းရေးစာအုပ်များ ပေးအပ်ခြင်းနှင့် သရုပ်ပြစိုက်ခင်း



၁၀ ဧကတွင် ငါးခိုမြောင်း၊ ငါးခိုကျင်းများပြုလုပ်၍ ငါးထည့်သွင်းမွေးမြူထားခြင်းကို တောင်သူများ လေ့လာနိုင်စေရန် သရုပ်ပြမွေးမြူပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ငဝန်မြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိ

နေပြည်တော် ဩဂုတ် ၄

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ပေ၀က်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ **မိုး/ဇလ**

# ၄-၈-၂၀၂၀၊ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှတ်တမ်း

## ကျန်းမာရေးနှင့်ညီညွတ်သော သောက်ရေသန့်များ ထုတ်လုပ်ဖြန့်ဖြူး သယ်ယူရောင်းချခြင်းစနစ်ဖြစ်စေရန် မည်သို့ပညာပေး ကြီးကြပ်ဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း

**ဥက္ကဋ္ဌ။** ။ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်အေဇင်လတ်(ရွှေဘိုမဲဆန္ဒနယ်)။** ။ လေးစားရတဲ့ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ယနေ့ကျွန်မမေးမြန်းမယ့် မေးခွန်းက ကျန်းမာရေးနှင့်ညီညွတ်သော သောက်ရေသန့်များ ထုတ်လုပ်ဖြန့်ဖြူး သယ်ယူရောင်းချခြင်းစနစ်ဖြစ်စေရန် မည်သို့ပညာပေးကြီးကြပ်ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌကြီးရှင်။** ။ ဒီမေးခွန်းမေးမြန်းဖို့အတွက် ကျွန်မအနေနဲ့ ပထမဦးစွာမေးမြန်းရတဲ့ ရည်ရွယ်ချက်ကို အကျဉ်းမျှ ဆွေးနွေးပါရစေ။ ၂၀၁၁ ခုနှစ်တုန်းက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က ပြောပါတယ်။ လူတွေသောက်သင့်တဲ့ရေသန့်ဆိုလို့ရှိရင် အချက်လေးချက်နဲ့ညီညွတ်သင့်တယ်လို့ ဆိုပါတယ်။ အဲဒါကဘာလဲဆိုတော့ ပထမဦးဆုံးအချက်အနေနဲ့ အဏုဇီဝပိုးမွှားဆိုင်ရာရှုထောင့်ကနေကြည့်မယ်ဆိုလို့ရှိရင် လူတွေရဲ့ ဘေးဥပဒ်ဖြစ်စေတဲ့ ပိုးမွှားတွေမပါဝင်ဖို့၊ နံပါတ်(၂)အချက်အနေနဲ့ ဓာတ်သတ္တုဆိုင်ရာ ရှုထောင့်ကကြည့်မယ်ဆိုလို့ရှိရင်လည်း လူတွေအတွက် ကျန်းမာရေးကို အဆိပ်သင့်စေနိုင်တဲ့ဓာတ်သတ္တုတွေ ရေထဲမှာပျော်ဝင်မနေစေဖို့နဲ့ ရေရှည်မှာကင်ဆာအဖြစ် ပြောင်းလဲစေနိုင်တဲ့ ဓာတ်သတ္တုတွေ ရေထဲမှာ မပျော်ဝင်စေဖို့လိုတယ်လို့ ဆိုပါတယ်။ နံပါတ်(၃)အချက်အနေနဲ့ ရေဒီယို ဓာတ်ကြွမှုဆိုင်ရာရှုထောင့်ကကြည့်မယ်ဆိုလို့ရှိရင်လည်း ရေဒီယိုဓာတ်ကြွပစ္စည်းတွေဟာ ရေထဲမှာပါဝင်မနေစေဖို့လိုတယ်လို့ ဆိုပါတယ်။ နံပါတ်(၄) အချက်အနေနဲ့ ရေရဲ့အရောင်၊ အနံ့၊ အဆင်း၊ အရသာဟာလည်း လူတွေလက်ခံနိုင်ဖွယ်ရာ ဖြစ်ရမယ်လို့ဆိုပါတယ်။ အဲဒီတော့ ကျွန်မဒီနေ့ မေးမြန်းတဲ့ မေးခွန်းက ကျွန်မတို့ နိုင်ငံရဲ့ဈေးကွက်မှာ ယနေ့ရေသန့်ဆိုပြီးရောင်းချနေတဲ့၊ ပြည်သူတွေ တန်ဖိုးတစ်ခုပေးပြီးတော့ ဝယ်ယူသောက်သုံးနေရတဲ့ ရေသန့်တွေဟာ အထက်ပါအချက်လေးချက်နဲ့ တတ်အားသရွေ့ ညီညွတ်စေဖို့အတွက် ကျွန်မရဲ့မေးခွန်းက ရည်ရွယ်တာဖြစ်ပါတယ်။

**ဥက္ကဋ္ဌကြီးရှင်။** ။ ဒီလိုကျန်းမာရေးနှင့် ညီညွတ်တဲ့ရေသန့်များကို ပြည်သူများအနေနဲ့ ဝယ်ယူသောက်သုံးခွင့်ရဖို့ဆိုတာကလည်း ဒီရေသန့်တွေ ထုတ်လုပ်၊ ဖြန့်ဖြူး၊ သယ်ယူ၊ ရောင်းချတဲ့ စနစ်အဆင့်ဆင့်တွေမှာ ကျန်းမာရေးနှင့်ညီညွတ်နိုင်တဲ့ လိုက်ပါဆောင်ရွက်နိုင်ဖွယ်ရာများကို လိုက်ပါဆောင်ရွက်နိုင်မှသာလျှင် ကျွန်မတို့က ဒီအခွင့်အရေးကို ရရှိမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီစနစ်အဆင့်ဆင့်မှာ ကျွန်မတို့ ဘယ်လိုကြီးကြပ်ဆောင်ရွက်နေတာလဲ။ ဒါကို ပြည်သူလူထုသိရှိဖို့နဲ့ ကျွန်မတို့သတိပြုနိုင်ဖို့အတွက် ကျွန်မအနေနဲ့ ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါကြောင်း ထပ်မံရှင်းလင်းအပ်ပါတယ်။ အဲဒီတော့ ကျွန်မတို့ ဥပမာအနေနဲ့ဆိုရင် ရေသန့်တွေထုတ်လုပ်တဲ့အခါမှာ ဒီရေသန့်တွေမှာပါဝင်တဲ့ ဘက်တီးရီးယားပိုးမွှားတွေကို အတိုင်းအတာတစ်ခုအထိ လျော့ကျနည်းပါးသေစေဖို့အတွက်ဆိုရင် စက်ရုံတွေမှာသုံးတဲ့နည်းလမ်းတွေက Ozone Generator ဒါမှမဟုတ်ရင် UV မီးချောင်းတွေကို သုံးတယ်လို့ ကျွန်မလေ့လာသိရှိရပါတယ်။ အဲဒီတော့ ဒီမှာသုံးတဲ့ UV မီးချောင်းတွေဟာ တချို့နားမလည်တဲ့ဒေသတွေမှာဆိုလို့ရှိရင် အလှမွေးငါးကန်တွေမှာသုံးတဲ့ မီးချောင်းတွေနဲ့ ရောညှပ်ပြီးသုံးခြင်းဟာ အင်မတန်မှအန္တရာယ်များပါတယ်။ နောက် ဒီ UV မီးချောင်းတွေရဲ့အာနိသင်ဟာ အချိန်အတိုင်းအတာတစ်ခုကို ရောက်တဲ့အခါမှာ ပိုးမွှားတွေသေစေတဲ့အစွမ်းကလည်း အာနိသင်က နည်းပါးတတ်ပါတယ်။ အဲဒါကြောင့်မို့လို့ အချိန်အတိုင်းအတာတစ်ခုရောက်တိုင်း ဒီမီးချောင်းတွေဟာ လဲလှယ်ပြီးတော့သုံးရမှာဖြစ်ပါတယ်။ အဲဒီတော့ ဒီမီးချောင်းများကို အဲဒီလိုမျိုးမလဲလှယ်ဘဲနဲ့ မီးချောင်းကျွမ်းမှသာသုံးလို့ရှိရင် ဒီစက်ရုံက ထွက်လာတဲ့ရေသန့်တွေဟာ ဘက်တီးရီးယားပိုးမွှားတွေ မပါဝင်တဲ့ ရေသန့်များဖြစ်ဖို့ဆိုတာက စိတ်မချရတော့ပါဘူး။ ဒါကြောင့်မို့လို့ ထုတ်လုပ်ခြင်းအဆင့်မှာလည်း ဒါကိုကြီးကြပ်ဖို့ လိုက်နာကြဖို့အတွက် လိုအပ်နေတယ်ဆိုတာကို ကျွန်မက ဆွေးနွေးလိုခြင်း ဖြစ်ပါတယ်။

ဒီရေသန့်စက်ရုံမှာ အသုံးပြုတဲ့ရေသန့်ဘူးတွေကို နောက်ဆုံးသန့်စင်ရမယ့်ရေဟာ ရေသန့်နဲ့ သာသုံးရမယ်ဆိုပေမယ့်လည်း ဒီသတ်မှတ်ချက်ကို လိုက်နာတဲ့စက်ရုံတွေဟာလည်း အတိုင်းအတာတစ်ခုပဲရှိတယ်လို့ ကျွန်မလေ့လာသိရှိရပါတယ်။ ကျွန်မတို့အနေနဲ့ ထပ်မံလေ့လာကြည့်တဲ့အခါမှာ ရေသန့်စက်ရုံတွေမှာ ဒီစက်ရုံက အစဉ်သဖြင့်ထွက်ရှိလာတဲ့ ရေသန့်တွေကို အစဉ်တစိုက် ထိန်းသိမ်းပြီးတော့ ဓာတ်ခွဲနေတာမျိုးကို ပြုလုပ်လေ့မရှိကြဘဲနဲ့ ဒီရေသန့်များကို FDA ထောက်ခံချက်ရဖို့အတွက် ဆောင်ရွက်စဉ်ကပဲ ရေသန့်ဓာတ်ခွဲမှုကိုပြုလုပ်လေ့ရှိကြတယ်လို့လည်း သိရှိရပါတယ်။ ဒါကြောင့်မို့လို့ ရေသန့်စက်ရုံများမှာ မိမိတို့စက်ရုံတွေက ထွက်ရှိလာတဲ့ရေသန့်ကို အစဉ်တစိုက် အရည်အသွေးကိုစစ်ဆေးပြီးတော့ ဓာတ်ခွဲနိုင်တဲ့၊ မှတ်တမ်းတင်တဲ့ ဌာနများလည်းရှိသင့်ဖို့အတွက်လည်း တိုက်တွန်းလမ်းညွှန်ပေးဖို့လိုတဲ့အတွက်လည်း ကျွန်မမေးမြန်းရခြင်းဖြစ်ပါတယ်။



ရွှေဘိုမဲဆန္ဒနယ်မှ
ဒေါက်တာဒေါ်အေဇင်လတ်



ဒုတိယဝန်ကြီး
ဒေါက်တာဒေါ်မြလေးစိန်

သယ်ယူဖြန့်ဖြူးရောင်းချတဲ့စနစ်မှာ ဆိုလို့ရှိရင်လည်း ရေတွေကို နေရောင်ခြည်နဲ့တိုက်ရိုက် အချိန်အကြာကြီးမထိတွေ့စေဖို့လည်း လမ်းညွှန်ဖို့လိုအပ်လာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နေရောင်ခြည်နဲ့ကြာရှည်စွာထိတွေ့ရလို့ရှိရင် ရေတွေကနေပြီးတော့ ဓာတ်တိုးမှုများဖြစ်ပေါ်လာပြီးတော့ တချို့ဓာတ်ပေါင်းတွေဟာ ရေရှည်မှာ ကင်ဆာဖြစ်နိုင်တယ်ဆိုတဲ့ အထောက်အထားတွေလည်း သိရှိလာရတဲ့အတွက်ကြောင့်မို့လို့ ဖြစ်ပါတယ်။ ကျွန်မကို Power Point အသုံးပြုခွင့်ပေးပါရှင်။ ကျွန်မ ဒီမှာပြသထားတာကတော့ ရေမသန့်ရှင်းမှုကြောင့် ဖြစ်ပေါ်လာတဲ့ ရောဂါတွေ ဖြစ်ပါတယ်။ ဒီနေရာမှာ အင်္ဂလိပ်စာလုံးများနှင့်ပဲ ကျွန်မဖော်ပြထားခြင်းကို ခွင့်ပြုပေးဖို့ တောင်းပန်အပ်ပါတယ်။ ဒါကလည်း ရေကြောင့် ဖြစ်ပွားလေ့ရှိတဲ့အဖြစ်များတဲ့ ရောဂါတွေကို ကျွန်မပြသထားတာပဲဖြစ်ပါတယ်။ ဒါကလည်း ရေမှာပါဝင်တဲ့ ဓာတ်သတ္တုတွေကြောင့်မို့လို့ ဓာတုပစ္စည်းတွေကြောင့်မို့လို့ဖြစ်တဲ့၊ ဖြစ်နိုင်တဲ့နေရာတွေပြသထားတာဖြစ်ပါတယ်။ ဒါကလည်း ရေမှာပါဝင်တဲ့၊ အဖြစ်များတဲ့ ခဲ၊ မာကျူရီ၊ အာဆင်းနစ် ဓာတ်ပေါင်းတွေပါရင် လူတွေမှာ ဖြစ်နိုင်တာကို ပြသထားတာ ဖြစ်ပါတယ်။ ဒါကတော့ ရေကိုသယ်ယူတဲ့အခါမှာ ဒီလိုစနစ်ကိုလုပ်သင့်တာကို ပြသထားတာဖြစ်ပါတယ်။ ဒါကလည်း ရေကိုကျန်းမာရေးနဲ့ညီညွတ်ဖို့အတွက် သယ်ယူခြင်းစနစ် အသုံးပြုရာမှာ ပြသထားတာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ အဲဒီတော့ ကျွန်မ ဒီမှာဆွေးနွေးတဲ့ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ရေသန့်စနစ်ကို ထုတ်လုပ်ဖြန့်ဖြူးသယ်ယူတဲ့အခါမှာ ကုန်ကျစရိတ်တွေလည်း ရှိလာမှာဖြစ်တဲ့အတွက် နိုင်ငံတော်အနေနဲ့ကလည်း လိုအပ်တဲ့ပံ့ပိုးကူညီမှု၊ ဖြေလျှော့မှုတွေဆောင်ရွက်ပေးသင့်သလို ကြီးကြပ်လမ်းညွှန်ဖို့လည်းလိုအပ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မအနေနဲ့ အထက်ပါ မေးခွန်းကို မေးမြန်းလိုက်ရပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဒေါ်မြလေးစိန်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။

ရွှေဘိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအား ကျွန်မဒေါက်တာဒေါ်မြလေးစိန်က ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်ရှင်။ ကျွန်မတို့အနေနဲ့ သောက်ရေသန့်လုပ်ငန်းတွေကို ဆောင်ရွက်တဲ့အခါမှာ ထုတ်လုပ်ဖြန့်ဖြူးသယ်ယူရောင်းချတဲ့အခါမှာ ကျန်းမာရေးနှင့်ညီညွတ်သော ထုတ်လုပ်ဖြန့်ဖြူး သယ်ယူရောင်းချခြင်းစနစ်ဖြစ်စေရန် မည်သို့ပညာပေးကြီးကြပ်ဆောင်ရွက်သည်ကို သိရှိလိုခြင်းနှင့်ပတ်သက်ပြီးတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဆောင်ရွက်နေတဲ့လုပ်ငန်းစဉ်များကို တင်ပြလိုပါတယ်။ Power Point အသုံးပြုခွင့်ပြုပါရှင်။ အချိန်အနည်းငယ်ပိုပေးဖို့လည်း မေတ္တာရပ်ခံအပ်ပါတယ်။ (၁)ကတော့ မူဝါဒပါ။ သောက်ရေသန့်လုပ်ငန်းများအား ကြီးကြပ်ကွပ်ကဲနိုင်ရန်အတွက် သောက်ရေသန့်ကွပ်ကဲမှု မူဝါဒ(၃)ရပ်အား ၄-၈-၂၀၁၇ ရက်နေ့မှာ ထုတ်ပြန်ညွှန်ကြားခဲ့ပါတယ်။ ဒါကတော့ ညွှန်ကြားခဲ့တဲ့ ညွှန်ကြားလွှာဖြစ်ပါတယ်။ ရေသန့်ကွပ်ကဲမှု မူဝါဒ(၃)ရပ်ကတော့ (၁) ထောက်ခံချက်မရှိတဲ့ ရေသန့်လုပ်ငန်း၊ ထောက်ခံချက်ရှိ သက်တမ်းကုန်ရေသန့်လုပ်ငန်းနှင့် ထောက်ခံချက်ရှိ သက်တမ်းရှိသော ရေသန့်လုပ်ငန်းဆိုပြီးတော့ ဒီသုံးခုကနေပြီးတော့ ရပ်ဆိုင်းမယ်၊ ကတိကဝတ် လက်မှတ်ရေးထိုးမယ်။ ဈေးကွက်က ပြန်ရုပ်သိမ်းမယ်။ ထောက်ခံချက်အတိုင်း လျှောက်ခိုင်းမယ်စတဲ့ ကျွန်မတို့ရဲ့ မူဝါဒတွေနှင့်ဆောင်ရွက်လျက်ရှိပါတယ်။

ဈေးကွက်မတိုင်မီစိစစ်ခြင်းအနေဖြင့် ဈေးကွက်ကိုမတင်မီ Good Manufacturing Practice (GMP)နှင့်ညီညွတ်စွာထုတ်လုပ်ခြင်းရှိ/မရှိ ကွင်းဆင်းစစ်ဆေးခြင်း၊ သောက်ရေသန့်နမူနာ ကောက်ယူ ဓာတ်ခွဲစစ်ဆေးခြင်း၊ အမှတ်တံဆိပ်သတ်မှတ်ချက်များနှင့် ညီ/မညီစစ်ဆေးခြင်း၊ အထက်ပါ သတ်မှတ်ချက်များနှင့်ကိုက်ညီပါက အစားအသောက်ထုတ်လုပ်ခြင်း၊ ထောက်ခံချက် ထုတ်ပေးပြီး သက်တမ်း နှစ်နှစ်ရှိပါတယ်။ ဗဟိုချုပ်ကိုင်မှုဖြေလျှော့ခြင်းအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးမှာ ထောက်ခံချက်လျှောက်ထားမှု လုပ်ငန်းစဉ်မြန်စေရေးအတွက် စက်ရုံကွင်းဆင်းစစ်ဆေးသည်မှစ၍ ထောက်ခံချက်ထုတ်ပေးနိုင်သည့်အဆင့်အထိ စိစစ်ပြီး One Page Report ဖြင့် နေပြည်တော်ရုံးချုပ်သို့ ထောက်ခံတင်ပြပေးခြင်းစနစ်အား ကျင့်သုံးဆောင်ရွက်လျက်ရှိပါတယ်။ ဈေးကွက်တင်ပြီးနောက် စိစစ်ခြင်းတွင် ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနေသောသောက်ရေသန့်များအား ဈေးကွက်နမူနာကောက်ယူဓာတ်ခွဲစစ်ဆေး၍ သတ်မှတ်ချက်နှင့်ကိုက်ညီမှုမရှိပါက ဈေးကွက်မှ ပြန်လည်သိမ်းဆည်းဖျက်ဆီးစေခြင်း၊ လုပ်ငန်းအား ခံဝန်ကတိထိုး၍ ထုတ်လုပ်မှုယာယီရပ်ဆိုင်းခြင်း၊ လိုက်နာမှုမရှိပါက အစားအသောက်ဥပဒေအရ တရားစွဲဆိုခြင်းများနှင့် သောက်ရေသန့် ထုတ်လုပ်ရောင်းချမည်ဆိုပါက အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်ရရှိပြီးမှသာ ဈေးကွက်တင်ခွင့်ရရှိမှာဖြစ်ပါတယ်။ ရှောင်တခင်ကွင်းဆင်းစစ်ဆေးရာတွင် ထောက်ခံချက်မရှိဘဲ ထုတ်လုပ်ဖြန့်ဖြူးနေသည်ကို တွေ့ရှိပါက ရေသန့်များကွပ်ကဲမှုမူဝါဒအရ ၎င်းစက်ရုံအား ချက်ချင်းပိတ်သိမ်းအရေးယူပြီး ဈေးကွက်တွင်း ဖြန့်ဖြူးထားသောထုတ်ကုန်များအား ဈေးကွက်မှ ပြန်လည်သိမ်းဆည်းဖျက်ဆီးစေခြင်း၊ လုပ်ငန်းအား ဝန်ခံကတိရေးထိုးခြင်းနှင့် ထောက်ခံချက်အမြန်ဆုံးလျှောက်ထားရန် ညွှန်ကြားခြင်းတို့ကို ဆောင်ရွက်နေပါတယ်။

စီမံချက်အနေနဲ့ စားသုံးမှုများသော အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရန် ဈေးကွက်ထောက်လှမ်းရေးလုပ်ငန်းစီမံချက်အား ၂၀၂၀ ပြည့်နှစ် မတ်လမှ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအထိ ရေးဆွဲထားပြီး တစ်တိုင်းပြည်လုံးအနေဖြင့် ဆောင်ရွက်လျက်ရှိရာ သောက်ရေသန့်နမူနာကောက်ယူစစ်ဆေးခြင်းလည်း ပါဝင်ပါတယ်။ သင်တန်းပေးခြင်းများတွင် ၂၀၁၈-၂၀၁၉ ခုနှစ်မှာ နေပြည်တော် ပြည်ထောင်စုနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီးတို့တွင် (၁၁)ကြိမ်ပြုလုပ်ခဲ့ပြီး သင်တန်းသား ၅၀၃ ဦး တက်ရောက်ခဲ့ပါတယ်။ ကချင်ပြည်နယ် လစဉ်စီမံချက်များရေးဆွဲ၍ အသိပညာပေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်း၊ ကရင်ပြည်နယ် သောက်ရေသန့်လုပ်ငန်းရှင်များအသင်းအား ဖွဲ့စည်း၍ ပညာပေးသင်တန်းများ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် နှစ်ကြိမ်ဆောင်ရွက်ပေးခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ရေသန့်လုပ်ငန်းများအား သင်တန်းပို့ချရေး သင်တန်းဆင်းလက်မှတ်များပေးအပ်ခြင်း၊ ခရိုင်နှင့်မြို့နယ်များတွင် အဆိုပါသင်တန်းများပို့ချနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ မကွေးတိုင်းဒေသကြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏လမ်းညွှန်ချက်ဖြင့် Bottle Drinking Water Safety Project ကို ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိခြင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ရှောင်တခင်စစ်ဆေးနိုင်ရေးအတွက် မြို့နယ်အစားအသောက်နှင့် ဆေးဝါးကော်မတီများနှင့်ဆွေးနွေး၍ စီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ သင်တန်းပေးပြီးလုပ်ငန်းများအား ရှောင်တခင်ကွင်းဆင်းစစ်ဆေးခြင်းပြုလုပ်၍ စနစ်တကျလိုက်နာဆောင်ရွက်ခြင်းမရှိပါက ဖော်ပြပါအတိုင်း ဆောင်ရွက်လျက်ရှိပါတယ်။

အသိပညာပေးခြင်းအနေဖြင့် သောက်ရေသန့်ဘူးများအား သိုလှောင်ရာတွင် ပူလွန်းသောနေရာ သို့မဟုတ် နေရောင်ခြည်တိုက်ရိုက်တွေ့ထိသောနေရာများတွင် မထားရှိရန်၊ အမိုး၊ အကာအောက် အေးမြ၍ ခြောက်သွေ့သောနေရာတွင်ထားရှိရန်၊ သောက်ရေသန့်ဘူးများအား သယ်ယူဖြန့်ဖြူးရာတွင် အမိုး၊ အကာပါသောကားများဖြင့် သယ်ယူဖြန့်ဖြူးရန်တို့ကို ထောက်ခံချက်ထုတ်ပေးစဉ် ညွှန်ကြားဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ အသိပညာပေးခြင်းတွင် ပလတ်စတစ်အသုံးပြုထုပ်ပိုးသော စားသောက်ကုန်များ နေရောင်ခြည်နှင့် အချိန်ကြာမြင့်စွာတိုက်ရိုက် ထိတွေ့ ခြင်း မရှိစေရေး၊ အစားအသောက်အန္တရာယ်ကင်းရှင်းရေးတို့နှင့်ပတ်သက်၍ အသိပညာပေးခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်။ သတိပြုဖွယ်ပလတ်စတစ် အစားအသောက်ကုန်ထုပ်ပိုးပစ္စည်းအန္တရာယ်နှင့် ပလတ်စတစ်နှင့်ပြုလုပ်ထားသော အစားအသောက်ထုပ်ပိုးပစ္စည်းများနှင့် ပတ်သက်၍ သိကောင်းစရာများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် FDA Website များမှာ ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ ဒါကတော့ ကျွန်မတို့ထုတ်ပြန်ထားတဲ့ ထုပ်ပိုးပစ္စည်းရဲ့ အန္တရာယ်နှင့်ပတ်သက်တဲ့ လက်ကမ်းစာစောင်တွေဖြစ်ပါတယ်။ အသိပညာပေးခြင်းအစီအစဉ်များကို ၂၀၁၇ ခုနှစ်မှာ ၁၃၃ ကြိမ်၊ ၂၀၁၈ ခုနှစ်မှာ ၂၀၅ ကြိမ်၊ ၂၀၁၉ ခုနှစ်မှာ ၁၇၇ ကြိမ်၊ ၂၀၂၀ ပြည့်နှစ်မှာလည်း အသိပညာပေးခြင်းအစီအစဉ်များ ဆက်လက်ဆောင်ရွက်နေပါတယ်။ သောက်ရေသန့်ဘူးများ သယ်ယူဖြန့်ဖြူးရောင်းချခြင်းကို နီးနွယ်ဌာနများနှင့် ပူးပေါင်းပါဝင်လုပ်ဆောင်ခြင်းများ၊ လိုအပ်ပါက လိုက်နာဆောင်ရွက်ရမည့် အချက်များကို ဖောက်ဖျက်ပါက အရေးယူပေးနိုင်ရန် နီးနွယ်ဌာနများဖြစ်သော ပြည်ထဲရေးဝန်ကြီးဌာနနှင့် စည်ပင်သာယာရေးကော်မတီအဖွဲ့များကိုလည်း ညှိနှိုင်းအကြောင်းကြားပေးနိုင်ပါရန် ကျန်းမာရေးနှင့်အားကစား

စာမျက်နှာ ၇ သို့ ❐

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဟသ်ာတမြို့နယ်အတွင်း ကမ်းပြိုဘေးကြောင့် ကြိုတင်ပြောင်းရွှေ့ခဲ့ရသူများနှင့် ပိန်းဇလုပ်၊ ဖြူးနှင့် အုတ်တွင်းမြို့နယ်များရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ကူညီ



**နေပြည်တော် ဩဂုတ် ၄**
နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးမှုများကြောင့် အနိမ့်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ရေဘေးသင့်ပြည်သူများကို ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်နှင့် တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် တာဝန်ရှိသူများနှင့်အတူ ဟသ်ာတမြို့နယ်အတွင်း ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြို၍ ကြိုတင်ပြောင်းရွှေ့ကြရသည့် ပြည်သူများအား ဖောင်ဆိပ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းစုရပ်သို့ သွားရောက်တွေ့ဆုံအားပေးစကား ပြောကြားခြင်း၊ ကမ်းပါးပြိုသည့်နေရာသို့ သွားရောက်ပြီး နေအိမ်ပြောင်းရွှေ့နေကြသူများကို အားပေးစကားပြောကြားခြင်းနှင့် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုဖြစ်ပွားနေသည့် နေရာသို့ သွားရောက်ကြည့်ရှုခြင်း၊ ပြန်လည်နေရာချထားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ ဒေသခံရပ်မိရပ်ဖများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေး၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။

ထို့နောက် ကမ်းပြိုဘေးကျရောက်နိုင်မှုကြောင့် အိပ်ပျက်ကျေးရွာအုပ်စုအတွင်းရှိ နေအိမ်များ ကြိုတင်ဖျက်သိမ်း ပြောင်းရွှေ့ခဲ့ကြရသည့် အိမ်ထောင်စု ၄၁ စု အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် ၄၁ သိန်း၊ ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် ၃၁၀၈၀၀၀၊ ခေါက်ဆွဲခြောက်ရန်အတွက် ဆပ်ပြာနှင့် နှာခေါင်းစည်းများ ထောက်ပံ့ပေးသည်။ ထို့ပြင် ယနေ့နံနက်ပိုင်းက ဟသ်ာတမြို့ ဖောင်ဆိပ်ကျေးရွာအနီးရှိ ဦးမိုးလေးဖြတ်တာ ကျိုးပေါက်မှုကြောင့် ထပ်မံပြောင်းရွှေ့ရသည့် အိမ်ထောင်စုများအတွက်လည်း ထောက်ပံ့ကူညီမှုများကို အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဟသ်ာတမြို့ရှိ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု သင်တန်းကျောင်းမှ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး သင်ရိုးညွှန်းတမ်းများ ပြန်လည်လေ့လာသုံးသပ်ဆောင်ရွက်ထားရှိမှုများ၊ သင်တန်းကျောင်းရှိ နည်းပြအရာရှိများနှင့် ဆရာ ဆရာမများကို တစ်ဦးချင်း စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေး ဆောင်ရွက်ရန်ကိစ္စများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲဆောင်ရွက်မှုများနှင့်ပတ်သက်၍ သုတေသနဆောင်ရွက်မည့် အခြေအနေများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ၊ သင်တန်းများကို ကိုဗစ်-၁၉ ကာလနှင့် လျော်ညီစွာ Video Conferencing စနစ်ဖြင့် ဆက်လက်ဆောင်ရွက်နိုင်ရေးတို့ကို မေးမြန်းဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့၊ ဖြူးမြို့နယ် ဇေယျဝတီမြို့နှင့် အုတ်တွင်းမြို့နယ်များသို့ သွားရောက်ပြီး နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးမှုများကြောင့် အနိမ့်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်၍ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကြရသော ပြည်သူများအား အားပေးစကားပြောကြားကာ ရေဘေးသင့် အိမ်ထောင်စု ၉၅၂ စု၊ လူဦးရေ ၄၇၂၀ အတွက် ဆန်ရိက္ခာဖိုး တစ်ပတ်စာထောက်ပံ့ငွေ စုစုပေါင်းငွေကျပ် ၉၉၁၂၀၀၀၊ အိမ်ဆောက်ပစ္စည်းဖိုး စုစုပေါင်းငွေကျပ် ၃၁ သိန်း၊ ကယ်ဆယ်ရေးပစ္စည်းများ၊ ခေါက်ဆွဲခြောက်၊ ဆပ်ပြာနှင့် နှာခေါင်းစည်းများကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ Terminal 3 ရှိ Gate 4 အား ယာယီပိတ်ထားမည်

**ရန်ကုန် ဩဂုတ် ၄**
ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အသုံးပြုသူ ပြည်တွင်းခရီးသည်များ ပိုမိုအဆင်ပြေချောမွေ့သော ဝန်ဆောင်မှုများကို အသုံးပြုနိုင်ရန် Terminal 3 ရှိ Gate 4 တွင် အမိုးအကာအသစ်တစ်ခု တိုးချဲ့ဆောက်လုပ်သွားမည်ဖြစ်ခြင်းကြောင့် ဩဂုတ် ၄ ရက်မှ ၁၀ ရက်အထိ Gate 4 အား ယာယီပိတ်ထားမည်ဖြစ်ကြောင်း လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများအား တာဝန်ယူဆောင်ရွက်နေသည့် Yangon Aerodrome Company Limited(YACL) ၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

ထိုသို့ တိုးချဲ့လုပ်ငန်းများ လုပ်ဆောင်နေစဉ်ကာလအတွင်း လေဆိပ်အသုံးပြုသူ ခရီးသည်များအနေဖြင့် Gate 1 နှင့် Gate 2 ကို ဝင်/ထွက်ပေါက်အဖြစ်လည်းကောင်း၊ Gate 3 ကို ထွက်ပေါက်အဖြစ်လည်းကောင်း အသုံးပြုသွားရန်နှင့် ခရီးသည်များ သွားလာရေးလွယ်ကူအဆင်ပြေစေရန် ကားရပ်နားရာနေရာနှင့် T3 ပလက်ဖောင်းများအကြား အမိုးပါ လျှောက်လမ်းတစ်ခု ယာယီစီစဉ်ထားကြောင်း YACL ၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ခရီးသည်များအနေဖြင့် လတ်တလောကာလအတွင်း အဆင်မပြေမှုများ ပေါ်ပေါက်ခဲ့ပါက သည်းခံပေးပါရန်နှင့် လေဆိပ်အတွင်း ချမှတ်ထားသော ကျန်းမာရေးကာကွယ်မှု အစီအမံများကို ဆက်လက်လိုက်နာပေးကြရန် တိုက်တွန်းလိုကြောင်း၊ YACL အနေဖြင့် လေဆိပ်အသုံးပြုသူခရီးသည်များနှင့် လေဆိပ်ဝန်ထမ်းများအားလုံး၏ ကျန်းမာရေး၊ လုံခြုံစိတ်ချမှုရှိရေးစသည်တို့အတွက် ဦးစားပေးလုပ်ဆောင်နေပြီး လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများကို ထိရောက်မြန်ဆန်မှုရှိအောင် အစဉ်မပြတ်ကြိုးပမ်းလျက်ရှိကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**ရာမည**

## ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိ

**နေပြည်တော် ဩဂုတ် ၄**
ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**မိုး/ဇလ**

❒ စာမျက်နှာ ၆ မှ
ဝန်ကြီးဌာနက လမ်းညွှန်ပြီးတော့ တင်ပြပြီးဆောင်ရွက်နေပါတယ်။ သောက်ရေသန့်လုပ်ငန်းများ ထုတ်လုပ်ဖြန့်ဖြူး ဈေးကွက်တင်ရောင်းချခြင်းများအား ကြီးကြပ်ကွပ်ကဲရန် ညွှန်ကြားချက်များထုတ်ခြင်း၊ သောက်ရေသန့်လုပ်ငန်းများ ထောက်ခံချက်လျှောက်ရာတွင် လိုက်နာရမည့်အချက်များ ကြေညာချက်များ ထုတ်ခြင်း၊ လက်ရှိဖြစ်ပွားနေသော Coronavirus Disease 2019 (COVID-19) ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ သောက်ရေသန့်ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းရှင်များအနေဖြင့် အထူးသတိပြုလိုက်နာဆောင်ရွက်ရမည့် ကြေညာချက်များထုတ်ပြန် ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်လျက်ရှိပါတယ်။

ဆက်လက်ပြီး တင်ပြမယ့်အချက်တွေကတော့ ကျွန်မတို့ရဲ့ညွှန်ကြားချက်တွေ ဖြစ်ပါတယ်။ သောက်ရေသန့်လုပ်ငန်းများ ထုတ်လုပ်ဖြန့်ဖြူးဈေးကွက်တင်ရောင်းချခြင်းအား ကြီးကြပ်ကွပ်ကဲမှုနှင့်ပတ်သက်ပြီးတော့ တိုင်းဒေသကြီးနှင့်ပြည်နယ်မှာရှိတဲ့ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲများကို စိစစ်ရန်အတွက် ညွှန်ကြားချက်များထုတ်ပြန်ထားတာ ဖြစ်ပါတယ်။ နောက်တစ်ခုက စားသောက်ကုန်ထုတ်လုပ်တဲ့အခါမှာ ထုပ်ပိုးရာမှာအသုံးပြုတဲ့ ပလတ်စတစ်တွေဟာ Good Grade Plastic ကိုအသုံးပြုရန်အတွက် ညွှန်ကြားချက်တွေ ထုတ်ထားတာဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ Coronavirus ဖြစ်တဲ့အခါမှာလည်း Virus ကြောင့် ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်ပြီးတော့ ကြေညာချက်တွေ ထုတ်ပြီး ရေသန့်နှင့်ပတ်သက်တဲ့ ပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိနေပါတယ်။ နောက်ဆုံးအနေနဲ့ကတော့ သောက်ရေသန့်လုပ်ငန်းတွေကို ကောင်းမွန်သောထုတ်လုပ်မှု ကျင့်စဉ်နှင့်အညီ ဆောင်ရွက်ရန်အတွက် လမ်းညွှန်ချက်များကို ဌာနရဲ့ဝက်ဘ်ဆိုက်မှာ ၂၁-၇-၂၀၂၀ ရက်နေ့က ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ လမ်းညွှန်ချက်များကတော့ (၁) သက်ဆိုင်ရာနယ်ပယ်၊ (၂) အဓိပ္ပာယ်ဖွင့်ဆိုချက်များ စတဲ့အချက်ပေါင်း ၁၉ ချက်ပါတယ်။ စက်ရုံရဲ့တည်နေရာ၊ အဆောက်အအုံ၊ ဖွဲ့စည်းပုံ၊ အခန်းတွင်း အပြင်အဆင်၊ ရေအရင်းအမြစ်၊ ရေသွယ်တန်းအသုံးပြုခြင်း၊ ရေသန့်စင်စက်များ၊ သောက်ရေသန့်ထည့်သွင်းသည့်ဘူးကို ဝန်ထမ်း၊ သောက်သုံးရေသန့်ထုတ်လုပ်သည့်လုပ်ငန်းစဉ်၊ အမှတ်တံဆိပ်ကပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရေစွန့်ပစ်ခြင်း၊ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ပိုးမွှားထိန်းချုပ်ခြင်း၊ အရည်အသွေးထိန်းသိမ်းခြင်းနှင့် အထောက်အပံ့ပစ္စည်းများ၊ မှတ်တမ်းများ စသဖြင့်ဆောင်ရွက်ထားပါတယ်။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရဲ့ Website မှာလည်း သက်တမ်းရှိတဲ့ သောက်ရေသန့်လုပ်ငန်းများရဲ့စာရင်းကို လစဉ်ထုတ်ပြန်ပြီး ဆောင်ရွက်လျက်ရှိနေပါတယ်။ ကျန်းမာရေးနှင့်ညီညွတ်သော သောက်ရေသန့်လုပ်ငန်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းစနစ် ပေါ်ထွက်လာစေရန်အတွက် ထုတ်လုပ်သူ၊ ဖြန့်ဖြူးရောင်းချသူ၊ စားသုံးသူများ သိရှိလိုက်နာရန်အတွက် Website များ၊ လူမှုကွန်ရက်စာမျက်နှာများ အားလုံးတွင် အသိပညာပေးခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါတယ်။ ကျန်းမာရေးနှင့်ညီညွတ်သန့်ရှင်းမှုမရှိသောအခြေအနေများနှင့် သိုလှောင်ထားပါက အမျိုးသားအစားအသောက် ဥပဒေအရ ပြစ်ဒဏ်ချမှတ်နိုင်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ** ။ ။ မိုက်ပေးပါ။

**ဒေါက်တာအေဇင်လတ်(ရွှေဘိုမဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်း မေးခွင့်ပြုပါရှင်။ ဥက္ကဋ္ဌကြီးရှင်။

ကျွန်မရဲ့မေးခွန်းနဲ့ပတ်သက်ပြီးတော့ ဒုတိယဝန်ကြီးက ပြည့်စုံစွာဖြေကြားသွားတာကို ကျွန်မအနေနဲ့ ကျေးဇူးတင်ရှိကြောင်း ပထမဦးစွာပြောကြားလိုပါတယ်။ ဖြေကြားသွားတဲ့အခါမှာ ပညာပေးကြီးကြပ်ဆောင်ရွက်နေသည်နှင့် စပ်လျဉ်းတဲ့ မေးခွန်းမှာ ပညာပေးခြင်းမှာ အားရဖွယ်ရာကောင်းလောက်အောင်ကို အကြိမ်ရေများစွာနှင့်ဆောင်ရွက်ထားတာကိုလည်း ကျွန်မအနေနဲ့ အသိအမှတ်ပြု ကျေးဇူးတင်ရှိပါတယ်။ ကြီးကြပ်ဆောင်ရွက်တဲ့အပိုင်းမှာ ကျွန်မသိလိုတဲ့ ဆက်စပ်နှစ်ချက်ကိုပဲ ထပ်မံမေးခွင့်ပြုပါရှင်။ ပထမအချက်အနေနဲ့ ကြီးကြပ်ဆောင်ရွက်ခြင်းမှာ စောစောက ကျွန်မမေးမြန်းစဉ်မှာလည်း ပါရှိခဲ့ပါတယ်။ စက်ရုံကထွက်ရှိလာတဲ့ ရေသန့်ရဲ့ အရည်အသွေးကို အစဉ်တစိုက်ဖြင့် ကြည့်ရှုမှတ်တမ်းတင်တဲ့ မှတ်တမ်းဌာနမျိုး အဲဒီရေသန့်စက်ရုံတွေမှာ ထားရှိဖို့ကို အစိုးရအနေနဲ့ အကြံပြုတိုက်တွန်းဖို့ အစီအစဉ်ရှိ/မရှိ ကျွန်မသိလိုပါတယ်။

နောက် ဒုတိယအချက်အနေနဲ့ ခုနတုန်းက ဒုတိယဝန်ကြီးက ဖြေသွားတယ်။ ဘယ်လိုမျိုးတွေ လိုက်နာဆောင်ရွက်ရမယ်။ အမိုးအကာတွေနဲ့ သယ်ရမယ်။ ဘယ်လိုနေရာမှာထားရမယ်။ အကယ်၍ ဥပမာအနေနဲ့ ကျွန်မပြောလိုခြင်း ဖြစ်ပါတယ်။ အဲဒီသတ်မှတ်ထားတဲ့သတ်မှတ်ချက်တွေ မညီညွတ်ဘဲနဲ့ မလိုက်နာတဲ့ ရေသန့်စက်ရုံမျိုးတွေ့ရှိခဲ့လို့ရှိရင်ရော ဘယ်လိုမျိုး အရေးယူမှုများ ပြုလုပ်သလဲဆိုတာကို ကျွန်မအနေနဲ့ ဆက်စပ်မေးခွန်းမှာ ထည့်သွင်းမေးမြန်းချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်မြလေးစိန်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းတဲ့မေးခွန်းကို အထူးပဲကျေးဇူးတင်ရှိပါတယ်ရှင်။ ကျွန်မတို့အနေနဲ့ စက်ရုံတွေမှာဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေအားလုံးကို ချမှတ်တဲ့အခါမှာ ခုနလွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့ကိစ္စတွေလည်း ပါဝင်ပါတယ်။ ကျွန်မအသေးစိတ်မတင်ပြပါဘူး။ ကျွန်မတို့ရဲ့ ဆောင်ရွက်ရန် လမ်းညွှန်ချက်တွေဟာ အများကြီး ဆောင်ရွက်ထားပါတယ်။ အဲဒီထဲမှာ တင်ပြထားပြီးဖြစ်ပါတယ်။ နောက်တစ်ခုကတော့ အဲဒီလို မဆောင်ရွက်လို့ရှိရင် ကျွန်မတို့မှာ အစားအသောက်နဲ့ဆိုင်တဲ့ဥပဒေရှိပါတယ်။ အဲဒီဥပဒေကလည်း ပြန်ပြီး Revise လုပ်ထားပြီးသားဖြစ်ပါတယ်။ ဒီဥပဒေတွေအရ ကျွန်မတို့ အရေးယူဆောင်ရွက်နိုင်ခြင်းရှိပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုမေးမြန်းသွားတဲ့ မေးခွန်းဟာ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၀ မှာ နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေတဲ့ မေးခွန်းများ၊ ဖြေကြားချက်များကို နိုင်ငံတော်ပြန်တမ်းတွင်ထည့်သွင်းပြီး နိုင်ငံတော်ပိုင်သတင်းစာများမှာ ဖော်ပြခြင်းကိုဆောင်ရွက်ရမယ်လို့ ပြဋ္ဌာန်းထားတဲ့အတွက် ယခု မေးခွန်းနှင့် ဖြေကြားချက်များကို နိုင်ငံတော်ပြန်တမ်းနှင့် နိုင်ငံတော်ပိုင်သတင်းစာများမှာ ထည့်သွင်းဖော်ပြသွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

# သတ္တမအကြိမ် အစိုးရနှင့် NCA–S EAO အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၄**

သတ္တမအကြိမ် အစိုးရနှင့် NCA–S EAO အလုပ်အဖွဲ့ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ အစိုးရကိုယ်စားလှယ်များအဖြစ် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်မောင်ဝင်း၊ ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး(အငြိမ်းစား)၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပြုံးချို (ခ) ဦးဌေးဝင်းအောင်၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေနှင့် ဦးမိုးဇော်ဦး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ တက်ရောက်ကြပြီး NCA–S EAO ကိုယ်စားလှယ်များအဖြစ် NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင် ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် စဝ်စိုင်းငင်း(RCSS/SSA)၊ ညှိနှိုင်းရေးမှူး ဦးမျိုးဝင်း(ABSDF)၊ ညှိနှိုင်းရေးအဖွဲ့ဝင်များဖြစ်ကြသည့် ပဒိုစောတာဒိုမူး (KNU)၊ ဦးလှဌေး (ABSDF)၊ စောမြ ရာဇာလင်း(ALP)၊ ဒေါက်တာလျန်မှုန်းဆာခေါင်း(CNF)၊ ဆလိုင်းထလာဟေး(CNF)၊ စောစိန်ဝင်း (DKBA)၊ ပဒိုစောအယ်ကလူစေး(KNU)၊ စောကျော်ညွှန့်(KNLA–PC)၊ ကြာဆော်လမွန် (LDU)၊ နိုင်အောင်မငေး(NMSP)၊ ခွန်မြင့်ထွန်း(PNU)နှင့် ဒေါက်တာစိုင်းဦး(RCSS/SSA)တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ဩဂုတ် ၂ ရက်တွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC ဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြရာ နှစ်ဖက်အကြား နားလည်မှုရှိရှိ၊ ယုံကြည်မှုရှိရှိနှင့် မပြေလည်သေးသည့် သဘောထားကွဲလွဲမှုများကို ပြေလည်အောင် ညှိနှိုင်းနိုင်မည့် အခြေအနေကို ဖန်တီးပေးခဲ့သည့်အတွက် ဆွေးနွေးညှိနှိုင်းရင်း ရပ်တည်ချက်သဘောထားများကို သဘောတူညီချက်အဖြစ် ပြောင်းလဲနိုင်ခဲ့ပါကြောင်း၊ ယင်းသည် အပြန်အလှန်နားလည်မှုနှင့် မတူညီမှုများကို ဘုံသဘောထားအဖြစ်ရရှိအောင် ပြောင်းလဲနိုင်သည်ကို သက်သေပြခဲ့ခြင်းဖြစ်ပါကြောင်း။

**သဘောတူထား**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး၌ ချုပ်ဆိုမည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) တွင် ထည့်သွင်းမည့် သဘောတူညီချက်များ ရယူနိုင်ရန် နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့များ ဆွေးနွေးညှိနှိုင်းခဲ့သည်မှာ ယခုဆိုလျှင် သတ္တမအကြိမ်ရှိပြီ ဖြစ်ပါကြောင်း၊ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက် (၁၃) ချက်ရရှိထားပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်အလွန် အဆင့်လိုက် ရှေ့လုပ်ငန်းစဉ်များနှင့် အဆင့်လိုက်အကောင်အထည်ဖော်မှုအတွက် ဆွေးနွေးမည့် ခေါင်းစဉ်ကြီး ရှစ်ခုကို သဘောတူထားပြီး အသေးစိတ်ခေါင်းစဉ်များကို ဆက်လက်ဆွေးနွေးညှိနှိုင်းရန် ရှိပါကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူအနေဖြင့် အချက် နှစ်ချက်ကို သဘောတူထားပြီးဖြစ်ပါကြောင်း။

ယနေ့အစည်းအဝေးတွင် ဆွေးနွေးညှိနှိုင်းကြမည့် NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်၊ ၂၀၂၀ ပြည့်နှစ်အလွန် အဆင့်လိုက် ရှေ့လုပ်ငန်းစဉ်များနှင့် အဆင့်လိုက်အကောင်အထည်ဖော်မှု၊ လမ်းညွှန်အခြေခံမူ သဘောတူညီချက်ကိစ္စရပ်များသည် မိမိတို့အကြား နှစ်ဖက်သဘောထားများကို များစွာဆွေးနွေးထားပြီးဖြစ်ပါကြောင်း၊ နှစ်ဖက် အဆိုပြုချက်များကို ဘုံသဘောတူညီချက်ရရှိရန် ယနေ့အစည်းအဝေးတွင် ထပ်မံဆွေးနွေးပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။



မိမိတို့ ဆွေးနွေးညှိနှိုင်းရရှိလာမည့် သဘောတူညီချက်များသည် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) တွင် ထည့်သွင်းချုပ်ဆိုမည်ဖြစ်သည့်အတွက် ၂၀၂၀ ပြည့်နှစ်အလွန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးလုပ်ငန်းစဉ်များကို အခြေခံချမှတ်နိုင်ရန် မိမိတို့ကြိုးပမ်းနိုင်ခဲ့ကြသည်ဟု ဆိုနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အနာဂတ်အတွက် ရည်မှန်း၍ စေ့စပ်ညှိနှိုင်းကြရာတွင် စိတ်ရှည်လက်ရှည်နှင့် သဘောထားကြီးကြီးထားကာ အပြန်အလှန်နားလည်မှုများဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရှေ့ဆက်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေးကို ဦးတည်ညှိနှိုင်းဆွေးနွေးပေးကြရန် တိုက်တွန်းလိုပါကြောင်း။

**ဘုံသဘောတူညီချက်**

မိမိတို့ရပ်တည်ချက်သဘောထားများကို ဆုပ်ကိုင်ညှိနှိုင်းနေခြင်းမျိုး မဟုတ်ဘဲ မိမိတို့ ဆွေးနွေးဖက်များအကြား အပြန်အလှန်တူညီသည့် သဘောထားများကို ဦးစားပေးရှာဖွေကာ ဘုံသဘောတူညီချက်အဖြစ် ပြောင်းလဲလာရန်နှင့် နည်းလမ်းရှာဖွေကြရန် တိုက်တွန်းလိုပါကြောင်း၊ ယနေ့ဆွေးနွေးမှုများမှတစ်ဆင့် သဘောတူညီချက်များရရှိပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် NCA–S EAO ၏ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင် ညှိနှိုင်းရေး အဖွဲ့ခေါင်းဆောင် စဝ်စိုင်းငင်းက (၈) ကြိမ်မြောက် JICM ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း(၃) ချုပ်ဆိုနိုင်ရေးတို့အတွက် မိမိတို့ နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့များအနေဖြင့် ၂၀၂၀ ပြည့်နှစ် နှစ်ဦးပိုင်းမှစ၍ ယခုအချိန်အထိ ဆွေးနွေးညှိနှိုင်းမှု အစည်းအဝေးများကို စဉ်ဆက်မပြတ်ကျင်းပပြုလုပ်ခဲ့ပြီး ရလဒ်ကောင်းများကို ယူဆောင်ပေးနိုင်ခဲ့ပါကြောင်း။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို ဩဂုတ်လ တတိယပတ်တွင် ကျင်းပမည်ဖြစ်ပြီး ယခုနှစ်ရက်တာ အစည်းအဝေးတွင် ပြီးခဲ့သည့် နှစ်ဖက်ညှိနှိုင်းအစည်းအဝေးမှ ချန်ထားခဲ့သည့် ဆက်လက်ညှိနှိုင်းရန် အချက်များကို သဘောတူညီချက်ရရှိရန် ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) တွင် ထည့်သွင်းချုပ်ဆိုမည့် အကြောင်းအရာများ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံ စတုတ္ထ အစည်းအဝေး ကျင်းပရေးဆိုင်ရာ ကိစ္စရပ်များ၊ ညီလာခံနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေးနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ဆက်လက်ညှိနှိုင်းဆွေးနွေးသွားမည် ဖြစ်ပါကြောင်း။

**အတည်ပြုချက်ရယူနိုင်ရေး**

ယခုအစည်းအဝေးမှ ရရှိလာမည့် ရလဒ်များကို မိမိတို့ NCA–S EAO ညှိနှိုင်းရေးအဖွဲ့အနေဖြင့် လာမည့် ဩဂုတ် ၆ ၊ ၇ ရက်များတွင် ကျင်းပမည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) အစည်းအဝေးထံ တင်ပြပြီး အတည်ပြုချက်ရယူနိုင်ရေး ဆောင်ရွက်သွားရန် ရှိပါကြောင်း။

ဩဂုတ် ၁၀ ၊ ၁၁ ရက်များ၌ ကျင်းပမည့် JICM အစည်းအဝေး ပြင်ဆင်ရေး အစည်းအဝေးမှတစ်ဆင့် ဩဂုတ် ၁၃ ရက်တွင် ကျင်းပမည့် JICM အစည်းအဝေးတွင် နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့များ၏ အစည်းအဝေးရလဒ်ဖြစ်သည့် ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း (၃)တွင် ထည့်သွင်းချုပ်ဆိုမည့် အကြောင်းအရာများကို နှစ်ဖက်ခေါင်းဆောင်အကြီးအကဲများက အပြီးသတ် အတည်ပြုပေးသွားမည် ဖြစ်ပါကြောင်း၊ ယခုကျင်းပသည့် နှစ်ရက်တာညှိနှိုင်းအစည်းအဝေးတွင် ရလဒ်ကောင်းများ ရရှိအောင် ဝိုင်းဝန်းကြိုးပမ်း ညှိနှိုင်းဆွေးနွေးပေးကြပါရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ယနေ့အစည်းအဝေးတွင် (၈) ကြိမ်မြောက် JICM အစည်းအဝေး ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရေးအတွက် နှစ်ဖက်အဆိုပြုချက်များ၊ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်၊ ၂၀၂၀ ပြည့်နှစ်အလွန် အဆင့်လိုက် ရှေ့လုပ်ငန်းစဉ်များ၊ အဆင့်လိုက်အကောင်အထည်ဖော်မှုများ၊ အခြေခံမူသဘောတူညီချက်များကို ဆွေးနွေးကြသည်။

ယခုအစည်းအဝေးကို ဩဂုတ် ၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း–မျိုးမြင့်၊ ဟန်လင်းနိုင်၊ ဓာတ်ပုံ–ကိုထိန်**

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး၌ သတင်းယူခွင့်ရမည့် မီဒီယာသမားများအား ပြင်ဆင်အသိပေး

**နေပြည်တော် ဩဂုတ် ၄**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ –(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၂ ရက်မှ ၁၄ ရက် အစား ဩဂုတ် ၁၉ ရက်မှ ၂၁ ရက်အထိ နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) နှင့် (၂) တို့၌ ကျင်းပသွားမည်ဖြစ်သည်။

ညီလာခံကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အစီအမံများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ရာ သတင်းမီဒီယာအရေးအတွက်ကိုလည်း ကန့်သတ်ဖိတ်ကြားထားပြီး အခမ်းအနားသို့ တက်ရောက် သတင်းရယူခွင့်ရရှိမည့် မီဒီယာသမားများစာရင်းကို ပြန်ကြားရေးဝန်ကြီးဌာနက မကြာမီ ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်သည်။

တက်ရောက်သတင်းရယူမည့် သတင်းမီဒီယာသမားများအနေဖြင့် ယခင်ထုတ်ပြန်ထားသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတ်မှတ်ချက်များနှင့်အညီ ပူးပေါင်းပါဝင် ဆောင်ရွက်ရမည်ဖြစ်ပြီး ဩဂုတ် ၁၄ ရက် မွန်းတည့် ၁၂ နာရီထက်နောက်မကျဘဲ နေပြည်တော်စည်ပင်ဧည့်ရိပ်သာသို့ ရောက်ရှိသတင်းပို့ရမည် ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးမျိုးညွှန့် ဖုန်း – ၀၉၄၂၀၇၂၃၂၄၄ နှင့် ဖုန်း ၀၆၇–၃၄၁၂၁၂၅၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ ဒေါ်ယုယုဝင်း ဖုန်း – ၀၉၅၀၆၁၇၁၅ နှင့် ဖုန်း ၀၁ – ၅၄၄၅၈၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်၌ စပါးခင်းများနှင့် သဘာဝရေပြင်များအတွင်း ငါးမျိုးစိုက်ထည့်

**ရန်ကုန် ဩဂုတ် ၄**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို ယနေ့ ကျင်းပရာ ခရမ်းမြို့ အမှတ်(၂) ရပ်ကွက် ခရမ်းချောင်းအတွင်းတွင် ငါးမြစ်ချင်းကောင်ရေ ၄၀၀၀၀၀ အား မျိုးစိုက်ထည့်ကြသည်။

**ငါးမျိုးစိုက်ထည့်**

ဆက်လက်၍ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို နံနက် ၁၁ နာရီတွင် ပလူကျေးရွာမှ တောင်သူ ဦးဇော်မင်းနိုင်၏ လယ်၌ ကျင်းပခဲ့ပြီး ကျေးရွာ လေးရွာမှ တောင်သူ ၁၂၀ ၏ လယ်ဧက ၁၅၀ အတွက် ငါးခုံးမကြီးကောင်ရေ ၇၅၀၀၀ အား ငါးမျိုးစိုက်ထည့်ပေးခဲ့သည်။

ထို့ပြင် တက်ရောက်လာသော တောင်သူများအား လယ်ခြားမြောင်းများ၊ သုံးရေကန်ငယ်များအတွင်း ထည့်သွင်း မွေးမြူနိုင်ရန် ငါးမြစ်ချင်းကောင်ရေ ၁၀၀၀၀၀ ကိုလည်း ပေးအပ်ခဲ့သည်။ အဆိုပါ ငါးမျိုးစိုက်ထည့်သည့် ငါးမြစ်ချင်းများအား ခရမ်းမြို့နယ်ရှိ တစ်ပိုင်တစ်နိုင် ငါးသားဖောက်စခန်းနှစ်ခုမှ ပေးအပ်ခဲ့ခြင်းဖြစ်သည်။



အဆိုပါ အခမ်းအနားများသို့ ခရမ်းမြို့နယ်အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလှတိုး၊ အမှတ်(၂)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်လတ်၊ ရန်ကုန်တောင်ပိုင်းခရိုင် ငါးလုပ်ငန်းဦးစီးမှူးဦးအေးနိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆန်းထွန်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမျိုးတင့်နှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ပြင်ဆင်သိမှတ်ပေးပါရန်

ဩဂုတ် ၄ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၉ တွင် ဖော်ပြခဲ့သော ရုပ်ရှင်စကားဝိုင်းမှ ဓာတ်ပုံများတွင် “**ဝင်းညွှန့်**” အစား “**ဝင်းလှိုင်**” ဟု ပြင်ဆင်သိမှတ်ပေးပါရန်။ **စာတည်း**

# ထိရောက်သည့်အခွန်စနစ်တစ်ခု ပေါ်ပေါက်လာရေး

အဘိရူပ

မိသားစုတစ်စုဘဝရပ်တည်နိုင်ရေးအတွက် အခြေခံကုန်ကျစရိတ်များဖြစ်သော စားဝတ်နေရေး စရိတ်သာမက လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စရိတ်များကိုလည်း ကျခံသုံးစွဲရပါသည်။ ထိုအသုံးစရိတ်များအား ကျခံသုံးစွဲနိုင်ရန် မိသားစုအတွက် ပုံမှန်သုံးစွဲသည့် အသုံးစရိတ်နှင့် လိုက်ဖက်ညီသည့်ပုံမှန် ဝင်ငွေရှိရန် လိုအပ်ပါသည်။ အကယ်၍ ထိုမိသားစုအနေဖြင့် ပုံမှန်ဝင်ငွေမရှိခဲ့ပါက ကုန်ကျစရိတ်များအတွက် မည်သည့်နည်းလမ်းများဖြင့်ဖြေရှင်းလေ့ရှိကြပါသနည်း။ ပုံမှန်ကျင့်သုံးသည့်နည်းလမ်းများမှာ အသုံးစရိတ်ကို ချွေတာသုံးစွဲခြင်း၊ ရင်းနှီးသူများထံမှ အတိုးမဲ့ သို့မဟုတ် အတိုးဖြင့်ချေးငှားခြင်း၊ မိသားစုပိုင်ပစ္စည်းအချို့ကိုထုခွဲရောင်းချခြင်း စသည့် နည်းလမ်းများဖြင့်သာ ဖြေရှင်းကြမည်ဖြစ်ပါသည်။

**နိုင်ငံတော်အတွက်အသုံးစရိတ်များရရှိစေရန် ဆောင်ရွက်သည့်နည်းလမ်းများ**

အလားတူပင် နိုင်ငံတော်အစိုးရ၌လည်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သော လျှပ်စစ်မီး၊ လမ်းတံတားမှသည် ပညာရေး၊ ကျန်းမာရေးစသည့် အခြေခံ အဆောက်အအုံများ ခိုင်မာစေရေးအတွက် အသုံးပြုရသည့်ကုန်ကျစရိတ်များ၊ အစိုးရယန္တရား ပုံမှန်လည်ပတ်နိုင်ရေးအတွက် သုံးစွဲရသည့် ကုန်ကျစရိတ်များစသည့်ကျခံသုံးစွဲရသည့် အသုံးစရိတ်များရှိပါသည်။ အစိုးရတစ်ရပ်အနေဖြင့် ၎င်း၏အသုံးစရိတ်များကိုရရှိနိုင်ရန် အခွန်ကောက်ခံခြင်း၊ ကုန်စည်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို အခကြေးငွေဖြင့် ဆောင်ရွက်ခြင်းဟူသည့် နည်းလမ်းများကိုအသုံးပြု၍ ၎င်း၏ အသုံးစရိတ်များကို ရရှိနိုင်ရန် တစ်နည်းအားဖြင့် ပုံမှန်ဝင်ငွေရရှိနိုင်ရန် ဆောင်ရွက်ကြရပါသည်။ အကယ်၍ ဝင်ငွေထက်အသုံးစရိတ်ကပိုမိုနေပါက ငွေကြေးကို လိုအပ်သလောက် ထုတ်ဝေသုံးစွဲခြင်း၊ နိုင်ငံပိုင် သယံဇာတများရောင်းချခြင်း၊ ပြည်တွင်း/ ပြည်ပမှငွေချေးငှားခြင်း၊ အသုံးစရိတ်အား လျှော့ချခြင်း (ချွေတာသုံးစွဲခြင်း) စသည့်နည်းလမ်းများကို အသုံးပြုကြရပါသည်။

သို့ရာတွင် အဆိုပါဝင်ငွေပိုမိုရရှိစေရန် ဖြေရှင်းသည့်နည်းလမ်းအများစုမှာ လက်ငင်းအခြေအနေတွင် အဆင်ပြေစေနိုင်သော်လည်း အလုံးစုံမှန်ကန်သည့် နည်းလမ်းများဟုမဆိုနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ငွေကြေးကို လိုအပ်သလောက် ထုတ်ဝေသုံးစွဲပါက ငွေဖောင်းပွမှုဖြစ်ပေါ်ခြင်း၊ နိုင်ငံပိုင်သယံဇာတများ ရောင်းချခြင်းကြောင့် သယံဇာတပစ္စည်းများလျော့ပါးသွားခြင်း၊ ပြည်တွင်း/ ပြည်ပမှ ငွေချေးငှားခြင်းကြောင့် အတိုးပေးငွေအတွက် ကုန်ကျစရိတ်ထပ်တိုးခြင်း၊ အသုံးစရိတ်အား ချွေတာသုံးစွဲခြင်းကြောင့် အများပြည်သူတို့အတွက် အသုံးအဆောင်များ (Public Facilities) ကို အားထားသုံးစွဲနေရသော ပုံသေလစာရရှိသူများနှင့် အခြေခံလူတန်းစားများတွင် အခက်အခဲများ ဖြစ်ပေါ်လာစေနိုင်ခြင်း စသည့်အကျိုးဆက်များကိုခံစားကြရမည်ဖြစ်ပါသည်။

**အခွန်ဆိုသည်မှာ ပြည်သူများ ပိုင်ဆိုင်သည့်ဥစ္စာပစ္စည်း**

ကမ္ဘာ့နိုင်ငံအသီးသီးက အသုံးပြုလျက်ရှိသည့်အစိုးရအတွက်ဝင်ငွေရရှိစေရန် ဖြေရှင်းသည့် တစ်ခုတည်းသော အကောင်းဆုံးနည်းလမ်းမှာ အခွန်ကောက်ခံခြင်းပင်ဖြစ်ပါသည်။ အခွန်ကောက်ခံခြင်းဆိုသည်မှာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုရန်လိုအပ်သော အသုံးစရိတ်များကို ပြည်သူများကိုယ်တိုင်ထည့်ဝင်သော နည်းလမ်းဖြစ်ပါသည်။ ပြည်သူထံမှ အခွန်အဖြစ်ကောက်ခံသော ငွေကြေးသည် အစိုးရဘတ်ဂျက်ထဲသို့ရောက်ရှိသွားပြီး အစိုးရကပြည်သူ့အကျိုးစီးပွားအတွက် ယင်းငွေကြေးအား ပြန်လည်အသုံးပြုခြင်းဖြစ်ပါသည်။ ထို့ကြောင့် **အခွန်ဆိုသည်မှာ ပြည်သူများ ပိုင်ဆိုင်သည့် ဥစ္စာပစ္စည်း**ဟုလည်း ဆိုနိုင်ပါသည်။

**ဘာကြောင့်အခွန်ကောက်ရသလဲ**

အခွန်ကောက်ခံခြင်း၏ ရည်ရွယ်ချက်များကို Revenue, Redistribution, Reprising and Representation (4R) ဟုလွယ်ကူစွာ မှတ်သားထားနိုင်ပါသည်–

**ဇယား (၁)။ မြန်မာနိုင်ငံ၏အခွန်နှုန်းထားများကို အခြား အာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ခြင်း**

| စဉ် | နိုင်ငံအမည် | အခွန်နှုန်းများ | | |
|---|---|---|---|---|
| | | Individual Income Tax | Corporate Income Tax | VAT |
| ၁ | ဘရူနိုင်း | မရှိပါ | ၁၈.၅% | မရှိပါ |
| ၂ | ကမ္ဘောဒီးယား | ၀–၂၀ % | ၂၀% | ၁၀% |
| ၃ | အင်ဒိုနီးရှား | ၅–၃၀% | ၂၅% | ၁၀% |
| ၄ | လာအို | ၀–၂၄% | ၂၄% | ၁၀% |
| ၅ | မလေးရှား | ၀–၂၈% | ၂၄% | ၆% |
| ၆ | ဖိလစ်ပိုင် | ၀–၃၅% | ၃၀% | ၁၂% |
| ၇ | စင်ကာပူ | ၀–၂၀% | ၁၇% | ၇% |
| ၈ | ထိုင်း | ၀–၃၅% | ၂၀% | ၇–၁၀% |
| ၉ | ဗီယက်နမ် | ၅–၃၅% | ၂၀% | ၁၀% |
| ၁၀ | မြန်မာ | ၀–၂၅% | ၂၅% | ၀–၅% |

ဇာစ်မြစ်။ ASEAN Website

**ဇယား (၂)။ မြန်မာနိုင်ငံ၏အခွန်နှင့် GDP အချိုးကို အခြား နိုင်ငံများနှင့် နှိုင်းယှဉ်ခြင်း**

| စဉ် | နိုင်ငံအမည် | ၂၀၁၄ | ၂၀၁၅ | ၂၀၁၆ | ၂၀၁၇ |
|---|---|---|---|---|---|
| ၁ | ကမ္ဘောဒီးယား | ၁၅.၅ | ၁၅.၆ | ၁၅.၈ | ၁၆.၉ |
| ၂ | အင်ဒိုနီးရှား | ၁၂.၂ | ၁၂.၁ | ၁၂.၀ | ၁၁.၅ |
| ၃ | မလေးရှား | ၁၅.၃ | ၁၄.၈ | ၁၄.၂ | ၁၃.၆ |
| ၄ | ဖိလစ်ပိုင် | ၁၆.၇ | ၁၇.၀ | ၁၇.၀ | ၁၇.၅ |
| ၅ | စင်ကာပူ | ၁၃.၄ | ၁၃.၁ | ၁၃.၁ | ၁၄.၁ |
| ၆ | ထိုင်း | ၁၈.၄ | ၁၈.၉ | ၁၈.၁ | ၁၇.၆ |
| ၇ | မြန်မာ | ၇.၃ | ၇.၈ | ၇.၅ | ၇.၈ |
| | (Citizen Budget အရ) | – | ၈.၁၁ | ၇.၄ | ၇.၁ |

ဇာစ်မြစ်။ ASIAN DEVELOPMENT BANK, Citizen Budget

**အခွန်ကောက်ခံခြင်းဆိုသည်မှာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုရန် လိုအပ်သော အသုံးစရိတ်များကို ပြည်သူများကိုယ်တိုင်ထည့်ဝင်သော နည်းလမ်း ဖြစ်၊ ပြည်သူထံမှ အခွန်အဖြစ်ကောက်ခံသော ငွေကြေးသည် အစိုးရဘတ်ဂျက် ထဲသို့ရောက်ရှိသွားပြီး အစိုးရကပြည်သူ့အကျိုးစီးပွားအတွက် ယင်း ငွေကြေးအား ပြန်လည်အသုံးပြုခြင်းဖြစ်၊ ထို့ကြောင့် အခွန်ဆိုသည်မှာ ပြည်သူများ ပိုင်ဆိုင်သည့် ဥစ္စာပစ္စည်းဟုလည်း ဆိုနိုင်....**

- ပထမ R – Revenue ၏အဓိပ္ပာယ်မှာ **နိုင်ငံတော်၏ အသုံးစရိတ်အား ကာမိသည့် ဝင်ငွေရရှိစေရန်**ဖြစ်ပါသည်။
- ဒုတိယ R – Redistribution မှာ **ဆင်းရဲချမ်းသာ ကွာဟမှုကိုထိန်းညှိနိုင်ရန်** ဟူသည့် အဓိပ္ပာယ်ဖြစ်ပါသည်။ (ဝင်ငွေများသူအား အခွန်နှုန်းအမြင့်ဖြင့်ကောက်ခံပြီး ဝင်ငွေနည်းသူအား အခွန်နှုန်းအနိမ့်ဖြင့်ကောက်ခံခြင်းကို ဆိုလိုပါသည်။) ပုဂ္ဂလိကတစ်ဦးချင်းအတွက် ဝင်ငွေခွန်နှုန်းထားဇယားတွင် ဤသဘောသဘာဝအား တွေ့မြင်နိုင်မည် ဖြစ်ပါသည်။
- တတိယ R – Reprising ၏ အဓိပ္ပာယ်မှာ **ပြည်သူတို့၏ အကျိုးစီးပွားကိုထိခိုက်စေမည့် ကုန်စည်များအား အခွန်နှုန်းမြှင့်တင်၍ထိန်းညှိရန်** ဖြစ်ပါသည်။ ဤသဘော သဘာဝကို အထူးကုန်စည်ခွန်နှုန်းထားများတွင်တွေ့ရှိနိုင်ပါသည်။
- နောက်ဆုံး R – Representation ၏ဆိုလိုရင်းမှာ **နိုင်ငံသူ/နိုင်ငံသားတို့၏ အကျိုးစီးပွားကို ဆောင်ရွက်ပေးနိုင်ရန်** ဖြစ်ပါသည်။ အစိုးရအနေဖြင့် ပြည်သူတို့ပေးဆောင်ထားသည့် အခွန်ငွေကို ပြည်သူတစ်ရပ်လုံးနှင့်သက်ဆိုင်သည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးအစရှိသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ၌ သုံးစွဲလျက်ရှိကြောင်း ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေတွင် လေ့လာနိုင်ပါသည်။

**မြန်မာနိုင်ငံ၏ လက်ရှိအခွန်စနစ်အခြေအနေ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ မြန်မာနိုင်ငံ၏ အခွန်အကောက်စနစ်တွင် အဆင့် (၃) ဆင့်ဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်–

(က) ပြည်ထောင်စုအစိုးရက ကောက်ခံသည့်အခွန်အကောက်များ (၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ ဝန်ကြီးဌာန (၈)ခုနှင့် နေပြည်တော် ကောင်စီတို့မှအခွန်အကောက် (၂၂) မျိုးကို ကောက်ခံလျက်ရှိပါသည်။)၊

(ခ) တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရများက ကောက်ခံရမည့် အခွန်အခများ (ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား (၅) အရ (၁၉) မျိုး)၊

(ဂ) စည်ပင်သာယာရေးအဖွဲ့အစည်းများမှ ကောက်ခံသော အခွန်အခများ(ရေခွန်၊ အမှိုက်ခွန်၊ပစ္စည်းခွန် (Property Tax) စသည်ဖြင့်) ။

ပြည်ထောင်စုအစိုးရ၏ အခွန်အကောက် (၂၂) မျိုးအနက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနသည် အခွန်အကောက်စုစုပေါင်း၏ ၈၇ ရာခိုင်နှုန်းခန့်ကို တာဝန်ယူကောက်ခံလျက်ရှိပြီး ပြည်တွင်းအခွန်များဦးစီးဌာန၏ ပါဝင်မှုမှာ အခွန်အကောက်စုစုပေါင်း၏ ၈၀ ရာခိုင်နှုန်း ဖြစ်သဖြင့် မြန်မာနိုင်ငံ၏ အခွန်စနစ်တွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။

**မြန်မာနိုင်ငံ၏အခွန်နှုန်းထားများကို အခြားအာဆီယံ နိုင်ငံများနှင့် နှိုင်းယှဉ်ခြင်း**

မြန်မာနိုင်ငံ၏အခွန်စနစ်ကို တစေ့တစောင်းအကဲခတ်နိုင်ရန် အဓိကအခွန်အမျိုးအစားများဖြစ်သော ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်နှုန်းထားများကို အာဆီယံနိုင်ငံများ၏ နှုန်းထားများဖြင့် နှိုင်းယှဉ်ကြည့်စေလိုပါသည်။ ထိုသို့နှိုင်းယှဉ်ကြည့်မည်ဆိုပါက မြန်မာနိုင်ငံ၏ ကုန်သွယ်လုပ်ငန်းခွန် နှုန်းထားသည်အနိမ့်ဆုံးဖြစ်နေပြီး ဝင်ငွေခွန်နှုန်းထားမှာလည်း ပုံမှန်အဆင့်တွင်သာရှိနေကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံ၏အခွန်နှင့် GDP အချိုးကို အခြားအာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ခြင်း**

စင်စစ်အားဖြင့် နိုင်ငံတော်အနေဖြင့် အခွန်အကောက်မှ ရငွေများမှာ တစ်နှစ်ထက်တစ်နှစ် တိုးတက်ကောက်ခံရရှိလျက်ရှိပါသည်။ သို့ရာတွင် တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) တွင် အခွန်အကောက်ပါဝင်မှု နည်းပါးနေခြင်းသည် မြန်မာနိုင်ငံ၏ အခွန်စနစ်သည်ထိရောက်မှုမရှိသေးကြောင်း ဖော်ညွှန်းလျက်ရှိနေပါသည်။ မြန်မာနိုင်ငံ၏ အခွန်နှင့် GDP အချိုးကို အခြားအာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ပါက လွန်စွာ လျော့နည်းလျက်ရှိနေကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

အခွန်နှင့် GDP အချိုးနိမ့်ပါးနေခြင်းသည် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသော်လည်း ရသင့်ရထိုက်သော အခွန်ငွေများကို ရရှိအောင် မဆောင်ရွက်နိုင်သေးခြင်း၊ ပြည်သူများ၏ တိုးမြင့်လာသော ဝင်ငွေများအပေါ် ထိရောက်သော အခွန်ကောက်ခံနိုင်မှု မရှိသေးခြင်း၊အစိုးရ၏ အသုံးစရိတ်များအတွက် အခွန်အကောက်ကဏ္ဍမှ လုံလောက်သော ဝင်ငွေရှာဖွေပေးနိုင်မှုမရှိခြင်း စသည့် တိုင်းပြည်၏ ဘဏ္ဍာရေးမူဝါဒတွင် အရေးပါသောအခွန်စနစ်၏ အဓိကအားနည်းချက်များကြောင့် ဖြစ်ပါသည်။

**ထိရောက်သည့်အခွန်စနစ်နှင့် အခွန်အကောက်များ၏ ဖွဲ့စည်းပါဝင်မှု**

ထိရောက်သည့်အခွန်စနစ်တစ်ခု ပေါ်ပေါက်လာရေး အတွက် အခွန်အကောက်များ၏ ဖွဲ့စည်းပါဝင်မှု (Tax Structure) သည်လည်း အရေးကြီးသည့်ကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ အစိုးရ(၃)ဆင့်တွင် အဆင့်ဆင့်ကောက်ခံလျက်ရှိသော အခွန်အကောက်များ၏ ဖွဲ့စည်းပါဝင်မှုကို ပြန်လည်သုံးသပ်ရန် လိုအပ်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် ပစ္စည်းခွန် (Property Tax) သည် စည်ပင်သာယာရေးအဖွဲ့အစည်းများ (မြူနီစီပယ်)မှ ကောက်ခံသော ဒေသဆိုင်ရာ အခွန်အကောက် (Local Taxation) တစ်မျိုးသာ ဖြစ်ပါသည်။ သို့ရာတွင် အဆိုပါပစ္စည်းခွန် (Property Tax) သည် အခြားနိုင်ငံများတွင် GDP ၏ ၁ ရာခိုင်နှုန်းမှ ၄ ရာခိုင်နှုန်းထိ ကောက်ခံရရှိသည့် အခွန်အမျိုးအစား တစ်ရပ်ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် အခွန်ရငွေပိုမိုရရှိစေရန်သာမက အိမ်၊ ခြံ၊ မြေ စသည့် ထုတ်လုပ်မှု ဖြစ်ထွန်းပေါ်ပေါက်ခြင်း မရှိသော ငွေကြေးစီးဆင်းလည်ပတ်မှုများ (Non–Productive Circle)ကို ထိန်းသိမ်းနိုင်ရန် ပြန်လည်သုံးသပ်သင့်သော အခွန်အမျိုးအစားတစ်ရပ်ဖြစ်ပါသည်။

**ထိရောက်သည့်အခွန်စနစ်နှင့် အခွန်မူဝါဒ**

ထိရောက်သည့်အခွန်စနစ်ကောင်းတစ်ခု၏ အဓိကအကျဆုံးအခြေခံအချက်မှာ အခွန်မူဝါဒပိုင်း ဖြစ်ပါသည်။ အခွန်ကင်းလွတ်သက်သာခွင့်များခွင့်ပြုခြင်း၊ အခွန်နှုန်းထားများလျှော့ချခြင်း (ဥပမာ–စည်းကြပ်မှုမှ လွတ်ကင်းနေသောဝင်ငွေ) တို့သည် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရန်၊ နိုင်ငံသားများအား အခွန်တာဝန် မကြီးလေးစေရန် စသည့် ရည်ရွယ်ချက်ကောင်းများဖြင့် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

စာမျက်နှာ ၁၀ သို့ ❍

○ စာမျက်နှာ ၉ မှ

သို့ရာတွင် **အခွန်ဆိုသည်မှာ ပြည်သူများ ပိုင်ဆိုင်သည့် ဥစ္စာပစ္စည်း** ဟုလည်း ဆိုနိုင်သည်ဖြစ်ရာ တစ်ဦးတစ်ယောက်အား အခွန်ကင်းလွတ်သက်သာခွင့်ပြုလိုက်ခြင်းသည် ပြည်သူများပိုင်ဆိုင်သည့် ဥစ္စာခနကို ထိုတစ်ဦးတစ်ယောက်အား ပေးလိုက်သည့် သဘောဖြစ်နေပါသည်။ ထို့ပြင် အခွန်ကင်းလွတ်သက်သာခွင့်များ ခွင့်ပြုခြင်း၊ အခွန်နှုန်းထားများ လျှော့ချခြင်းတို့သည် နိုင်ငံတော်တွင် ဘတ်ဂျက်လိုငွေပြမှုများ၏ အကျိုးဆက်အဖြစ် ငွေကြေးဖောင်းပွမှုကို ဖြစ်ပေါ်လာစေနိုင်ကြောင်းကိုလည်း ဖော်ပြပါပုံချပ်တွင် လေ့လာတွေ့ရှိနိုင်ပါသည်။

**လှူဒါန်းမှုအားလက်ခံခြင်းနှင့် ဘဏ္ဍာရေးမူဝါဒ**


ဘတ်ဂျက်လိုငွေကို အခွန်ငွေဖြင့် ဖြည့်တင်းနိုင်ရေး အခွန်မူဝါဒဆိုင်ရာ ဆုံးဖြတ်ချက်များကို ချမှတ်ရာတွင် အခွန်ထမ်းများ၏ သဘောသဘာဝနှင့် နိုင်ငံ၏ အခွန်ယဉ်ကျေးမှုတို့ကိုလည်း ထည့်သွင်းစဉ်းစားသုံးသပ်ရန်လိုအပ်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ဆိုရှယ်လစ်စီးပွားရေးစနစ်တွင် ကာလရှည်ကြာ အခွန်ပေးဆောင်သည့် အလေ့အထနှင့် ကင်းကွာခဲ့သည်ဖြစ်ရာ အခွန်ထမ်းများ (အထူးသဖြင့် တိုင်းပြည်တွင် စီးပွားရေးကို ဦးဆောင်နေကြသည့် အသက်အရွယ်လူလတ်ပိုင်းများ)သည် မိမိတို့၏ အခွန်ယဉ်ကျေးမှု အခြေခံအတွေးအမြင်အရ အခွန်ပေးဆောင်ခြင်းထက် အလှူပေးခြင်းကို အားသန်နေကြကြောင်း တွေ့မြင်ရမည်ဖြစ်ပါသည်။

လှူဒါန်းမှုတစ်ရပ်သည် နိုင်ငံတော်အတွက် လိုအပ်သည့် အချိန်၊ လိုအပ်သည့်နေရာတွင် မှန်ကန်စွာ လှူဒါန်းခြင်းဖြစ်ပါက အစိုးရအသုံးစရိတ်အတွက် များစွာအထောက်အကူရရှိစေမည် ဖြစ်ပါသည်။ သို့ရာတွင် ထိုလှူဒါန်းမှုများ၏ နောက်ကွယ်တွင် အခွန်လျော့နည်းသွားမှု အကျိုးဆက်လည်း ရှိနေပါသည်။ အကြောင်းမှာ အဆိုပါလှူဒါန်းသူ၏ ဝင်ငွေမှ လှူဒါန်းငွေကို ဥပဒေနှင့်အညီ စရိတ်အဖြစ် နုတ်ပယ်ခွင့်ပြုပြီး အခွန်သက်သာခွင့်ကိုရရှိကြခြင်း ဖြစ်ပါသည်။

လှူဒါန်းမှုအား လက်ခံခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်အနေဖြင့် သတိပြုရန်အချက်မှာ ဘဏ္ဍာရေးမူဝါဒကို မထိခိုက်စေရန်ဖြစ်ပါသည်။ ဥပမာအနေဖြင့် တိုင်းပြည်၏ ဖွံ့ဖြိုးမှုစီမံကိန်းအရ မြို့နယ်တစ်ခုတွင် အမှန်လိုအပ်ချက်မှာ ဆေးရုံတည်ဆောက်ရန်ဖြစ်သော်လည်း လှူဒါန်းသူ (လုပ်ငန်းရှင်)ထံက မြို့တော်ခန်းမ တည်ဆောက်ခြင်းအတွက် အလှူငွေကို လက်ခံခြင်းအားဖြင့် ဆေးရုံတည်ဆောက်ရန် လိုအပ်သောအခွန်ငွေကို ဆုံးရှုံးစေခြင်းသည် ဘဏ္ဍာရေးမူဝါဒကို ထိခိုက်စေခြင်းပင်ဖြစ်ပါသည်။

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် မြန်မာနိုင်ငံတွင် ထိရောက်သည့်အခွန်စနစ်တစ်ခု ပေါ်ပေါက်လာရေးအတွက် MSDP နှင့်အညီ အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်သည့်နည်းတူ တစ်ဖက်မှလည်း အခွန်အကောက်များ၏ ဖွဲ့စည်းပါဝင်မှုများအပေါ် ပြန်လည်သုံးသပ်ပြင်ဆင်ခြင်း၊ အခွန်ကို လျော့နည်းဆုံးရှုံးစေခြင်းနှင့် စပ်လျဉ်းသည့် အခွန်မူဝါဒပိုင်းဆိုင်ရာ လိုအပ်ချက်များကို သုံးသပ်ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံတော်တွင် ထိရောက်သည့် အခွန်စနစ်ကောင်းတစ်ခု အမြန်ဆုံးပေါ်ပေါက်လာမည်မှာ မြေကြီးလက်ခတ်မလွဲပေ။ ။

**အခွန်ကင်းလွတ်ခွင့်များပြားလွန်းခြင်း (Excessive Tax Exemption) ၏ အကျိုးသက်ရောက်မှုများ**




ဇစ်မြစ်။ Dowell, S. (1884), A History of Taxation and Taxes in England, Longmans, Vol.1

○ ၂၀၂၀ ပြည့်နှစ်မှ

| စဉ် | နေ့ရက် | ကျောင်းသားဦးရေ | အစီအစဉ် | နံနက်ပိုင်း | နေ့လယ်ပိုင်း |
|---|---|---|---|---|---|
| ၁ | ၁၀-၈-၂၀၂၀ | (၅၀၀) ဦး အောက် | (၅)နေရာခွဲ၍ တန်းစီရန်၊ | ၀၉ : ၀၀ နာရီ မှ ၁၀ : ၃၀ နာရီ အထိ ခုံအမှတ် (၁) မှ (၁၂၅) အထိ ၁၀ : ၃၀ နာရီ မှ ၁၂ : ၀၀ နာရီ အထိ ခုံအမှတ် (၁၂၆) မှ (၂၅၀) အထိ | ၁၂ : ၃၀ နာရီ မှ ၁၄ : ၀၀ နာရီ အထိ ခုံအမှတ် (၂၅၁) မှ (၃၇၅) အထိ ၁၄ : ၀၀ နာရီ မှ ၁၅ : ၃၀ နာရီ အထိ ခုံအမှတ် (၃၇၆) မှ (၅၀၀) အထိ |
| ၂ | ၁၀-၈-၂၀၂၀ | (၅၀၀) မှ (၁၀၀၀) ဦးအထိ | (၁၀)နေရာခွဲ၍ တန်းစီရန်၊ | ၀၉ : ၀၀ နာရီ မှ ၁၀ : ၃၀ နာရီ အထိ ခုံအမှတ် (၁) မှ (၂၅၀) အထိ ၁၀ : ၃၀ နာရီ မှ ၁၂ : ၀၀ နာရီ အထိ ခုံအမှတ် (၂၅၁) မှ (၅၀၀) အထိ | ၁၂ : ၃၀ နာရီ မှ ၁၄ : ၀၀ နာရီ အထိ ခုံအမှတ် (၅၀၁) မှ (၇၅၀) အထိ ၁၄ : ၀၀ နာရီ မှ ၁၅ : ၃၀ နာရီ အထိ ခုံအမှတ် (၇၅၁) မှ (၁၀၀၀) အထိ |
| ၃ | ၁၀-၈-၂၀၂၀ | (၁၀၀၀) ဦး အထက် | (၁၆)နေရာခွဲ၍ တန်းစီရန်၊ | ၀၉ : ၀၀ နာရီ မှ ၁၀ : ၃၀ နာရီ အထိ ခုံအမှတ် (၁) မှ (၄၀၀) အထိ ၁၀ : ၃၀ နာရီ မှ ၁၂ : ၀၀ နာရီ အထိ ခုံအမှတ် (၄၀၁) မှ (၈၀၀) အထိ | ၁၂ : ၃၀ နာရီ မှ ၁၄ : ၀၀ နာရီ အထိ ခုံအမှတ် (၈၀၁) မှ (၁၂၀၀) အထိ ၁၄ : ၀၀ နာရီ မှ ၁၅ : ၃၀ နာရီ အထိ ခုံအမှတ် (၁၂၀၁) မှ နောက်ဆုံး အထိ |

၄။ ကျောင်းဝင်းအတွင်းသို့ ဝင်ရောက်ရာ၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်နိုင်ရေးအတွက် အောက်ဖော်ပြပါအတိုင်း မိဘပြည်သူများက ပူးပေါင်းဆောင်ရွက်ကူညီပေးကြပါရန် ပန်ကြားအပ်ပါသည်-

(က) အောင်စာရင်းကြည့်ရှုရန်လာစဉ်တွင် လည်းကောင်း၊ အပူချိန်တိုင်းတာနေချိန်တွင် လည်းကောင်း ၊ စနစ်တကျ လက်ဆေးနေစဉ်တွင် လည်းကောင်း၊ အောင်စာရင်းကြည့်ရှုနေစဉ်တွင် လည်းကောင်း၊ တစ်ဦးနှင့်တစ်ဦး(Physical Distancing ) အနည်းဆုံး(၆)ပေ ကွာခြားရန်၊

(ခ) အောင်စာရင်းလာရောက်ကြည့်ရှုသူများ ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ကို စနစ်တကျ လုံခြုံစွာတပ်ဆင်ရန်နှင့် အကယ်၍ဖြစ်နိုင်ပါက မျက်နှာကာ (Face Shield)ကိုလည်း စနစ်တကျ လုံခြုံစွာတပ်ဆင်ကြပါရန်၊

(ဂ) အသက်အရွယ်ကြီးရင့်သူ (အသက် ၆၀ နှင့် အထက်)နှင့် နာတာရှည်ရောဂါရှိသူများ (ဆီးချို၊ သွေးတိုး၊ ကင်ဆာ၊ အဆုတ်၊ အသည်း စသည့် )၊ နေမကောင်းသောသူများ (ချောင်းဆိုးခြင်း၊ ဖျားနာခြင်း၊ အသက်ရှူရခက်ခဲခြင်း စသည့် COVID-19 ရောဂါ သံသယလက္ခဏာများရှိသူများ)နှင့် လွန်ခဲ့သည့် ၁၄ ရက်အတွင်း COVID-19 ရောဂါ အတည်ပြုလူနာတစ်ဦးဦးနှင့် နီးကပ်စွာထိတွေ့ခဲ့မှု (Primary Contact) ရှိခဲ့သူများကို အောင်စာရင်းကြည့်ရှုရန် ကျောင်းသို့လာရောက်ခြင်း လုံးဝခွင့်မပြုပါ။

၅။ Online ဖြင့် အောင်စာရင်းကြည့်ရှုရာတွင် အင်တာနက်လိုင်းမရသောဒေသများနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသများအတွက် အောင်စာရင်းထုတ်ပြန်ကြေညာမည့် (၉.၈.၂၀၂၀)ရက်နေ့(တနင်္ဂနွေနေ့)တွင် အောင်စာရင်းနှင့်ပတ်သက်၍ မရှင်းလင်းသည်များရှိလာပါက မေးမြန်းစုံစမ်းနိုင်ရန် အောက်ဖော်ပြပါ Call Center အဖွဲ့(၇)ဖွဲ့ ဖြင့် လက်ခံဖြေကြားပေးသွားမည် ဖြစ်ပါသည်။

| စဉ် | အဖွဲ့ခေါင်းဆောင်အမည် | ရာထူး | ဌာန | ဖုန်းနံပါတ် |
|---|---|---|---|---|
| ၁။ | ဒေါက်တာကျော်ဝင်းစိုး | ညွှန်ကြားရေးမှူး | အခြေခံပညာဦးစီးဌာန | ၀၆၇ - ၃၄၀၇၈၂၁ |
| ၂။ | ဦးသန်းစိုးအောင် | ညွှန်ကြားရေးမှူး | အခြေခံပညာဦးစီးဌာန | ၀၆၇ - ၃၄၀၇၈၁၁ |
| ၃။ | ဒေါက်တာတင်ယုယုအေး | ညွှန်ကြားရေးမှူး | အခြေခံပညာဦးစီးဌာန | ၀၆၇ - ၃၄၀၇၆၉၁ |
| ၄။ | ဦးအေးလွင် | ညွှန်ကြားရေးမှူး | အခြေခံပညာဦးစီးဌာန | ၀၆၇ - ၃၄၀၇၆၈၆ |
| ၅။ | ဒေါက်တာဥမ္မာသန်း | ညွှန်ကြားရေးမှူး | အခြေခံပညာဦးစီးဌာန | ၀၆၇ - ၃၄၀၇၈၁၉ |
| ၆။ | ဦးမြင့်ဇော် | ညွှန်ကြားရေးမှူး | မြန်မာနိုင်ငံစာစစ်ဦးစီးဌာန | ၀၁ - ၆၅၃၅၀၉ |
| ၇။ | ဒေါက်တာကျော်မိုးလွင် | ညွှန်ကြားရေးမှူး | မြန်မာနိုင်ငံစာစစ်ဦးစီးဌာန | ၀၆၇ - ၃၄၃၀၁၆၉ |

၆။ ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ အမှတ်စာရင်းနှင့် အောင်လက်မှတ်ထုတ်ပေးခြင်း၊ အဖြေလွှာပြန်လည်စစ်ဆေးပေးရန် လျှောက်ထားခြင်း(Complaint ) အစီအစဉ်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ပေးနိုင်ရန်အတွက် ထပ်မံအသိပေး ကြေညာသွားမည် ဖြစ်ပါသည်။

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**
**ပညာရေးဝန်ကြီးဌာန**

# အမာမြို့၌ ဒုတိယအကြိမ် ဌာနဆိုင်ရာရုံးမြေနေရာအား မြေယာလျော်ကြေးငွေ ပေးအပ်

ဖျာပုံ ဩဂုတ် ၄

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ သိမ်းဆည်းခံမြေယာလျော်ကြေးငွေပေးအပ်ခြင်းကို ယနေ့နံနက်၈ နာရီက ဖျာပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဖျာပုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုမင်းဇော်၊ မြို့နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးတို့က အမှာစကားပြောကြားကြပြီး ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး၊ ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က မြေယာလျော်ကြေးငွေများ ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ သိမ်းဆည်းခံမြေများ မြေယာလျော်ကြေးငွေပေးအပ်ရာတွင် ငါးလုပ်ငန်းဦးစီးဌာန အမာမြို့ရုံးမြေဧရိယာသုည ဒသမ ၁၉ ဧကအတွက် မြေပိုင်ရှင် ဒေါ်ညိမ်းအေးအား နစ်နာကြေး လျော်ကြေးငွေကျပ် ၄၀၅၀၀၀၀ နှင့် စည်ပင်သာယာရေးအဖွဲ့ အမာမြို့ရုံးမြေဧရိယာပိုင်ရှင် သုံးဦးဖြစ်ကြသော မြေပိုင်ရှင် ဦးသာအောင် သုည ဒသမ ၄၇ ဧကအတွက် နစ်နာကြေး လျော်ကြေးငွေကျပ် ၁၃၅၆၈၇၀၀၊ မြေပိုင်ရှင် ဦးမောင်ဇော် သုည ဒသမ ၃၉ ဧကအတွက် နစ်နာကြေး လျော်ကြေးငွေကျပ် ၇၆၆၁၄၄၅၊ မြေပိုင်ရှင် ဦးစိုးနိုင် သုည ဒသမ ၄၁ ဧကအတွက် နစ်နာကြေး လျော်ကြေးငွေကျပ် ၇၆၆၁၄၄၅ ကို ကာယကံရှင်များထံ လျော်ကြေးငွေများအား သက်ဆိုင်ရာတာဝန်ရှိသူများက ပေးလျော်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# တောင်ကိုရီးယားနိုင်ငံ၌ ရေကြီးရေလျှံမှု၊ မြေပြိုမှုများကြောင့် ၁၃ ဦးသေဆုံးပြီး ၁၃ ဦး ပျောက်ဆုံး

**ဆိုးလ် ဩဂုတ် ၄**

တောင်ကိုရီးယားနိုင်ငံ၌ ရက်ပေါင်းကြာရှည် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများ ဖြစ်ပွားခဲ့ရာ ၁၃ ဦးထက်မနည်း သေဆုံးခဲ့ပြီး ၁၃ ဦး ပျောက်ဆုံးနေကြောင်း တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

**ရာသီဥတု ပိုမိုဆိုးရွားလာနိုင်**

ဆိုးလ်မြို့နှင့် အနီးအနားပြည်နယ်များတွင် ပြည်သူ ၁၀၀၀ ကျော်မှာ နေအိမ်များစွန့်ခွာခဲ့ရကြောင်း ဘေးအန္တရာယ်နှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ စီမံဆောင်ရွက်ရေး ဗဟိုဌာနချုပ်က ယနေ့ပြောကြားခဲ့ပြီး လာမည့်ရက်များအတွင်း ရာသီဥတု ပိုမိုဆိုးရွားလာနိုင်ကြောင်း သတိပေးလိုက်သည်။ ကျောင်ဂီပြည်နယ်တွင် အိမ်ရာတည်ဆောက်ရေး လုပ်ငန်းခွင်တစ်ခု၌ မြေပြိုမှုတစ်ခုဖြစ်ပွားခဲ့ရာ လူခြောက်ဦး သေဆုံးခဲ့သည်။ ပျောက်ဆုံးနေသူ ၁၃ ဦးတွင် မြောက်ပိုင်းချောင်ချွန်ပြည်နယ်၌ ထရပ်ကားတစ်စီး ရေစီးနှင့်မျောပါသွားခဲ့သည့် အသက် ၆၀ အရွယ် အမျိုးသားတစ်ဦးလည်း ပါဝင်ခဲ့သည်ဟု ဆိုသည်။

ရေဘေးကြောင့် စိုက်ခင်း ၅၇၅၁ ဟက်တာ ရေနစ်မြုပ်သွားခဲ့ပြီး ဆိုးလ်မြို့ရှိ အဓိက အဝေးပြေးလမ်းမကြီးတချို့ ရေလွှမ်းမိုးသွားခဲ့ရာ အစိုးရက ထိခိုက်ပျက်စီးမှုများ ကိုင်တွယ်ဖြေရှင်းရန် ရဲတပ်ဖွဲ့ဝင်နှင့် စေတနာ့ဝန်ထမ်း ၂၅၀၀၀ ကျော်အား ဆင့်ခေါ်ခဲ့သည်။ နောက်ထပ်အသက်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး အစွမ်းကုန်ကြိုးပမ်းကြရန် ဒေသဆိုင်ရာ အာဏာပိုင်များကို တိုက်တွန်းခဲ့သည့် သမ္မတ မွန်ဂျေအင်းက ယနေ့ အရေးပေါ်အစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။ ထိခိုက်ပျက်စီးမှုအချို့ရှိခဲ့သော ဆိုးလ်မြို့လယ်ရှိ ဟန်မြစ်တစ်လျှောက် ရေနစ်မြုပ်ရာ လမ်းမကြီးများ၊ တံတားများ၌ ပြုပြင်မှုလုပ်ငန်းများ ယနေ့ ပြန်လည်စတင်ခဲ့သည်။

အိမ်နီးချင်း မြောက်ကိုရီးယားနိုင်ငံ၌ နိုင်ငံပိုင်မီဒီယာများက ရေဘေးဖြစ်ပွားနိုင်ကြောင်း သတိပေးခဲ့ပြီး ဒေသအချို့မှာ မိုးသည်းထန်စွာ ရွာသွန်းမှုဖြင့် ကြုံတွေ့နေရသည်။ မြောက်ကိုရီးယားနိုင်ငံက တောင်ကိုရီးယားနိုင်ငံထံ ကြိုတင်သတိပေးမှု မပြုလုပ်ဘဲ နယ်စပ်ရှိဆည်တစ်ခု၏ ရေလွှဲပေါက်များ ဖွင့်ပေးခဲ့ကြောင်း အမည်မဖော်လိုသော အစိုးရသတင်းရင်းမြစ်များအား ကိုးကား၍ ယွန်ဟပ်သတင်းဌာနက ဖော်ပြခဲ့သည်။

**ကိုးကား- အေအက်ဖ်ပီ**
**ဘာသာပြန်- ကျော်ထိုက်စိုး**





# စပိန်ဘုရင်ဟောင်း ဂျူအန်ကားလို့စ် နိုင်ငံအတွင်းမှ ထွက်ခွာ

**မက်ဒရစ် ဩဂုတ် ၄**

စပိန်နိုင်ငံ၏ ဘုရင်ဟောင်း ဂျူအန်ကားလို့စ်သည် အကျင့်ပျက်ခြစားမှုဆိုင်ရာ စွပ်စွဲချက်များနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခံခဲ့ရပြီးနောက် သွားရောက်မည့်နေရာဒေသကို ပြောကြားခြင်းမရှိဘဲ နိုင်ငံအတွင်းမှ ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

အသက် ၈၂ နှစ်အရွယ်ရှိ ဂျူအန်ကားလို့စ်သည် လွန်ခဲ့သည့် ခြောက်နှစ်က အာဏာလက်လွှဲပေးခဲ့သည့် သားဖြစ်သူ ဖိလစ်ပီထံသို့ ဩဂုတ် ၃ ရက်တွင် ပေးပို့သည့် စာတစ်စောင်တွင် စပိန်နိုင်ငံအတွင်းမှ ထွက်ခွာမည့်ကိစ္စနှင့်စပ်လျဉ်း၍ ရေးသားပေးပို့ခဲ့ခြင်းဖြစ်သည်။

အစိုးရရှေ့နေများအနေဖြင့် မေးမြန်းရန်လိုအပ်ပါကလည်း မိမိအနေဖြင့် ဖြေကြားပေးမည်ဖြစ်ကြောင်းလည်း ဂျူအန်ကားလို့စ်က ပြောကြားခဲ့သည်။ ဆော်ဒီအာရေဗျရှိ မြန်နှုန်းမြင့်ရထားလမ်းစာချုပ်တစ်ရပ်တွင် ဂျူအန်ကားလို့စ်၏ တရားမဝင်ပါဝင်ပတ်သက်မှုနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုကို စပိန်တရားရုံးချုပ်က ဇွန်လတွင် စတင်ခဲ့ခြင်းဖြစ်သည်။

စပိန်နိုင်ငံမှ ထွက်ခွာမည့်စာတစ်စောင်ထွက်ပေါ်လာသည့် ဩဂုတ် ၃ ရက်တွင် ဂျူအန်ကားလို့စ်သည် စပိန်နိုင်ငံမှ ထွက်ခွာသွားပြီးဖြစ်လိမ့်မည်ဖြစ်ကြောင်းလည်း စပိန်နိုင်ငံ၏ El Pais သတင်းစာက ရေးသားဖော်ပြထားသည်။ အဆိုပါသတင်းစာက ဂျူအန်ကားလို့စ်မည်သည့်နေရာတွင် ရှိနေမည်ကို ရှင်းရှင်းလင်းလင်းရေးသားဖော်ပြမထားသော်လည်း စပိန်မီဒီယာတချို့ကမူ ဒိုမီနီကန်သမ္မတနိုင်ငံတွင် ရှိနေကြောင်း သတင်းဖော်ပြခဲ့သည်။

အဆိုပါဖြစ်ရပ်မှာ ၁၉၇၅ ခုနှစ်တွင် ဗိုလ်ချုပ်ကြီးဖရန်ကို သေဆုံးခဲ့ပြီးနောက် စပိန်နိုင်ငံအား အာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်သို့ ရောက်ရှိရေး အရည်အချင်းပြည့်ဝစွာလမ်းညွှန်မှုပေးခဲ့သည့် ခေါင်းဆောင်တစ်ဦးအတွက် အရှက်တကွဲအကျိုးနည်းဖွယ်ရာ ထွက်ပေါက်တစ်ခုလည်းဖြစ်ကြောင်း ဘီဘီစီသတင်းဌာန၏ ဥရောပသတင်းထောက် နစ်ဘီကီက ပြောကြားခဲ့သည်။

ဂျူအန်ကားလို့စ်သည် စပိန်နိုင်ငံ၏ ဘဏ္ဍာရေးအကျပ်အတည်းကာလအတွင်း အငြင်းပွားဖွယ်ရာ ဆင်အမဲလိုက်ခြင်းနှင့် သမီးဖြစ်သူ၏ ခင်ပွန်းပါဝင်ပတ်သက်နေသည့် အကျင့်ပျက်ခြစားမှုတို့ ဖြစ်ပွားခဲ့ပြီးနောက် ဘုရင်အဖြစ် နှစ်ပေါင်း ၄၀ နီးပါးကြာ နန်းစံခဲ့ပြီးချိန်ဖြစ်သည့် ၂၀၁၄ ခုနှစ်တွင် နန်းစွန့်ခဲ့ကြောင်းသိရသည်။

**ကိုးကား-ဘီဘီစီ၊ ဘာသာပြန်-အလင်းသစ်**

# ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၉၅၀၀၀ နီးပါးရှိလာ

**ရီယိုဒီဂျနေးရိုး ဩဂုတ် ၄**

ဘရာဇီးနိုင်ငံတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုကြောင့် သေဆုံးသူ ၅၆၁ ဦးရှိခဲ့သဖြင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူပေါင်း ၉၄၆၆၅ ဦးရှိလာခဲ့ကြောင်း ဘရာဇီးနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ထို့ပြင် ဘရာဇီးနိုင်ငံတစ်ဝန်း လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆၆၄၁ ဦးရှိခဲ့သဖြင့် ကူးစက်ခံရသူပေါင်း ၂၇၅၀၃၁၈ ဦးရှိခဲ့ကြောင်းလည်း အဆိုပါ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဘရာဇီးနိုင်ငံသည် လက်တင်အမေရိကတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု အများဆုံးနိုင်ငံဖြစ်ပြီး ကမ္ဘာပေါ်တွင် ကူးစက်ခံရမှု ဒုတိယအများဆုံးနိုင်ငံလည်း ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုတွင် အမေရိကန်နိုင်ငံပြီးနောက် ဒုတိယအများဆုံးနိုင်ငံလည်းဖြစ်ကြောင်း သိရသည်။

ဘရာဇီးနိုင်ငံ၏ လူဦးရေအများဆုံးဖြစ်သည့် ဆော်ပေါလိုပြည်နယ်သည် ဘရာဇီးနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုဗဟိုချက်ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါကူးစက်သူပေါင်း ၅၆၀၀၀၀ ရှိခဲ့ကာ သေဆုံးသူပေါင်း ၂၃၃၆၅ ဦးရှိခဲ့ကြောင်းသိရသည်။ ရီယိုဒီဂျနေးရိုး၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၆၈၀၆၄ ဦးနှင့် သေဆုံးသူပေါင်း ၁၃၆၀၄ ဦးဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် သေဆုံးမှုတွင် ဒုတိယအများဆုံးအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**






# စင်ကာပူနိုင်ငံသို့ လာရောက်သော ခရီးသည်များ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ စောင့်ကြည့်ရေး ကိရိယာဝတ်ဆင်ရမည်

**စင်ကာပူ ဩဂုတ် ၄**

စင်ကာပူနိုင်ငံသို့ လာရောက်မည့် ခရီးသည်များအား ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ စည်းမျဉ်းများကို လိုက်နာခြင်းရှိ၊ မရှိ စစ်ဆေးရန်အတွက် စောင့်ကြည့်ရေးကိရိယာများ ဝတ်ဆင်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဩဂုတ် ၁၁ ရက်မှစတင်ဆောင်ရွက်မည့် ထိုအစီအစဉ်တွင် နိုင်ငံတကာမှ လာရောက်မည့် အသက်၁၃နှစ်နှင့် အထက် ခရီးသည်များအား တည်းခိုနေထိုင်ရာအိမ်များ၌ ခွဲခြားစောင့်ကြည့်မှုခံယူစဉ် လျှပ်စစ်လက်ပတ်များကို ဝတ်ဆင်ရမည် ဖြစ်သည်။ ယင်းလျှပ်စစ်လက်ကောက်သည် ဝတ်ဆင်ထားသူ၏ အိမ်တွင်ရှိသော ဆက်သွယ်ကိရိယာနှင့် ချိတ်ဆက်ထားပြီး လက်ကောက်ဝတ်ဆင်ထားသူသည် အိမ်မှ ထွက်ခွာသွားပါက တာဝန်ရှိသူများထံ သတိပေးမည်ဖြစ်ကြောင်း သိရသည်။

ယခုထုတ်ပြန်ခဲ့သော စည်းမျဉ်းများကို တရုတ်၊ နယူးဇီလန်နှင့် အခြားသောနိုင်ငံ ခြောက်နိုင်ငံမှ ခရီးသွားများလည်း လိုက်နာရမည်ဖြစ်ပြီး ယင်းသို့ လုပ်ဆောင်ခြင်းသည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကို အောင်မြင်စွာ ထိန်းချုပ်နိုင်လိမ့်မည်ဟုလည်း စင်ကာပူနိုင်ငံက ယုံကြည်ထားသည်။ ဂျပန်နိုင်ငံမှ ခရီးသည်များမှာ အဆိုပါကိရိယာဝတ်ဆင်ရန် မလိုအပ်ဘဲ တာဝန်ရှိသူများက သတ်မှတ်ထားသောကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ စောင့်ကြည့်ရေး စင်တာများတွင် နေထိုင်ရမည်ဖြစ်သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- စိုးသူရ**

# ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး အလွယ်တကူ ရှာဖွေမတွေ့ရှိနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့သတိပေး

**ဂျီနီဗာ ဩဂုတ် ၄**

ကိုရိုနာဗိုင်းရပ်စ် ကုသရေးအတွက် အစွမ်းထက်သော ဆေးဝါးများကို အလျင်အမြန်ရှာဖွေနေလင့်ကစား ဆေးဝါးကို အလွယ်တကူ ရှာဖွေတွေ့ရှိမည်မဟုတ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဩဂုတ် ၃ ရက်တွင် သတိပေးပြောကြားခဲ့သည်။



**စီးပွားရေးအကြပ်အတည်း**

ကမ္ဘာတစ်ဝန်းရှိ အစိုးရများနှင့် နိုင်ငံသားများအား ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေး၏ အခြေခံအချက်များဖြစ်သော ရောဂါရှာဖွေစစ်ဆေးခြင်း၊ ရောဂါပိုးရှိသူနှင့် အနီးကပ်နေထိုင်သူများအား ရှာဖွေဖော်ထုတ်ခြင်း၊ လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းနှင့် နှာခေါင်းစည်းများဝတ်ဆင်ခြင်းတို့ဖြင့် ကိုဗစ်-၁၉ကပ်ရောဂါကို တားဆီးကာကွယ်ကြရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တိုက်တွန်းခဲ့သည်။ ကပ်ရောဂါ ဖြစ်ပွားမှုကြောင့် ကမ္ဘာတစ်ဝန်းတွင် လူနေမှုဘဝများ ကမောက်ကမဖြစ်ခဲ့ရပြီး စီးပွားရေးအကြပ်အတည်းများကို ကြီးမားစေခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို တားဆီးနိုင်မည့် အစွမ်းထက်ဆေးဝါးများ ပေါ်လာစေရန် မိမိတို့မျှော်လင့်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တီဒရော့စ် အက်နွန် ဂါဘရီယီဆက်က ပြောကြားသည်။ ကိုရိုနာဗိုင်းရပ်စ် ကုသရေးအတွက် အစွမ်းထက်သောဆေးဝါးများကို အလျင်အမြန်ရှာဖွေနေလင့်ကစား ဆေးဝါးကို အလွယ်တကူရှာဖွေတွေ့ရှိမည်မဟုတ်ကြောင်း တီဒရော့စ်က ပြောကြားသည်။

၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှ တရုတ်နိုင်ငံ ဝူဟန်မြို့တွင် စတင်ဖြစ်ပွားခဲ့သော နိုဗယ်ကိုရိုနာဗိုင်းရပ်စ် ရောဂါကြောင့် လူ ၆၉၀၀၀၀ နီးပါး သေဆုံးပြီး ၁၈ ဒသမ ၁ သန်းအား ကူးစက်ခဲ့ကြောင်း သိရသည်။

**အခြေခံအုတ်မြစ်**

ကိုဗစ်-၁၉ ရောဂါ၏ ဇစ်မြစ်ကို ရှာဖွေဖော်ထုတ်နိုင်ရန်အတွက် ပညာရှင်များအား နိုင်ငံအတွင်းသို့ ဖိတ်ခေါ်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တရုတ်နိုင်ငံအား မေလအစောပိုင်းတွင် ညွှန်ကြားခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဇူလိုင် ၁၀ ရက်တွင် ရောဂါဗေဒပညာရှင်များနှင့် တိရစ္ဆာန်ဆေးဝါးပညာ ကျွမ်းကျင်သူများအား ပေကျင်းသို့စေလွှတ်ပြီး ကိုရိုနာဗိုင်းရပ်စ် ရောဂါပိုးသည် လူ့ကိုယ်ခန္ဓာကလပ်စည်းများအတွင်းသို့ မည်သို့ကူးစက်သည်ကို လေ့လာအတည်ပြုခဲ့ကြသည်။ ယခုအချိန်တွင် အထက်ပါလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ပြီးကြောင်း တီဒရော့စ်က ပြောကြားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ပညာရှင်များပါဝင်သော အဖွဲ့အနေနဲ့ ယခုအချိန်မှာ ပူးပေါင်းဆောင်ရွက်မှု တွေပြုလုပ်ပြီး ကိုရိုနာဗိုင်းရပ်စ်ရဲ့ အရင်းအမြစ်ကို ရှာဖွေဖော်ထုတ်တဲ့ လုပ်ငန်းဆောင်ရွက်ခြင်းဆိုင်ရာ အခြေခံအုတ်မြစ်ကို ချမှတ်နိုင်ခဲ့ပါတယ်ဟု ၎င်းကပြောကြားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပညာရှင်တွေနဲ့ တရုတ်ဆေးပညာရှင်တွေ ပူးပေါင်းပြီး ကိုရိုနာဗိုင်းရပ်စ် လေ့လာရေးဆိုင်ရာ အကိုးအကားတွေကို အကြမ်းသတ်မှတ်ခြင်းနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဦးဆောင်တဲ့ လုပ်ငန်းအဖွဲ့အတွက် လုပ်ငန်းအစီအစဉ်သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်ဟု ဆက်လက်ပြောကြားသည်။

နိုင်ငံတကာလေ့လာရေးအဖွဲ့တွင် တရုတ်နိုင်ငံမှ သုတေသနပညာရှင်များနှင့် ကမ္ဘာတစ်ဝန်းမှ ထိပ်တန်းဆေးသိပ္ပံပညာရှင်များ ပါဝင်မည် ဖြစ်ကြောင်းသိရသည်။ ထိုအဖွဲ့အနေဖြင့် ကနဦးဖြစ်ပွားခဲ့တဲ့ ရောဂါဖြစ်ပွားမှုတွေရဲ့ အရင်းအမြစ်ကို ဝူဟန်တွင် ရှာဖွေဖော်ထုတ်ရန်အတွက် ရောဂါဗေဒဆိုင်ရာလေ့လာ မှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးသည် ဝူဟန်ရှိ ဈေးတစ်ခုမှ စတင်ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်ပြီး တိရစ္ဆာန်မှ လူသို့ကူးစက်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-စိုးသူရ**

# အမေရိကန်သမ္မတရွေးကောက်ပွဲအား စီစဉ်ထားသည့်အတိုင်း နိုဝင်ဘာလတွင် ကျင်းပမည်ဟုဆို

**ဝါရှင်တန် ဩဂုတ် ၄**

အမေရိကန်သမ္မတရွေးကောက်ပွဲသည် နှောင့်နှေးဖွယ်ရှိကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က အစောပိုင်းတွင် ပြောကြားခဲ့ပြီးနောက် စီစဉ်ထားသည့်အတိုင်း နိုဝင်ဘာ ၃ ရက်တွင် ကျင်းပသွားမည်ဟု သမ္မတအိမ်ဖြူတော်အရာရှိများက ပြောကြားသည်။

အမေရိကန်သမ္မတရွေးကောက်ပွဲကို နိုဝင်ဘာ ၃ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း အိမ်ဖြူတော်ဝန်ထမ်းရေးရာ အရာရှိချုပ် မာ့ခ်မီယာဒိုးစ်က စီဘီအက်စ် သတင်းဌာနနှင့် တွေ့ဆုံစဉ်တွင် ပြောကြားခဲ့သည်။

သမ္မတထရမ့်၏ မဲဆွယ်စည်းရုံးရေး အကြံပေး ဂျေဆင်မီလာကလည်း ဖောက်စ်သတင်းဌာနနှင့် တွေ့ဆုံရာတွင် ရွေးကောက်ပွဲကို နိုဝင်ဘာ ၃ ရက်တွင် ကျင်းပမည်ဖြစ်ပြီး သမ္မတထရမ့်ကလည်း ယင်းရက်တွင်ပင် ဖြစ်စေချင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

အွန်လိုင်းမှတစ်ဆင့် အဝေးရောက် မဲပေးခြင်းသည် သမိုင်းတွင် ၂၀၂၀ ပြည့်နှစ် အမေရိကန်သမ္မတရွေးကောက်မှု မှန်ကန်မှုမရှိဆုံးနှင့် လိမ်လည်မှုအများဆုံးဖြစ်စေမည်ဟု ပြောကြားခဲ့ပြီး နိုဝင်ဘာလတွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲမှာ ရွှေ့ဆိုင်းနိုင်ခြေရှိကြောင်း ဇူလိုင် ၃၀ ရက်တွင် သမ္မတထရမ့်က ထုတ်ဖော်ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ဇော်ဝင်း**




# မိုက်ပွန်ပီယိုနှင့် တာလီဘန်အဖွဲ့ ညှိနှိုင်းရေးမှူးချုပ် အာဖဂန်ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆွေးနွေး



အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယို

**ဒိုဟာ ဩဂုတ် ၄**

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုသည် အာဖဂန်နစ္စတန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အကြောင်း ဆွေးနွေးရန် တာလီဘန်အဖွဲ့၏ စေ့စပ်ညှိနှိုင်းရေးမှူးချုပ် မူလာဘရာဒါ အာခန်နှင့် ယမန်နေ့က ဗီဒီယိုကွန်ဖရင့်တစ်ရပ် ကျင်းပခဲ့ကြောင်း တာလီဘန်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

**နိုင်ငံရေးပြိုင်ဆိုင်မှု**

ပွန်ပီယိုနှင့် ကာတာနိုင်ငံအခြေစိုက် ဘရာဒါတို့သည် တာလီဘန်အဖွဲ့၏ တောင်းဆိုချက်ကြောင့် အာဖဂန်အစိုးရက လွှတ်ပေးခဲ့သော အကျဉ်းသားများကိစ္စ ဆွေးနွေးခဲ့ကြောင်း ဒိုဟာမြို့တော်ရှိ တာလီဘန်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဆူဟီးလ်ရှာဟန်းက တွစ်တာလူမှုကွန်ရက်၌ ရေးသားခဲ့သည်။ ဖေဖော်ဝါရီလအတွင်း တာလီဘန်အဖွဲ့နှင့် အမေရိကန်နိုင်ငံတို့ လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီချက်တစ်ရပ်အရ အာဖဂန်ဆွေးနွေးပွဲများကို မတ်လအတွင်း စတင်ရန်စီစဉ်ခဲ့သော်လည်း အာဖဂန်နစ္စတန်နိုင်ငံ၌ နိုင်ငံရေးပြိုင်ဆိုင်မှုကြောင့် ကြန့်ကြာခဲ့ရသည်။

**အကျဉ်းသား ၅၀၀၀ ဝန်းကျင် လွှတ်ပေးရမည်**

သဘောတူညီချက်အရ တာလီဘန်အဖွဲ့က ထိန်းသိမ်းထားသော အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင် ၁၀၀၀ လွှတ်ပေးမှုအား တုံ့ပြန်သည့်အနေဖြင့် အာဖဂန်နစ္စတန်နိုင်ငံက တာလီဘန် အကျဉ်းသား ၅၀၀၀ ဝန်းကျင်ကို လွှတ်ပေးရမည်ဖြစ်သည်။ ပြီးခဲ့သည့်အပတ်က တာလီဘန်အကျဉ်းသား ၃၀၀ လွှတ်ပေးခဲ့ရာ လက်ရှိအချိန်ထိ လွှတ်ပေးခဲ့သော တာလီဘန် အကျဉ်းသား စုစုပေါင်း ၄၉၀၀ ကျော် ရှိလာခဲ့ပြီဟု အမျိုးသား လုံခြုံရေးကောင်စီက ဩဂုတ် ၂ ရက်တွင် ပြောကြားခဲ့သည်။

တာလီဘန်အဖွဲ့က လွှတ်ပေးရန် တောင်းဆိုခဲ့သည့် ဆိုးရွားသော ရာဇဝတ်မှု ကျူးလွန်ခဲ့သည်ဆိုသော ရာနှင့်ချီသည့် အကျဉ်းသားများ လွှတ်ပေးရန် အာဖဂန်အာဏာပိုင်များက ငြင်းဆန်ခဲ့သည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# ကမ္ဘောဒီးယား၌ အမေရိကန်သံတမန်တစ်ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

**ဖနောင်ပင် ဩဂုတ် ၄**

ကမ္ဘောဒီးယားနိုင်ငံ၌ နောက်ထပ် အမေရိကန်သံတမန်တစ်ဦး ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခဲ့ရာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ချိန်မှ စ၍ ယနေ့အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော အမေရိကန် သံတမန် လေးဦးရှိလာကြောင်း ကမ္ဘောဒီးယားအစိုးရက ယနေ့ အတည်ပြုပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့် အဆိုပါ အမေရိကန်သံတမန်သည် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ အဆင့်မြင့်သံတမန်တစ်ဦးဖြစ်ပြီး အမေရိကန်ပြည်ထောင်စုမှတစ်ဆင့် တောင်ကိုရီးယားနိုင်ငံနှင့် ဆက်စပ်သည့် လေယာဉ်တစ်စင်းဖြင့် မကြာသေးမီက ကမ္ဘောဒီးယားနိုင်ငံသို့ ရောက်ရှိလာခဲ့ကြောင်း ကမ္ဘောဒီးယား ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်အရ သိရသည်။

အဆိုပါ သံတမန်သည် ကမ္ဘောဒီးယားနိုင်ငံသို့ ရောက်ရှိခဲ့ပြီးနောက် သီးခြားခွဲ၍နေပြီး ၁၅ ရက်ပြည့်သည့်နေ့ ဩဂုတ် ၃ ရက်က ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ တတိယအကြိမ် စမ်းသပ်စစ်ဆေးမှုခံယူခဲ့ရာ ၎င်းမှာ ကိုဗစ်-၁၉ ရောဂါပိုး စမ်းသပ်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးက ပြောကြားသည်။

တာဝန်ရှိသူများသည် အဆိုပါ သံတမန်ကို ဖနောင်ပင်မြို့အခြေစိုက် အမေရိကန်သံရုံးရှိ သီးခြား စောင့်ကြည့်ရေးစင်တာ၌ သီးခြားခွဲ၍ထားပြီး အမေရိကန်သံရုံးရှိ အမေရိကန်ဆရာဝန်များက အနီးကပ်ဆေးဝါးကုသပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ သံတမန်သည် မကြာသေးမီ သီတင်းပတ်များအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ အမေရိကန်သံတမန်များအနက် စတုတ္ထမြောက် သံတစ်မန်တစ်ဦး ဖြစ်လာခဲ့သည်။ သို့သော် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသည့် အမေရိကန်သံတမန် လေးဦးအနက် နှစ်ဦးသည် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာသွားကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဂျေတီ**

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

**ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ ၁၈၄၈၉၆၁၃ ဦး**

**သေဆုံးသူ ၆၉၈၅၁၀ ဦး**

**ပြန်လည်ကျန်းမာလာသူ ၁၁၇၁၆၈၂၇ ဦး**

# လက်တင်အမေရိကနှင့် ကာရစ်ဘီယံဒေသများတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ငါးသန်းကျော်ရှိ



**ပါရီ ဩဂုတ် ၄**

လက်တင်အမေရိကနှင့် ကာရစ်ဘီယံဒေသများတွင် ဩဂုတ် ၃ ရက်အထိ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ငါးသန်းကျော်ရှိသွားပြီဖြစ်ပြီး ယင်းအရေအတွက်၏ ထက်ဝက်ကျော်မှာ ဘရာဇီးနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူများအဖြစ် မှတ်ပုံတင်ထားသူများဖြစ်သည်ဟု အေအက်ဖ်ပီသတင်းဌာနက ကောက်ယူထားသည့်စာရင်းအရ သိရသည်။

လက်တင်အမေရိကနှင့် ကာရစ်ဘီယံဒေသတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် သေဆုံးသူပေါင်း ၂၀၀၀၀၀ ကျော်ရှိပြီဖြစ်သည်။

လူဦးရေ သန်း ၂၁၀ ကျော်ရှိသည့် ဘရာဇီးနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ရောဂါကူးစက်ခံရသူ ၂ ဒသမ ၇၅ သန်းအထိ စံချိန်တင်တွေ့ရှိခဲ့ပြီး သေဆုံးသူပေါင်း ၉၄၀၀၀ ကျော်ရှိပြီဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၄ ဒသမ ၈ သန်းနှင့် ယင်းဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၁၅၅၀၀၀ နီးပါး ရှိသည်။ အမေရိကန်ပြည်ထောင်စုသာလျှင် လက်တင်အမေရိကဒေသမှ ရောဂါပိုးကူးစက်ခံရသူ အများဆုံးရှိသည့် ဘရာဇီးနိုင်ငံထက် ကူးစက်မှုပမာဏအကြီးမားဆုံးဖြစ်သည်။

လက်တင်အမေရိကဒေသတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ဒုတိယအများဆုံးနိုင်ငံမှာ ပီရူးနိုင်ငံဖြစ်ပြီး ရောဂါကူးစက်ခံရသူ ၄၂၈၀၀၀ ရှိပြီး ၁၉၆၀၀ သေဆုံးခဲ့သည်။

ပီရူးနိုင်ငံ၌ လွန်ခဲ့သည့် တစ်လခန့်အတွင်းက ၎င်းနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ အရှိန်မြှင့်စတင်နိုင်ရေးအတွက် နိုင်ငံတွင်းရှိ အသွားအလာပိတ်ဆို့ထားခဲ့သည့် ဒေသ ၂၅ ခု အနက်မှ ၁၇ ခုအား ဖြေလျှော့မှုများ တဖြည်းဖြည်းချင်း လျှော့ချပေးခဲ့စဉ်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုများ သိသာထင်ရှားစွာတွေ့ရှိရသည်ဟု ဆိုသည်။

တရားဝင်ကိန်းဂဏန်းများအရ ပီရူးနိုင်ငံ၌ ဗိုင်းရပ်စ်ပိုး နေ့စဉ် ကူးစက်ခံရသူအရေအတွက်မှာ ၃၃၀၀ ဝန်းကျင်မှ ၆၃၀၀ အထိ နှစ်ဆနီးပါးမြင့်တက်လာခဲ့သည်။

**ကိုးကား–အေအက်ဖ်ပီ**
**ဘာသာပြန်–ဇော်ဝင်း**

# အမေရိကန်လူငယ် ၇၀ ရာခိုင်နှုန်းက အဏုမြူလက်နက်များ မလိုအပ်ဟုမြင်ကြောင်း စစ်တမ်းတစ်ရပ်တွင် ဖော်ပြ

**တိုကျို ဩဂုတ် ၄**

အင်န်အိတ်ချ်ကေသတင်းဌာန ဟီရိုရှီးမားဗျူရိုမှ ကောက်ယူခဲ့သော စစ်တမ်းတစ်ရပ်အရ အမေရိကန်လူငယ် ၇၀ ရာခိုင်နှုန်းခန့်က အဏုမြူလက်နက်များ မလိုအပ်ကြောင်း ယူဆကြသည်ဟု ဖော်ပြသည်။

ဂျပန်နိုင်ငံမှ ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့များပေါ်သို့ အမေရိကန်က အဏုမြူဗုံးများ ကြဲချခဲ့သည့် (၇၅) နှစ်ပြည့် နှစ်ပတ်လည်နေ့မတိုင်မီ အသက် ၁၈ နှစ်မှ ၃၄ နှစ်အကြားရှိ လူအုပ်စုသုံးစုကို အင်န်အိတ်ချ်ကေက အွန်လိုင်းမှ တစ်ဆင့် စစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်သည်။

စစ်တမ်းကောက်ယူခဲ့သည့်ပထမအုပ်စုမှာ ဟီရိုရှီးမားစီရင်စုအတွင်းနေထိုင်သူများဖြစ်ပြီး ဒုတိယအုပ်စုမှာ ဂျပန်နိုင်ငံရှိ အခြားဒေသများ၌ နေထိုင်သူများဖြစ်သည်။ တတိယအုပ်စုမှာ အမေရိကန်ပြည်ထောင်စုအတွင်း နေထိုင်သူများဖြစ်သည်။ စစ်တမ်းကောက်ယူသည့် အုပ်စုတစ်စုစီမှ လူဦးရေ ၁၀၀၀ ခန့်က စစ်တမ်းကောက်ယူမှုအပေါ် တုံ့ပြန်ဖြေကြားခဲ့ကြသည်။

ဟီရိုရှီးမားစီရင်စု၌ နေထိုင်သူ ၈၇ ရာခိုင်နှုန်းနှင့် ဂျပန်နိုင်ငံ၏ အခြားဒေသများ၌ နေထိုင်သူ ၈၅ ရာခိုင်နှုန်းတို့က အဏုမြူလက်နက်များ မလိုအပ်ကြောင်း ဖြေကြားခဲ့သည်။

စစ်တမ်းဖြေဆိုသည့် တတိယအုပ်စုဖြစ်သော အမေရိကန်ပြည်ထောင်စုအတွင်းမှ ဖြေဆိုသူ ၇၀ ရာခိုင်နှုန်းခန့်ကလည်း အဏုမြူလက်နက်များ မလိုအပ်ကြောင်း ဖြေကြားခဲ့ပြီး ယင်းလက်နက်များသည် လူအများအပြားကို သေကျေထိခိုက်ဒဏ်ရာရစေသည်ဟု ဆိုသည်။

လွန်ခဲ့သည့် ၇၅ နှစ်က အမေရိကန်နိုင်ငံမှ ဂျပန်နိုင်ငံအား အဏုမြူဗုံးဖြင့် တိုက်ခိုက်ခဲ့မှုအပေါ် ၎င်းတို့၏ အမြင်များကို မေးမြန်းရာတွင် စစ်တမ်းဖြေကြားသူ ၄၆ ဒသမ ၆ ရာခိုင်နှုန်းက အဏုမြူလက်နက်အသုံးပြုခဲ့မှုကို ခွင့်မလွှတ်နိုင်သည့်အရာဟု ဖြေကြားခဲ့ပြီး ၃၁ ဒသမ ၄ ရာခိုင်နှုန်းက အဏုမြူလက်နက်အသုံးပြုမှု လိုအပ်ကြောင်း ဖြေကြားခဲ့သည်။

**ကိုးကား–အင်န်အိတ်ချ်ကေ**
**ဘာသာပြန်–ဇော်ဝင်း**

# ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၁၅၉ ဦးတွေ့ရှိပြီး ၁၄၄ ဦး ထပ်မံသေဆုံး

**မော်စကို ဩဂုတ် ၄**

ရုရှားနိုင်ငံ၌ ယနေ့ တစ်ရက်တာအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၅၁၅၉ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၈၆၁၄၂၃ ဦး ရှိလာကြောင်း၊ ထို့အတူ ရုရှားနိုင်ငံတစ်ဝန်း၌ ကိုဗစ်–၁၉ ရောဂါကြောင့် ၁၄၄ ဦး ယနေ့ ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် နိုင်ငံတစ်ဝန်း၌ သေဆုံးသူပေါင်း ၁၄၃၅၁ ဦး ရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်–၁၉ ရောဂါ တုံ့ပြန်ရေးဗဟိုဌာနမှ ယနေ့ထုတ်ပြန်ထားသည့် ကြေညာချက်အရ သိရသည်။

ထို့အပြင် နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါ အဆိုးဆုံးထိခိုက်သွားသည့် မြို့တော်မော်စကို၌ တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၆၉၁ ဦး ထပ်မံတွေ့ရှိခဲ့ရာ မော်စကိုမြို့၌ ယနေ့အထိ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၄၄၀၉၇ ဦး ရှိလာကြောင်း သိရသည်။

သို့သော် ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသည့်လူနာ ၇၈၇၈ ဦး ရောဂါ ကင်းစင်ပြီး ဆေးရုံများမှ ထပ်မံပြန်ဆင်းခဲ့ကြရာ နိုင်ငံတစ်ဝန်း၌ ကိုဗစ်–၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၆၆၁၄၇၁ ဦး ရှိလာကြောင်း သိရသည်။

ရုရှားအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် ရောဂါစမ်းသပ်စစ်ဆေးမှုကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိရာ ကိုဗစ်–၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ချိန်မှစ၍ ယမန်နေ့အထိ တစ်နိုင်ငံလုံးတွင် လူဦးရေ ၂၉ ဒသမ ၂ သန်းကျော်၏နမူနာကို ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ကြောင်း သိရသည်။ ရုရှားနိုင်ငံ၌ လူနာ ၂၄၇၄၇၆ ဦးသာ ဆေးဘက်ဆိုင်ရာ စောင့်ကြည့်မှုခံယူလျက်ရှိကြောင်း ရုရှားစားသုံးသူ အခွင့်အရေးနှင့် လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဂျေတီ**




# ကာဇက်စတန်နိုင်ငံ၌ ကျန်းမာရေးဝန်ထမ်း ၈၅၁၈ ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

**နူရ်ဆူလ်တန် ဩဂုတ် ၄**

ကာဇက်စတန်နိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ချိန်မှစ၍ ယနေ့အထိ ကျန်းမာရေးဝန်ထမ်း ၈၅၁၈ ဦး ကိုဗစ်–၁၉ ရောဂါကူးစက်ခံခဲ့ရကြောင်း ကာဇက်စတန်ကျန်းမာရေးဝန်ကြီးဌာနက ယမန်နေ့တွင် ပြောကြားသည်။

ကိုဗစ်–၁၉ ရောဂါ သို့မဟုတ် အဆုတ်ရောင်ရောဂါ ကူးစက်ခံရသော ဆေးဘက်ဆိုင်ရာဝန်ထမ်းအားလုံးသည် နစ်နာကြေးရရှိကြမည်ဖြစ်ကြောင်း၊ သို့သော် ဆေးဘက်ဆိုင်ရာဝန်ထမ်းများအကြား အဆုတ်ရောင်ရောဂါ ကူးစက်ခံရသူဦးရေကိုမူ မရရှိသေးကြောင်း ကာဇက်စတန်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဩဂုတ် ၂ ရက်က ကာဇက်စတန်နိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၁၀၆၉ ဦးနှင့် ကိုဗစ်–၁၉ ရောဂါ လက္ခဏာပြသထားသည့် အဆုတ်ရောင်ရောဂါ ကူးစက်ခံရသူ ၇၉၈ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ကြောင်း သိရသည်။ ယင်းနေ့မှာပင် ကာဇက်စတန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ရောဂါပြင်းထန်သည့် လူနာ ၃၄ ဦး ထပ်မံတွေ့ရှိခဲ့သလို အဆုတ်ရောင်ရောဂါကြောင့် လူနာ ၂၁ ဦး သေဆုံးမှုလည်း ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ကာဇက်စတန်နိုင်ငံ၌ ယခုနှစ် နှစ်ဆန်းပိုင်းမှ ဩဂုတ် ၂ ရက်အထိ အဆုတ်ရောင်ရောဂါ ကူးစက်ခံရသူပေါင်း ၂၅၆၅၀၀ ခန့်ရှိပြီး ၎င်းတို့အနက် ၄၀၀၀ ကျော်သည် အဆိုပါရောဂါကြောင့် သေဆုံးခဲ့ကြောင်း၊ ယမန်နှစ် အလားတူကာလအတွင်း ကာဇက်စတန်နိုင်ငံ၌ အဆုတ်ရောင်ရောဂါ ကူးစက်ခံရသူ ၇၇၀၀၀ ခန့်သာ ရှိကြောင်း ကျန်းမာရေးဝန်ကြီး တီဆွိုင်က ပြောကြားသည်။

ကာဇက်စတန်နိုင်ငံသည် ယခုနှစ် ဇွန်လကတည်းက ကိုဗစ်–၁၉ ရောဂါနှင့် အဆုတ်ရောင်ရောဂါကူးစက်မှု အမြင့်ဆုံးနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသလို ယခုနှစ် ဩဂုတ် ၁ ရက်မှစ၍ ကိုဗစ်–၁၉ ရောဂါလက္ခဏာပြသထားသည့် အဆုတ်ရောင်ရောဂါကိုလည်း နေ့စဉ်လိုလို စမ်းသပ်တွေ့ရှိခဲ့ကြောင်း တီဆွိုင်က ထပ်မံပြောကြားသည်။

ကာဇက်စတန်နိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ချိန်မှစ၍ လက်ရှိအချိန်အထိ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၉၂၆၆၃ ဦးရှိပြီး ၎င်းတို့အနက် ၁၀၅၈ ဦးသည် အဆိုပါရောဂါကြောင့် သေဆုံးခဲ့သည်။ သို့သော် ကာဇက်စတန်၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၆၂၅၁၁ ဦးသည် ကိုဗစ်–၁၉ ရောဂါမှ ပြန်လည် ကျန်းမာသွားကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဂျေတီ**




# အစ္စရေးနှင့် အမေရိကန်လေတပ်ဖွဲ့တို့ ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်

**ဂျေရုဆလင် ဩဂုတ် ၄**

အစ္စရေးလေတပ်က အမေရိကန်လေတပ် ဗဟိုကွပ်ကဲမှုဌာနနှင့်အတူ ယခုနှစ်အတွင်း ဒုတိယအကြိမ်မြောက် ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ရပ် လုပ်ဆောင်ခဲ့ကြောင်း အစ္စရေးနိုင်ငံက ပြောကြားသည်။

"Enduring Lightning 2" ဟု ခေါ်ဆိုသော ပူးတွဲလေတပ်ဆိုင်ရာ လေ့ကျင့်မှုကို ဩဂုတ် ၂ ရက်က အစ္စရေးနိုင်ငံတောင်ပိုင်းတွင် ပြုလုပ်ခဲ့သည်။ စစ်ရေးလေ့ကျင့်မှုကို အစ္စရေးကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ပြုလုပ်ခဲ့ပြီး စီစဉ်ခြင်းနှင့် ဆောင်ရွက်ချက် ပြန်လည်အစီရင်ခံခြင်းကို အွန်လိုင်းမှတစ်ဆင့် ပြုလုပ်ခဲ့ကြောင်း အစ္စရေးတပ်မတော်က ပြောကြားသည်။ အမေရိကန်နှင့် အစ္စရေးလေတပ်ဖွဲ့များက လေ့ကျင့်မှုနှင့် အပြန်အလှန်သင်ကြားမှုအပါအဝင် နီးကပ်သော ပူးပေါင်းဆောင်ရွက်မှုရှိသည်။

ဇူလိုင်လအတွင်း ဆီးရီးယားနိုင်ငံ၌ အစ္စရေးနိုင်ငံ၏ လေကြောင်းတိုက်ခိုက်မှုအတွင်း အီရန်နိုင်ငံက ပံ့ပိုးပေးထားသော လက်ဘနွန်လက်နက်ကိုင်အဖွဲ့တစ်ခုဖြစ်သည့် ဟက်ဇ်ဘိုလာမှ တိုက်ခိုက်ရေးသမားတစ်ဦး သေဆုံးမှုကြောင့် အစ္စရေးနယ်စပ်တစ်လျှောက် လက်ဘနွန်၊ ဆီးရီးယားတို့နှင့် တင်းမာမှုများဖြစ်ပွားနေစဉ် လေတပ်လေ့ကျင့်မှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–ကျော်ထိုက်စိုး**

# တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား AA အကြမ်းဖက်သောင်းကျန်းသူများက ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်

**နေပြည်တော် ဩဂုတ် ၄**

ရခိုင်ပြည်နယ် မောင်တော တောင်ဘက်ခြမ်းဒေသတွင် နယ်မြေလုံခြုံရေး ဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ယမန်နေ့ မွန်းလွဲပိုင်းတွင် AA အကြမ်းဖက်သောင်းကျန်းသူများက ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်မှု ဖြစ်စဉ် ဖြစ်ပွားခဲ့ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါသတင်းထုတ်ပြန်ချက်တွင် ဩဂုတ် ၃ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တရားဥပဒေစိုးမိုးရေး၊ နယ်မြေလုံခြုံရေးနှင့် တရားမဝင် ဝင်ရောက်မှုများ မရှိစေရေးအတွက် အင်းဒင်နှင့် စေတီပြင်ကျေးရွာတစ်ဝိုက်၌ လုံခြုံရေးတာဝန်များ ဆောင်ရွက်နေစဉ် မေယုတောင်ကြောပေါ်ရှိ အင်းဒင်တောင်ကျော်လမ်းတွင် AA အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို နှစ်ကြိမ် ချောင်းမြောင်းတိုက်ခိုက်သဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်ရာ အကြမ်းဖက်သောင်းကျန်းသူများ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ ယင်းဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်တချို့ ထိခိုက်ကျဆုံးဒဏ်ရာရရှိခဲ့ပြီး လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ဦးစီးမှူးတစ်ဦး သေဆုံးခဲ့ကြောင်း ဖော်ပြထားသည်။

ဩဂုတ် ၂ ရက်ကလည်း မေယုတောင်တန်းပေါ်၌ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များကို AA အကြမ်းဖက်သောင်းကျန်းသူများက ချောင်းမြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီး နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ပျက်ပြားစေရန် ရည်ရွယ်ချက်ရှိရှိ နှောင့်ယှက်လျက်ရှိသောကြောင့် AA အကြမ်းဖက်သောင်းကျန်းသူများကို အကြမ်းဖက်နှိမ်နင်းမှုစစ်ဆင်ရေး Counter – Terrorism Operation ဆက်လက်ပြုလုပ်လျက်ရှိကြောင်း သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



## မြို့နယ်အချို့၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၄**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ ဇူလိုင် ၂၁ ရက်မှ ၃၀ ရက်အထိ သစ်တော ဦးစီးဌာနမှ ဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အလောင်းတော်ကဿပအမျိုးသားဥယျာဉ်အတွင်းမှ မဟာမြိုင်ကြိုးဝိုင်းအတွင်း တရားမဝင် ကညင်သစ် ၁၁ တန်၊ ဗန်းမောက်– ဖောင်းပြင်သွားလမ်းတွင် တရားမဝင်ကျွန်းသစ် ကိုးတန်၊ ဘုန်းတောင်ကြိုးဝိုင်းအကွက်အမှတ် (၂၅၊ ၅၁) အတွင်းမှ မော်တော်ယာဉ်တစ်စီးနှင့် တရားမဝင် ကျွန်းသစ်/ခွဲသား သုံးတန်၊ ကျောက်တံခါးမြို့နယ်၊ စိန်ကန့်လန့်–မြို့ချောင်းကားလမ်း၊ ရဲနွယ်ကြိုးဝိုင်းနှင့် ဘိုင်းဒါးကြိုးဝိုင်းနေရာများမှ တရားမဝင် ကျွန်း/ ပျဉ်းကတိုးခွဲသား ၁၁ ဒသမ ၆၂၃၆ တန်၊ မြစ်ကြီးနားခရိုင် မြစ်ကြီးနားမြို့နယ် တနိုင်း–ရှင်ဗွေယန် ကားလမ်းမဘေး ဟူးကောင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း တရားမဝင် ကြေးလံ/ စကားဝါ ရှစ်တန်တို့အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည်။

ပင်လည်ဘူးမြို့နယ် ဝါးဘိုးချောင်းကျေးရွာ တောင်ခြေတွင် မော်တော်ယာဉ်ပေါ်မှ တရားမဝင် တမလန်းခွဲသား သုည ဒသမ ၄၉၃၄ တန်နှင့် ပြစ်မှုကျူးလွန်သူ တစ်ဦး၊ ပုလဲမြို့နယ် ပုလဲ– ဂန့်ဂေါ ကားလမ်း မိုင်တိုင် (၃၀/၆) အနီး နွယ်ရှောက်ကျေးရွာသွားလမ်းဆုံတွင် မော်တော်ယာဉ် နှစ်စီးအပေါ်မှ တရားမဝင် ကျွန်းခွဲသား ၁၆၆ ချောင်း (တစ်တန်)နှင့် ပြစ်မှုကျူးလွန်သူ နှစ်ဦး၊ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် သင်ပန်းကုန်းကျေးရွာ ဘက်စုံတံတားအနီး မော်တော်ယာဉ်ပေါ်မှ တရားမဝင် သစ်ယား/ မျောက်ချော ခွဲသား နှစ်တန်နှင့် ပြစ်မှုကျူးလွန်သူ နှစ်ဦး၊ ကျောက်ဆည်မြို့နယ် ကျောက်ဆည် – တံတားဦးသွားကားလမ်း ဒွေးလှကျေးရွာ တံတားသစ်အနီးနေရာ၌ မော်တော်ယာဉ်ပေါ်မှ တရားမဝင်ကျွန်းခွဲသား နှစ်တန်နှင့် ပြစ်မှုကျူးလွန်သူ နှစ်ဦး၊ ကွတ်ခိုင်မြို့နယ် ကောင်းခါးလမ်းခွဲအနီး မော်တော်ယာဉ်ပေါ်မှ တရားမဝင် နံ့သာဖြူ(အစို) ၂၇၀ ပိဿာအား ပြစ်မှုကျူးလွန်သူ နှစ်ဦးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း(နေပြည်တော်)**

## AA အကြမ်းဖက်သောင်းကျန်းသူ အမာခံနှစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၄**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်၌ AA အကြမ်းဖက်သောင်းကျန်းသူ အမာခံနှစ်ဦး ဖမ်းဆီးရမိကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါသတင်းထုတ်ပြန်ချက်တွင် ကျောက်ဖြူမြို့နယ် ကြံချိုင်ကျေးရွာနေ စံသိန်းတင် (ခ) ဘေထုပ် (၅၇ နှစ်)သည် AA အကြမ်းဖက်သောင်းကျန်းသူတို့၏ စေခိုင်းချက်အရ ကြံချိုင်ကျေးရွာမှ ဆက်ကြေးကောက်ခံပေးနေကြောင်း အခြားသတင်းများအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇူလိုင် ၃၁ ရက် မွန်းလွဲ ၂ နာရီတွင် ၎င်းအား သွားရောက်ဖမ်းဆီးခဲ့ကြောင်း၊ စစ်ကြောမေးမြန်းချက်အရ ကွင်းဆက်အမာခံဖြစ်သူ စီမော်ကျေးရွာနေ ခင်ညွန့် (၃၈ နှစ်) အား ဩဂုတ် ၁ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် ၎င်း၏ နေအိမ်၌ သွားရောက်ဖမ်းဆီးခဲ့ကြောင်း။

စံသိန်းတင်(ခ)ဘေထုပ်မှာ AA အကြမ်းဖက်သောင်းကျန်းသူများအတွက် ၂၀၁၈ ခုနှစ်အတွင်း ဇွန်၊ ဩဂုတ်နှင့် စက်တင်ဘာလများအတွက်ပါ ကြံချိုင်ကျေးရွာမှ ဆက်ကြေးကောက်ခံပြီး ပေးအပ်ခဲ့ရကြောင်း၊ ခင်ညွန့်မှာ AA အကြမ်းဖက်သောင်းကျန်းသူများအတွက် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ၊ မတ်၊ ဧပြီနှင့် မေလများတွင် ဆက်ကြေးကောက်ခံပေးရသည်ဟု ဝန်ခံထွက်ဆိုခဲ့ကြကြောင်း ဖော်ပြထားသည်။

အဆိုပါ AA အကြမ်းဖက်သောင်းကျန်းသူ အမာခံများဖြစ်သော စံသိန်းတင်နှင့် ခင်ညွန့်တို့အား လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာသို့ လွှဲပြောင်းအပ်နှံသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## အင်းတော်မြို့နယ်၌ တရားမဝင်ကျောက်စိမ်းအရိုင်းတုံးများ သိမ်းဆည်းရမိ

**ကသာ ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နဘားစုပေါင်းစစ်ဆေးရေးဂိတ်တွင် ယာဉ်တစ်စီးပေါ်မှ တရားမဝင်ကျောက်စိမ်းအရိုင်းတုံးများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၆ နာရီခွဲခန့်က ရဲအုပ်ဇော်မြင့်ဦးနှင့်အဖွဲ့သည် အင်းတော်မြို့နယ် နဘားစုပေါင်းဂိတ်တွင် တရားမဝင်ကုန်ပစ္စည်းများ စစ်ဆေးနေစဉ် မြစ်ကြီးနားမှ မန္တလေးသို့ ဆန်းလွင်မောင်းနှင်ပြီး အောင်စိုး(ခ)ချစ်သန်း လိုက်ပါလာသော ယာဉ်အား စစ်ဆေးရာ ကျောက်စိမ်းအရိုင်းတုံး ၁၅ တုံး၊ ကျောက်အပိုင်းဖြတ်စ နှစ်အိတ်နှင့် လက်ကောက် (အကြမ်းထည်) ၅၇၂ ကွင်းတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဆန်းလွင်နှင့် အောင်စိုး(ခ)ချစ်သန်းတို့အား ကျောက်မျက်ဥပဒေဖြင့် အရေးယူထားကြောင်း သိရသည်။ **အေးမြသက်ထား**

## မင်းလှမြို့၌ ရေတွင်းထဲ ဆိုင်ကယ်နှင့်အတူ ပြုတ်ကျသေဆုံးသူ တစ်ဦး တွေ့ရှိ

**မင်းလှ ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့၌ ယနေ့နံနက် ၇ နာရီခန့်က လူတစ်ဦး ဆိုင်ကယ်နှင့်အတူ ရေတွင်းထဲ ပြုတ်ကျသေဆုံးနေသည်ကို တွေ့ရကြောင်း မင်းလှမြို့မ ရဲစခန်းမှ သိရသည်။

အဆိုပါဖြစ်စဉ်အား ရုံးရပ်မြောက်ပိုင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ သတင်းပို့ချက်အရ နံနက် ၉ နာရီခွဲက မင်းလှမြို့မ ရဲစခန်းမှ တာဝန်ကျ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရုံးမြောက်ရပ် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က ပူးပေါင်းဆယ်ယူခဲ့ရာ Honda–125 ဆိုင်ကယ်နှင့်အတူ အမျိုးသား(စုံစမ်းဆဲ)အား ဒဏ်ရာများနှင့် သေဆုံးလျက်တွေ့ရှိ၍ ဆယ်ယူခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ၎င်းအား မင်းလှမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ဇေယျာတု(မကွေး)**







## ရွေးကောက်ပွဲများသည် -

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။

UNION ELECTION COMMISSION MYANMAR

**အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်**

### ဆန္ဒမဲပေးပိုင်ခွင့် ရှိသူတွေက ဘယ်သူတွေလဲ

- ❖ အမျိုးသား အမျိုးသမီးမရွေး၊ ဘာသာမရွေး
- ❖ ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင်-
  - ✔ အသက် ၁၈ နှစ် ပြည့်ပြီးသူများ
- ❖ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သည့်
  - ✔ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများနှင့်
  - ✔ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သည့်သူများ ဖြစ်သည်။

### သင့်မဲဖြင့် အနာဂတ်ကို ပုံဖော်ဖို့ မဲစာရင်းကို ကြည့်ကြစို့

- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒရှင်စာရင်းများကို ၂၅-၇-၂၀၂၀ ရက်နေ့မှ ၇-၈-၂၀၂၀ ရက်နေ့အထိ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအုပ်စု အတွင်းရှိ ကျေးရွာများတွင် ပထမအကြိမ်အဖြစ် ကပ်ထားကြေညာထားသည်။
- ❖ မိမိအမည် မဲစာရင်းတွင် မပါဝင်ပါက ပုံစံ (၃) ဖြင့် မဲစာရင်းတွင် အမည် ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊
- ❖ မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ခြင်း၊
- ❖ မဲစာရင်းပါ အချက်အလက်များ မှားယွင်းနေပါက ပုံစံ (၄-က) ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်း ဆောင်ရွက်နိုင်ပါသည်။
- ❖ မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့် ရရှိနိုင်မည်။
- ❖ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံးတစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- ❖ မဲပေးခွင့် မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

## မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေး မဲစာရင်း သွားရောက်ကြည့်ရှုရန် လိုအပ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ပြောကြား

ရန်ကုန် ဩဂုတ် ၄

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်ပြည်သူများ၏ မဲစာရင်းများကို သက်ဆိုင်ရာ ရပ်ကွက်ကျေးရွာကော်မရှင်ရုံးများတွင် ကပ်ထားကြေညာပေးလျက်ရှိရာ မဲဆန္ဒရှင် ပြည်သူများအနေဖြင့် မဲပေးပိုင်ခွင့် မဆုံးရှုံးရစေရန် သွားရောက်ကြည့်ရှုရန် လိုအပ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကြည်မြင့်က ပြောသည်။



ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကြည်မြင့်

"မိမိမဲပေးပိုင်ခွင့် ရှိပါလျက်နဲ့ မဲမပေးဘူးဆိုရင် မိမိအခွင့်အရေး ဆုံးရှုံးသွားမှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မိမိတင်မြှောက်ချင်တဲ့ပုဂ္ဂိုလ်တစ်စုံတစ်ယောက်ကို မဲပေးခြင်းအားဖြင့် မိမိနိုင်ငံအကျိုး၊ မိမိရပ်ရွာအကျိုးကို ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ မဲပေးပိုင်ခွင့် မဆုံးရှုံးရအောင် မဲစာရင်းသွားကြည့်ကြပါ။ မပါရင် လျှောက်ထားကြပါ။ မပါသင့်တဲ့သူပါရင် ကန့်ကွက်ကြပါ။ မိမိကိုယ်တိုင်လည်း မိမိနှစ်သက်တဲ့ပုဂ္ဂိုလ် ကိုယ်စားလှယ်လောင်းတွေကို မဲသွားပေးပါလို့ ပြောချင်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကြည်မြင့်က ပြောသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒရှင်ပြည်သူများ၏ မဲစာရင်းများကို တစ်နိုင်ငံလုံးရှိ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ ကော်မရှင်ရုံးများတွင် ပထမအကြိမ် ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၇ ရက်အထိ ကပ်ထားကြေညာပေးလျက်ရှိပြီး ဒုတိယအကြိမ် အောက်တိုဘာလတွင် ထပ်မံကြေညာပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်မှ သိရသည်။

မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မဲစာရင်းတွင် မိမိအမည်မဲစာရင်း မပါဝင်ပါက ပုံစံ(၃)ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊ မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ(၄)ဖြင့်ကန့်ကွက်ခြင်း၊ မဲစာရင်းပါ အချက်အလက်များ မှားယွင်းနေပါက ပုံစံ(၄-က)ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းများ ဆောင်ရွက်နိုင်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်ချက်တွင် ကြေညာထားကြောင်း သိရသည်။

"မဲပေးပိုင်ခွင့်ရှိရဲ့သားနဲ့ မဲစာရင်းမှာ နာမည်မပါဘူးဆိုရင် သတ်မှတ်ထားတဲ့ ရပ်ကွက်ကျေးရွာ ကော်မရှင်ရုံးမှာ သွားရောက်လျှောက်ထားလို့ ရပါတယ်။ အဖေ နာမည် လွဲမှားမယ်။ မှတ်ပုံတင်နံပါတ် လွဲမှားနေတယ်ဆိုရင်လည်း သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ ကော်မရှင်ရုံးမှာ ပြုပြင်လျှောက်ထားလို့ရပါတယ်။ သေဆုံးသူတွေရဲ့ နာမည်တွေ၊ ကိုယ့်မြို့နယ်ကမဟုတ်ဘဲ တခြားမြို့နယ်က နာမည်တွေ မဲစာရင်းမှာ ပါနေတယ်ဆိုရင်လည်း ပုံစံ(၄)မှာ အထောက်အထားနဲ့တင်ပြပြီး ပယ်ဖျက်ပေးဖို့ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာကော်မရှင်ကနေ သွားရောက်ကန့်ကွက်လို့ရပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကြည်မြင့်က ဆက်လက်ပြောပြသည်။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် ရန်ကုန်တိုင်းဒေသကြီးတွင် မဲပေးပိုင်ခွင့်ရှိသူ ဦးရေ ၅၆ သိန်းခန့်ရှိကြောင်း၊ ၂၀၁၅ခုနှစ် ရွေးကောက်ပွဲနှင့် နှိုင်းယှဉ်ပါက ရန်ကုန်တိုင်းဒေသကြီးတွင် မဲပေးပိုင်ခွင့်ရှိသူဦးရေ ၆ သိန်းခန့်တိုးလာကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်ရုံးမှ သိရသည်။

**သတင်း-မင်းသစ်(MNA)၊ ဓာတ်ပုံ-နေလင်း**

# ကိုဗစ်-၁၉ ကြေညာချက်နှင့် သတင်း



## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၂၀၂၈၂ | ၃၅၅ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၃၀၂ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၆၈၅၆

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၂၈၇ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၇၀ | ၅ |
| ၂ | ရခိုင် | ၁၆ | |
| ၃ | ချင်း | ၁၄ | |
| ၄ | စစ်ကိုင်း | ၉ | |
| ၅ | ပဲခူး | ၉ | ၁ |
| ၆ | မွန် | ၇ | |
| ၇ | ကရင် | ၅ | |
| ၈ | ရှမ်း(တောင်) | ၄ | |
| ၉ | မန္တလေး | ၄ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ရှမ်း(ရှေ့) | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၂ | |
| စုစုပေါင်း | | ၃၅၅ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၄-၈-၂၀၂၀ ရက် ည (၈) နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၈၆၄၂၂၂ | ၂၄၄၈၃၀၅ | ၁၅၉၀၀၁ |
| ၂။ | ဘရာဇီး | ၂၇၅၁၆၆၅ | ၁၉၁၂၃၁၉ | ၉၄၇၀၂ |
| ၃။ | အိန္ဒိယ | ၁၈၆၅၉၄၇ | ၁၂၃၇၈၈၅ | ၃၉၀၈၁ |
| ၄။ | ရုရှား | ၈၆၁၄၂၃ | ၆၆၁၄၇၁ | ၁၄၃၅၁ |
| ၅။ | တောင်အာဖရိက | ၅၁၆၈၆၂ | ၃၅၈၀၃၇ | ၈၅၃၉ |
| ၆။ | မက္ကဆီကို | ၄၄၃၈၁၃ | ၂၉၅၆၇၇ | ၄၈၀၁၂ |
| ၇။ | ပီရူး | ၄၃၃၁၀၀ | ၂၉၈၀၉၁ | ၁၉၈၁၁ |
| ၈။ | ချီလီ | ၃၆၁၄၉၃ | ၃၃၃၉၇၆ | ၉၇၀၇ |
| ၉။ | စပိန် | ၃၄၄၁၃၄ | စိစစ်ဆဲ | ၂၈၄၇၂ |
| ၁၀။ | ကိုလံဘီယာ | ၃၂၇၈၅၀ | ၁၇၃၇၂၇ | ၁၁၀၁၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၁၅၀၅၆ | ၇၂၀၅၀ | ၅၃၈၈ |
| ၂။ | ဖိလစ်ပိုင် | ၁၁၂၅၉၃ | ၆၆၀၄၉ | ၂၁၁၅ |
| ၃။ | စင်ကာပူ | ၅၃၃၄၆ | ၄၇၁၇၉ | ၂၇ |
| ၄။ | မလေးရှား | ၉၀၀၂ | ၈၆၈၄ | ၁၂၅ |
| ၅။ | ထိုင်း | ၃၃၂၀ | ၃၁၄၂ | ၅၈ |
| ၆။ | ဗီယက်နမ် | ၆၇၀ | ၃၇၈ | ၈ |
| ၇။ | မြန်မာ | ၃၅၅ | ၃၀၂ | ၆ |
| ၈။ | ကမ္ဘောဒီးယား | ၂၄၀ | ၁၉၇ | ၀ |
| ၉။ | ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| ၁၀။ | လာအို | ၂၀ | ၁၉ | ၀ |

✻ တာချီလိတ်မှ

တိုင်းတာခဲ့ကြပြီးနောက် မြို့မအားကစားကွင်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စာရင်းကောက်ယူမှုများ ပြုလုပ်လျက်ရှိသည်။ စာရင်းကောက်ယူပြီးပါက မိမိနေရပ်ဒေသသို့ နေ့ချင်းပြန်လည်ပို့ဆောင်ရန် ယာဉ်များစီစဉ်ထားရှိပြီး ဒေသခံများကိုမူ မိုးကုတ်တရားစခန်းရိပ်သာတွင် အသွားအလာကန့်သတ်စောင့်ကြည့်ရန် ဆောင်ရွက်ထားကြောင်း ခရိုင်အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

တာချီလိတ်ခရိုင်တွင် နယ်စပ်ဝင်ပေါက်ဂိတ် သုံးဂိတ်ရှိရာ မတ် ၂၃ ရက်မှ ယနေ့အထိ အဆိုပါဂိတ်များမှ ပြန်လည်ဝင်ရောက်လာသော ရွှေ့ပြောင်းမြန်မာအလုပ်သမားများမှာ တာချီလိတ်-မယ်ဆိုင် (ချစ်ကြည်ရေးတံတား ၂) မှ ၃၆၃၇ ဦး၊ ဝမ့်ပုံ-မိုင်းမော (မြန်မာ-လာအိုသဘော်ဆိပ်)မှ ၆၀၄ ဦး၊ မိုင်းယု-အထူး ၄ (မိုင်းယောင်း-အထူး ၄) ၁၆၆၉ ဦးရှိခဲ့ပြီး ပြန်လည်ဝင်ရောက်လာသော ရွှေ့ပြောင်းမြန်မာအလုပ်သမား ၅၉၁၀ ရှိပြီဖြစ်ကြောင်း သိရသည်။

ယာဆေး(ပြန်/ဆက်)

## ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူများကို နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်



ကော့ကရိတ် ဩဂုတ် ၄

ကရင်ပြည်နယ် ကော့ကရိတ်မြို့၌ ထိုင်းနိုင်ငံမှ နေရပ်ပြန်ပြည်သူများ ပြန်လည်ဝင်ရောက်လျက်ရှိရာ ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် နေရပ်ပြန်ပြည်သူ ၆၉ ဦး ထပ်မံရောက်ရှိကြောင်း သိရသည်။

သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရောက်ရှိလာသူများကို ကော့ကရိတ်မြို့ မြို့မအားကစားကွင်း၌ စုရပ်ထားရှိကာ ရပ်ကွက်၊ ကျေးရွာများရှိ အသွားအလာကန့်သတ်စောင့်ကြည့်နေရာများတွင်ထားရှိရေး စီစဉ်ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါ ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိသူများကို နည်းပညာတက္ကသိုလ်(ဘားအံ)တွင် ကန့်သတ်စောင့်ကြည့်ထားပြီး ကော့ကရိတ်မြို့မှ ၅၅ ဦး၊ ကြာအင်းဆိပ်ကြီးမြို့မှ ၁၄ ဦး စုစုပေါင်း ၆၉ ဦးဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ပြည်ပပြန်များနှင့် စပ်လျဉ်း၍ အသိပေးကြေညာချက်

- COVID-19 ရောဂါကူးစက်ပျံ့နှံ့နေသော နိုင်ငံများမှ ပြန်လာကြသူများအနေဖြင့် ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာအဆောက်အဦများတွင်ထားရှိပြီး အသွားအလာကန့်သတ်ခြင်းအစီအစဉ်(Community Based Facility Quarantine)ဆောင်ရွက်ရာတွင် တာဝန်သိစွာနှင့် ပူးပေါင်းဆောင်ရွက်ပေးကြပါ။ သတ်မှတ်ထားတဲ့ စည်းကမ်းချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြပါ။
- ထိုကဲ့သို့ဆောင်ရွက်ခြင်းဖြင့် မိမိကိုယ်တိုင်ရောဂါဖြစ်ပွားပါက ထိရောက်စွာ ကုသမှုခံယူနိုင်မည့်အပြင် မိမိရဲ့ မိသားစု၊ မိတ်ဆွေများနဲ့ မိမိရပ်ရွာအတွင်း ရောဂါကူးစက်ပျံ့နှံ့ခြင်းကိုလည်း ထိရောက်စွာ ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။
- ပြည်သူများကလည်း မိမိတို့ရပ်ကွက်၊ ကျေးရွာအတွင်း နိုင်ငံခြားမှ ပြန်ရောက်လာသူများရှိပါက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးမှတစ်ဆင့် သတင်းပို့ကြပါရန် အသိပေးနှိုးဆော်အပ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## သက်ကြီးရွယ်အိုများ စောင့်ရှောက်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

- COVID-19 ကူးစက်မြန်ရောဂါသည် နိုင်ငံတကာတွင် ဖြစ်ပွားနေသော အတွေ့အကြုံများအရ သက်ကြီးရွယ်အိုများ ကူးစက်ခံရပါက အသက်ဆုံးရှုံးသည်အထိ ပြင်းထန်ကြောင်း တွေ့ရှိရပါသည်။
- ထို့ကြောင့် မိမိတို့အိမ်ရှိ သက်ကြီးရွယ်အိုများ အသက်ဘေးအန္တရာယ်မှ ကင်းလွတ်ရန် အိမ်ရှိအခြားသူများက ကျန်းမာရေး ပညာပေး ညွှန်ကြားချက်များကို သိရှိအောင်လေ့လာပြီး သတိမလွတ်ဘဲ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။
- သက်ကြီးရွယ်အိုများနှင့် အတူနေထိုင်သူများသည် မလိုအပ်ဘဲ အပြင်သွားလာခြင်းများ မပြုလုပ်ပါနှင့်၊ အချိန်တိုင်း တစ်ဦးနှင့်တစ်ဦး အနည်းဆုံး သုံးပေအကွာ ခပ်ခွာခွာနေထိုင်ရန် မမေ့ပါနှင့်၊ လက်ကိုမကြာခဏ စနစ်တကျဆေးကြောပါ။
- သက်ကြီးရွယ်အိုများ နေထိုင်မကောင်းလျှင်၊ ကိုယ်ပူခြင်း၊ ချောင်းဆိုးခြင်းများဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနများသို့ သတင်းအရင်ပေးပို့တိုင်ပင်ပြီးမှ ကျန်းမာရေးစောင့်ရှောက်မှုခံယူကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## ဆန်းသစ် တီထွင်



**ယခုအခြေအနေတွင် စိန်ခေါ်မှု ကြီးသည်နှင့်အမျှ စဉ်းစားစရာများလည်း များလာပါကြောင်း၊ လိုအပ်ချက်သည် တီထွင်ခြင်း၏ မိခင်ဖြစ်သည်ဆိုသည့် စကားအရ လိုအပ်လာသည့်အခါ ဆန်းသစ်တီထွင်နိုင်သည့် မိမိတို့ဦးနှောက်မှ ပို၍ အလုပ်လုပ်လာပါကြောင်း၊ ဆန်းသစ်ရမည်၊ တီထွင်ရမည်၊ ရှိပြီးသားအရင်းအမြစ်များကို မည်သို့ ပိုပြီးတန်ဖိုးရှိအောင် မိမိအတွက်၊ ကမ္ဘာအတွက်ပါ စဉ်းစားရမည်ဖြစ်ပါကြောင်း၊ ကမ္ဘာကြီးတွင် ကိုယ့်နိုင်ငံထီးထီးကြီးရှိသည်မဟုတ်ပါကြောင်း၊ ထို့ကြောင့် တချို့နိုင်ငံများ၌ ယခုအချိန်တွင် စားသောက်ကုန်ပစ္စည်းတစ်ခု လိုအပ်လာလျှင် မူအရ ရောင်းနိုင်မည်ဆိုပါက ရောင်းရမည်ဖြစ်ပါကြောင်း၊ ကိုယ်ပေးနိုင်သလောက် ရောင်းနိုင်သလောက် ရောင်းရမည် ဖြစ်ပါကြောင်း၊ သူတစ်ပါး ဒုက္ခရောက်ချိန်၊ အခက်အခဲဖြစ်နေချိန်တွင် ပံ့ပိုးကူညီရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ ကူညီမှုသည် လူသားချင်းစာနာထောက်ထားမှုလည်းဖြစ်သလို ကမ္ဘာ့လူသားများကြားတွင် ဆက်ဆံရေးအတွက်လည်း ကောင်းပါကြောင်း၊ နောင်ရေရှည်တွင်လည်း ကံ၊ ကံ၏ အကျိုးအတိုင်း မိမိ၏စေတနာသည် ပြန်အကျိုးပေးမည်ဟု ယုံကြည်ပါကြောင်း။**

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၃-၆-၂၀၂၀ ရက်နေ့တွင် COVID -19 နှင့် ကုန်သွယ်ရေးကဏ္ဍအပေါ် သက်ရောက်မှုများနှင့်စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၄-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

၁။ (၄-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၂၈၁)ခုနှင့်
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၀၄) ခု၊
- စုစုပေါင်း (၄၈၅)ခု အား ယနေ့ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ (၄-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၃၅၅) ဦးရှိပြီဖြစ်ပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေ ထုတ်ပြန်ချက်**
**(၄-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၄-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၈၁) ခု |
| (၄-၈-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၀၄) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

၃။ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ စုစုပေါင်း (၃၀၂) ဦးရှိပါသည်။ ၎င်းတို့အနက် (၂၈၇) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၃-၈-၂၀၂၀) ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီမှ (၄-၈-၂၀၂၀)ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၉) ဦးရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေ ထုတ်ပြန်ချက်**
**(၄-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၃၅၅) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၃၀၂) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၄-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ**

၁။ (၃-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၄၅၈)ခု နှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၄၄) ခု၊
- စုစုပေါင်း (၆၀၂)ခု အား စစ်ဆေးပြီးစီးခဲ့ရာတွင်-
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ သို့ဖြစ်ရာ (၃-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၈၃၃)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၈၈) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၄၉) ခု နှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၄၄) ခု၊
- စုစုပေါင်း (၁,၃၁၄)ခု အား စစ်ဆေးပြီးစီးခဲ့ရာ -
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦး တွေ့ရှိရပါသည်။(အဆိုပါလူနာသစ် (၂) ဦး ၏ သတင်းအား (၃-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ သတင်းတွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။)

၃။ (၄-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၃၅၅) ဦးရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေ ထုတ်ပြန်ချက်**
**(၄-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ**

| | |
|---|---|
| (၃-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ထပ်မံဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄၅၈) ခု |
| (၃-၈-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၄၄) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် ဩဂုတ် ၄**
နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် ကိုရီးယားသမ္မတနိုင်ငံရောက် မြန်မာနိုင်ငံသား ၃၉ ဦး၊ အမေရိကန်ပြည်ထောင်စုမှ ၂၈ ဦး၊ ပြင်သစ်မှ ငါးဦး၊ အီဂျစ်မှ ငါးဦး၊ အင်ဒိုနီးရှားမှ သုံးဦး၊ ဂျပန်မှ သုံးဦး၊ နော်ဝေမှ သုံးဦး၊ ဘယ်လ်ဂျီယံမှ နှစ်ဦး၊ အီတလီမှ တစ်ဦး၊ သင်္ဘောသား ၁၇ ဦး စုစုပေါင်း မြန်မာနိုင်ငံသား ၁၀၆ ဦးတို့အား အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

ငင်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ဆုံရပ်နိုင်ငံဖြစ်သည့် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် ချိတ်ဆက်လျက် ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ ကယ်ဆယ်ရေး လေယာဉ် ၁၆ ကြိမ် ပျံသန်းပြေးဆွဲလျက် မြန်မာနိုင်ငံသား စုစုပေါင်း ၉၄၄၂ ဦးအား မြန်မာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## မြောက်ဒဂုံမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့လှူဒါန်း

**ရန်ကုန် ဩဂုတ် ၄**
ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၄၈)ရပ်ကွက် အမှတ်(၂၅) အခြေခံပညာမူလတန်းကျောင်းရှိ ကျောင်းသား ကျောင်းသူ ၁၀၀ အတွက် အခြေခံစားသောက်ကုန်များကို We Love North Dagon ပရဟိတအဖွဲ့က ယနေ့ မွန်းလွဲပိုင်းတွင် သွားရောက်ထောက်ပံ့လှူဒါန်းသည်။



ထိုသို့လှူဒါန်းရာတွင် ကျောင်းသားတစ်ဦးလျှင် ဆန်(၆) ပြည်ပါ နှစ်အိတ်၊ ဆီ (၅၀) ကျပ်သား၊ ပဲ၊ ခေါက်ဆွဲခြောက်ထုပ် စသည့် အခြေခံစားသောက်ကုန်များကို လှူဒါန်းခဲ့ပြီး ကလေးများအတွက် အာဟာရဒါနကျွေးမွေးမှုများကိုလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။ ထို့ပြင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့လည်း စာရေးကိရိယာများ လှူဒါန်းသွားရန် အစီအစဉ်ရှိကြောင်း We Love North Dagon မှ သိရသည်။

**အေးမင်းသူ**

## ညောင်လေးပင်မြို့နယ်ရှိ စာရေးဆရာအသင်းဝင်များ၊ သတင်းသမားများအား အခြေခံစားသောက်ကုန်များ လှူဒါန်း

**ညောင်လေးပင် ဩဂုတ် ၄**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်းရှိ စာရေးဆရာများ၊ သတင်းသမားများအား ကိုဗစ်-၁၉ ကာလအတွင်း အသုံးပြုနိုင်ရန်အတွက် အခြေခံစားသောက်ကုန် ထောက်ပံ့ပေးအပ်လှူဒါန်းခြင်းကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲက မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင်များဖြစ်သည့် ဦးမျိုးညွန့်(တရားလွှတ်တော်ရှေ့နေ)၊ နှင့် ဒေါက်တာသန့်ဇော်လွင်တို့က တက်ရောက်လာသော စာရေးဆရာ၊ သတင်းသမားများနှင့် မိတ်ဆက်စကားပြောကြားသည်။

ထို့နောက် အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ သကြား၊ ဆန်ကြာဆံ၊ နို့ဆီ၊ ကော်ဖီမစ်၊ အသားတုံ၊ ကိုကာကိုလာ စသည့် စားသောက်ကုန် ၁၀ မျိုးကို ပေးအပ်လှူဒါန်းရာ စာရေးဆရာများကိုယ်စား မြန်မာနိုင်ငံစာရေးဆရာအသင်း (ဗဟို)အလုပ်အမှုဆောင် ဒေါက်တာမြင့်သန်း(ညောင်လေးပင်)က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

သတင်းသမားများကိုယ်စား မြို့နယ်သတင်းထောက်များက အသီးသီးလက်ခံရယူသည်။ ထို့နောက် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် နှာခေါင်းစည်း အခု ၅၀၀ အား ပေးအပ်လှူဒါန်းသည်။

အဆိုပါ လှူဒါန်းပွဲသို့ ညောင်လေးပင်မြို့နယ်အတွင်းရှိ မြန်မာနိုင်ငံစာရေးဆရာအသင်းဝင် စာရေးဆရာများ၊ သတင်းသမားများ တက်ရောက်ခဲ့ကြပြီး မတက်ရောက်နိုင်သော စာရေးဆရာများအား အိမ်တိုင်ရာရောက်လိုက်လံပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



## ချင်းရွှေဟော်မြို့မှ နေရပ်ပြန်ပြည်သူ ၂၈ ဦးအား သက်ဆိုင်ရာဒေသများသို့ ထပ်မံလွှဲပြောင်းပို့ဆောင်

**ချင်းရွှေဟော် ဩဂုတ် ၄**
ချင်းရွှေဟော် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်မှ ဝင်ရောက်လာသော တရုတ်နိုင်ငံမှပြန်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများကို ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီက ၎င်းတို့၏ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ယမန်နေ့ ညနေ ၆ နာရီက ၂၁ ဦးနှင့် ယနေ့ ညနေ ၃ နာရီက ခုနစ်ဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၂၈ ဦးတို့အား ထပ်မံလွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။



အဆိုပါ လွှဲပြောင်းပို့ဆောင်ပေးခဲ့သည့် နေရပ်ပြန်ပြည်သူ ၂၈ ဦးတွင် အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၁၃ ဦးတို့ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်မှ တစ်ဦး၊ ရမည်းသင်းမြို့နယ်မှ နှစ်ဦး၊ မြစ်သားမြို့နယ်မှ နှစ်ဦး၊ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်မှ နှစ်ဦး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်မှ နှစ်ဦး၊ သီပေါမြို့နယ်မှ တစ်ဦး၊ သိန္နီမြို့နယ်မှ လေးဦး၊ လောက်ကိုင်မြို့နယ်မှ ၁၀ ဦး၊ ကွမ်းလုံမြို့နယ်မှ နှစ်ဦး၊ ဟိုပန်မြို့နယ်မှ နှစ်ဦးတို့ ဖြစ်ကြကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**

## COVID-19 ကာလတွင် စိတ်ဖိစီးမှုများကိုကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

စိတ်ဖိစီးမှုသည် ဘဝတွင် ကြုံတွေ့ရတတ်သည့် သာမန်ဖြစ်ရိုးဖြစ်စဉ် ခံစားမှုတစ်ခုဖြစ်သော်လည်း စိတ်ဖိစီးမှုဆိုင်ရာ အခြေခံအချက်များကို သိရှိပြီး ဖြေရှင်းနိုင်စွမ်းရှိရမည်ဖြစ်သည်။ စိတ်ဖိစီးမှုသည် ထိုဖြေရှင်းနိုင်စွမ်းကို ကျော်လွန်ခြင်း (သို့မဟုတ်) ပြင်းထန်များပြားလာခြင်းများရှိသည့်အခါ စိတ်မောပန်းကျဆင်းသည့်အဆင့်သို့ ရောက်ရှိသွားနိုင်ပါသည်။ စိတ်ဖိစီးမှုလက္ခဏာများမှာ အိပ်စက်မှုပြဿနာရှိခြင်း၊ အလွန်တက်ကြွခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ အစာအိမ်/အူလမ်းကြောင်း ပြဿနာရှိခြင်း၊ ခေါင်းကိုက်ခြင်း/ ကိုယ်လက်ကိုက်ခဲခြင်း၊ ဒေါသထွက်ခြင်း၊ ကြောက်လန့်တုန်လှုပ်ခြင်း၊ ပူဆွေးသောကရောက်ခြင်း၊ ဝမ်းနည်းခြင်း၊ အပြစ်ရှိသည်ဟုခံစားရခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ မှတ်ဉာဏ်ဆိုင်ရာ ပြဿနာရှိခြင်း၊ မကောင်းတွေးခြင်း၊ ယုံကြည်မှုပျောက်ဆုံးခြင်း၊ ပျင်းရိခြင်း၊ အထီးကျန်ခြင်း၊ အခြားသူများကို အပြစ်တင်ခြင်း၊ လုပ်ဆောင်နိုင်စွမ်း ကျဆင်းလာခြင်းတို့ ခံစားရခြင်းတို့ဖြစ်ပါသည်။

ထိုခံစားရမှုများကို မှန်ကန်သောနည်းလမ်းများဖြင့် ရင်ဆိုင်ဖြေရှင်းမှုမပြုပါက ဆိုးရွားသော စိတ်မောပန်းကျဆင်းသည့်အဆင့်သို့ ရောက်ရှိသွားပြီး ပြဿနာများကို ဆက်လက်ရင်ဆိုင်ဖြေရှင်းနိုင်စွမ်း လုံးဝမရှိတော့ခြင်း စသည့် နောက်ဆက်တွဲဆိုးကျိုးများ ခံစားရနိုင်ပြီး ရေရှည်တွင် လူမှုစီးပွားအခက်အခဲများကို ရင်ဆိုင်လာရမည်ဖြစ်သည်။ ထိုအဆင့်သို့မရောက်မီ စိတ်ခါတ်ရေးရာမြှင့်တင်ပေးမှုကိုခံယူရန် လိုအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်**
**မြန်မာနိုင်ငံဆရာဝန်အသင်း (စိတ်ကျန်းမာပညာဌာန)**

# ၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**(ယမန်နေ့မှအဆက်)**

(၂) ယင်းပုဂ္ဂိုလ်က အခွန်နှစ်တစ်နှစ်အတွက် ရရှိသည့် ကင်းလွတ်ခွင့်ပြုထားသော ဝင်ငွေအတွက် အထောက်အထားတင်ပြရန်။

(ခ) ပုဂ္ဂိုလ်တစ်ဦးသည် နုတ်ပယ်မှုတစ်ရပ်ကို တောင်းဆိုခြင်း သို့မဟုတ် ရရန်ပိုင်ခွင့်တစ်ရပ်၏ ကုန်ကျစရိတ်တွင် ငွေကြေးပမာဏတစ်ရပ်ကို ထည့်သွင်းခြင်း ပေါ်ပေါက်စေသည့် အခြေအနေများနှင့် စပ်လျဉ်းသည့် စာတမ်းအမှတ်အသား သက်သေခံကို တင်ပြနိုင်ခြင်းမရှိလျှင် ယင်းပုဂ္ဂိုလ်အား ယင်းနုတ်ပယ်မှု သို့မဟုတ် ယင်းရရန်ပိုင်ခွင့်၏ ကုန်ကျစရိတ်တွင် ယင်းငွေကြေးပမာဏကို ထည့်သွင်းမှုအား ခွင့်မပြုရ။

(ဂ) ဤဥပဒေ၏ ရည်ရွယ်ချက်များအလို့ငှာ ပုဂ္ဂိုလ်တစ်ဦးက ထိန်းသိမ်းထားရှိရမည့် စာရင်းများ၊ စာတမ်းအမှတ်အသားများနှင့် မှတ်တမ်းများကို စည်းမျဉ်းများဖြင့် သတ်မှတ်နိုင်သည်။

**အခွန်ကြေညာလွှာများ**

၈၉။ (က) ပုဒ်မ ၉၀ နှင့် မဆန့်ကျင်စေဘဲ –

(၁) အခွန်နှစ်တစ်နှစ်အတွက် ဝင်ငွေခွန်ထမ်းဆောင်ရန်ရှိသည့် ပုဂ္ဂိုလ်တစ်ဦးသည် ယင်းအခွန်နှစ်အတွက် ဝင်ငွေခွန်ကြေညာလွှာကို ယင်းနှစ် ကုန်ဆုံးပြီးနောက် ရက်ပေါင်း ၉၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ တင်သွင်းရမည်၊

(၂) အခွန်ကျသင့်သော ရရန်ပိုင်ခွင့်တစ်ခုကို ထုခွဲရောင်းချခြင်းအတွက် အခြေပစ္စည်းမှ မြတ်စွန်းခွန်ကျသင့်သည့် ပုဂ္ဂိုလ်တစ်ဦးသည် အခြေပစ္စည်းမှ မြတ်စွန်းခွန်ကြေညာလွှာကို ယင်းသို့ ထုခွဲရောင်းချသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ တင်သွင်းရမည်။

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) ၏ ရည်ရွယ်ချက်များအလို့ငှာ ပုဂ္ဂိုလ်တစ်ဦးသည် အခွန်နှစ်တစ်နှစ်အတွက် အခွန်ကင်းလွတ်ခွင့်ရှိသည့် ဝင်ငွေသာရရှိစေကာမူ သို့မဟုတ် အခွန်စည်းကြပ်ရန် ငွေသုညဖြစ်စေကာမူ သို့မဟုတ် အသားတင်အရှုံး ပေါ်ပေါက်စေကာမူ ယင်းပုဂ္ဂိုလ်ကို ယင်းအခွန်နှစ်အတွက် ဝင်ငွေခွန်ထမ်းဆောင်ရန် တာဝန်ရှိဘိသကဲ့သို့ မှတ်ယူရမည်။

(ဂ) ပညာသည်အစုစပ်လုပ်ငန်းတစ်ခုသည် အခွန်နှစ်တစ်နှစ်အတွက် ဝင်ငွေခွန်ကြေညာလွှာကို ယင်းနှစ်ကုန်ဆုံးပြီးနောက် ရက်ပေါင်း ၉၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံသို့ တင်သွင်းရမည်။

(ဃ) ဝင်ငွေခွန်ကြေညာလွှာ သို့မဟုတ် အခြေပစ္စည်းမှ မြတ်စွန်းခွန်ကြေညာလွှာကို သတ်မှတ်ထားသည့်ပုံစံဖြင့် တင်သွင်းရမည်။

**အခွန်ကြေညာလွှာတင်သွင်းရန် မလိုအပ်ခြင်း**

၉၀။ (က) အောက်ပါပုဂ္ဂိုလ်များသည် အခွန်နှစ်တစ်နှစ်အတွက် ဝင်ငွေခွန်ကြေညာလွှာတင်သွင်းရန် လိုအပ်ခြင်းမရှိစေရ –

(၁) ပုဒ်မခွဲ (ဃ) နှင့် မဆန့်ကျင်စေဘဲ တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦး ယင်းနှစ်အတွက် ရရှိသည့် စည်းကြပ်ထိုက်သည့် တစ်ခုတည်းသောဝင်ငွေသည် အလုပ်အကိုင်မှ ဝင်ငွေသာဖြစ်ပြီး ယင်းငွေကြေးပမာဏကို ပုဒ်မ ၉၃ အရ နုတ်ယူထားပြီးဖြစ်လျှင် ယင်းတစ်ဦးချင်းပုဂ္ဂိုလ်၊

(၂) အောက်ပါအခြေအနေများနှင့် ကိုက်ညီသည့် တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦး –

(ကက) ယင်းအခွန်နှစ်အတွက် ယင်းပုဂ္ဂိုလ်၏ စည်းကြပ်ထိုက်သည့် စုစုပေါင်းဝင်ငွေသည် ကျပ် ၄၈ သိန်းထက်မပိုခြင်း၊ ထို့ပြင်

(ခခ) ယင်းပုဂ္ဂိုလ်၏ အခွန်စည်းကြပ်ရန်ဝင်ငွေသည် ဇယား (၁) တွင် သတ်မှတ်ထားသည့် အခွန်ထမ်းဆောင်ရန် အနိမ့်ဆုံးဝင်ငွေ သတ်မှတ်ချက်အောက်တွင်ဖြစ်၍ ယင်းနှစ်အတွက် ထမ်းဆောင်ရန် ဝင်ငွေခွန်မရှိခြင်း၊

(၃) ပြည်ပနေပုဂ္ဂိုလ်တစ်ဦး၏ မြန်မာနိုင်ငံရင်းမြစ်မှ ရရှိသည့် တစ်ခုတည်းသောဝင်ငွေသည် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ ဝင်ငွေခွန်ကျသင့်လျှင် ယင်းပြည်ပနေပုဂ္ဂိုလ်၊

(၄) ဝင်ငွေခွန်ကြေညာလွှာ တင်သွင်းရန်မလိုအပ်ဟု စည်းမျဉ်းများဖြင့် သတ်မှတ်ထားသောပုဂ္ဂိုလ်။

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) သို့မဟုတ် ပုဒ်မခွဲငယ်(၂) အရ အခွန်နှစ်တစ်နှစ်အတွက် ဝင်ငွေခွန်ကြေညာလွှာတင်သွင်းရန် မလိုအပ်သည့် တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦးသည် ယင်းနှစ်အတွက် ဝင်ငွေခွန်ကြေညာလွှာတစ်စောင်ကို အောက်ပါအခြေအနေများတွင် တင်သွင်းရန် ဆုံးဖြတ်နိုင်သည် –

(၁) ပုဒ်မ ၉၃ အရ နုတ်ယူထားသည့် ယင်းတစ်ဦးချင်းပုဂ္ဂိုလ်၏ ယင်းနှစ်အတွက် အလုပ်အကိုင်မှ ဝင်ငွေပမာဏသည် ယင်းနှစ်အတွက် ယင်းတစ်ဦးချင်းပုဂ္ဂိုလ်၏ အခွန်ထမ်းဆောင်ရန် တာဝန်ကို ကျော်လွန်နေလျှင်၊

(၂) ယင်းတစ်ဦးချင်းပုဂ္ဂိုလ်သို့ ပေးရန်ရှိသည့် ပြန်အမ်းငွေပမာဏသည် စည်းမျဉ်းများဖြင့် သတ်မှတ်ထားသည့် ငွေကြေးပမာဏကို ကျော်လွန်နေလျှင်။

(ဂ) ပုဒ်မခွဲ (ခ) နှင့် အကျုံးဝင်သည့် တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦးသည် ဝင်ငွေခွန်ကြေညာလွှာကို ယင်းကြေညာလွှာနှင့် စပ်လျဉ်းသည့် အခွန်နှစ်ကုန်ဆုံးပြီးနောက် နှစ်နှစ်အတွင်း တင်သွင်းရမည်။

(ဃ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) အရ အခွန်နှစ်တစ်နှစ်အတွက် ဝင်ငွေခွန်ကြေညာလွှာ တင်သွင်းရန်မလိုအပ်သည့် တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦး၏ ယင်းအခွန်နှစ်အတွက် အခွန်ထမ်းဆောင်ရန်တာဝန်သည် အဆိုပါနှစ်အတွက် အလုပ်အကိုင်ဝင်ငွေမှ နုတ်ယူထားသည့် ငွေကြေးပမာဏထက် ကျော်လွန်နေလျှင် ညွှန်ကြားရေးမှူးချုပ်သည် ယင်းပုဂ္ဂိုလ်အား အဆိုပါ အခွန်နှစ်အတွက် ဝင်ငွေခွန်ကြေညာလွှာတစ်စောင်ကို တင်သွင်းစေနိုင်ပြီး ထပ်ဆောင်းကျသင့်သည့် အခွန်အတွက် စည်းကြပ်မှု အကြောင်းကြားစာတစ်စောင်ကို ယင်းပုဂ္ဂိုလ်ထံ ပေးပို့အတည်ပြုနိုင်သည်။

(င) ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မခွဲ(ဃ) အရ စည်းကြပ်မှုအကြောင်းကြားစာတစ်စောင်ကို အောက်ပါအတိုင်း ပေးပို့အတည်ပြုနိုင်သည် –

(၁) လိမ်လည်မှု သို့မဟုတ် အခွန်ရှောင်တိမ်းမှုဖြစ်ပါက မည်သည့်အချိန်တွင်မဆို၊

(၂) အခြားကိစ္စရပ်ဖြစ်ပါက စည်းကြပ်မှုနှင့်သက်ဆိုင်သည့် အခွန်နှစ်ကုန်ဆုံးပြီးနောက် နှစ်နှစ်အတွင်း။

**အခွန်ပေးဆောင်ခြင်း**

၉၁။ (က) ပုဒ်မ ၉၂ နှင့် မဆန့်ကျင်စေဘဲ ပုဂ္ဂိုလ်တစ်ဦး အခွန်နှစ်တစ်နှစ်အတွက် ဝင်ငွေခွန်ကြေညာလွှာတင်သွင်းရန် အချိန်စေ့ရောက်သည့်နေ့တွင် ယင်းနှစ်အတွက် ပေးဆောင်ရန်ရှိသည့် ဝင်ငွေခွန်ကို ပေးဆောင်ရန် အချိန်စေ့ရောက်သည်။

(ခ) ပုဂ္ဂိုလ်တစ်ဦး အခွန်ကျသင့်သော ရရန်ပိုင်ခွင့်တစ်ခုကို ထုခွဲရောင်းချခြင်းနှင့် စပ်လျဉ်းသည့် အခြေပစ္စည်းမှ မြတ်စွန်းခွန်ကြေညာလွှာတင်သွင်းရန် အချိန်စေ့ရောက်သည့်နေ့တွင် ယင်းသို့ ထုခွဲရောင်းချမှုနှင့် စပ်လျဉ်းသည့် ပေးဆောင်ရန်ရှိသည့် အခြေပစ္စည်းမှ မြတ်စွန်းခွန်ကို ပေးဆောင်ရန် အချိန်စေ့ရောက်သည်။

**အခွန်အရစ်ကျပေးဆောင်ခြင်း**

၉၂။ (က) ပုဒ်မခွဲ (ခ) နှင့် မဆန့်ကျင်စေဘဲ ပုဂ္ဂိုလ်တစ်ဦးသည် အခွန်နှစ်တစ်နှစ်အတွက် ဝင်ငွေခွန်ကို ယင်းနှစ်၏ ၃ လမြောက်၊ ၆ လမြောက်၊ ၉ လမြောက်နှင့် ၁၂ လမြောက်လတို့ ကုန်ဆုံးပြီးနောက် တစ်လ၏ ၁၅ ရက်တွင် နောက်ဆုံးထား၍ အရစ်ကျပေးဆောင်ရန် တာဝန်ရှိသည်။

(ခ) ဤပုဒ်မသည် အခွန်နှစ်တစ်နှစ်အတွက် အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် သက်ရောက်ခြင်းမရှိစေရ –

(၁) ပုဂ္ဂိုလ်တစ်ဦး၏ယခင်အခွန်နှစ်အတွက်စည်းကြပ်ထားသည့် ပေးရန်တာဝန်သည် –

(ကက) ကျပ်၁၀သိန်းအောက်လျော့နည်းလျှင် သို့မဟုတ်

(ခခ) ပုဒ်မ၉၀၊ပုဒ်မခွဲ(ဃ)ကိုကျင့်သုံးသည့်အတွက်သာ ပေါ်ပေါက်ခြင်းဖြစ်လျှင်၊

(၂) တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦး၏ ယင်းအခွန်နှစ်အတွက် အခွန်စည်းကြပ်ရန်ဝင်ငွေသည် ဇယား (၁) တွင် သတ်မှတ်ထားသည့် ဝင်ငွေခွန်အတွက် အခွန်ထမ်းဆောင်ရန် အနိမ့်ဆုံးဝင်ငွေ သတ်မှတ်ချက်အောက်သို့ ကျရောက်နေရန် ကျိုးကြောင်းဆီလျော်စွာ မျှော်လင့်ထားလျှင်။

(ဂ) ပုဒ်မခွဲ (ဃ) နှင့် ပုဒ်မခွဲ(င) တို့နှင့် မဆန့်ကျင်စေဘဲ အရစ်ကျပေးသွင်းမှုတစ်ခုစီ၏ ငွေကြေးပမာဏကို အောက်ပါပုံသေနည်းဖြင့် တွက်ချက်ရမည် –

၂၅ % x (A – B)

ယင်းတွင် –

A သည် ယင်းပုဂ္ဂိုလ်၏ ယခင်အခွန်နှစ်အတွက် စည်းကြပ်ထားသည့် ဝင်ငွေခွန်ထမ်းဆောင်ရန် တာဝန်ရှိသည့် ပမာဏဖြစ်ပြီး ယင်းပုဂ္ဂိုလ်အား ယင်းနှစ်အတွက် ခွင့်ပြုထားသည့် မည်သည့် ပြည်ပ အခွန်ခုနှိမ်မှုမဆို နုတ်ယူပြီးနောက် ငွေကြေးပမာဏဖြစ်သည်၊

B သည် အခန်း(၉) အရ နုတ်ယူထားသည့် ငွေကြေးပမာဏများကို A အနက်မှ ပေးဆောင်ခဲ့သည့် ငွေကြေးပမာဏဖြစ်သည်။

(ဃ) ပုဒ်မခွဲ (င) နှင့် မဆန့်ကျင်စေဘဲ ပုဂ္ဂိုလ်တစ်ဦးသည် ယခင်အခွန်နှစ်အတွက် ဝင်ငွေခွန်ထမ်းဆောင်ရန် တာဝန်မရှိပါက ပုဒ်မခွဲ (ဂ) အရ ပေးသွင်းသည့် အရစ်ကျ ပေးသွင်းမှုတစ်ခုချင်းစီ၏ ငွေကြေးပမာဏသည် ယင်းပုဂ္ဂိုလ်၏ ထိုအရစ်ကျပေးသွင်းသည့် ကာလအတွက် စုစုပေါင်းစည်းကြပ်ထိုက်သော ဝင်ငွေ၏ ၀.၅ ရာခိုင်နှုန်းဖြစ်သည်။

(င) ပုဂ္ဂိုလ်တစ်ဦးသည် အောက်ပါအချက်တစ်ခုခုအတွက် ခိုင်လုံသော အကြောင်းရှိသည်ဟု ယုံကြည်ပါက ယင်းပုဂ္ဂိုလ်သည် လက်ရှိအခွန်နှစ်အတွက် ပေးရန်ရှိသည့် အရစ်တစ်ခုစီ၏ ငွေကြေးပမာဏတွင် ပြောင်းလဲခြင်းအတွက် သတ်မှတ်ထားသောပုံစံဖြင့် ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားနိုင်သည် –

(၁) လက်ရှိအခွန်နှစ်အတွက် ယင်းပုဂ္ဂိုလ်က ပေးရန်ရှိသည့် ဝင်ငွေခွန်သည် ယခင်အခွန်နှစ်အတွက် ပေးရန်ရှိသည့် ဝင်ငွေခွန်အောက် လျော့နည်းမည်ဆိုလျှင်၊

(၂) ယင်းပုဂ္ဂိုလ်သည် လက်ရှိအခွန်နှစ်အတွက် ပေးဆောင်ရန် တာဝန်မပေါ်ပေါက်လျှင် သို့မဟုတ် အသားတင်အရှုံးပေါ်ပေါက်မည်ဆိုလျှင်။

(စ) ပုဒ်မခွဲ (င)၊ ပုဒ်မခွဲငယ် (၁) ကို ကျင့်သုံးရာ၌ ယင်းလျှောက်ထားမှုတွင် ယင်းပုဂ္ဂိုလ် လက်ရှိနှစ်အတွက် ဝင်ငွေခွန်ထမ်းဆောင်ရန် တာဝန်ရှိသည့် ခန့်မှန်းခြေငွေကြေးပမာဏ ပါဝင်ရမည်။

(ဆ) ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မခွဲ (င) အရ လျှောက်ထားလာမှုကို ခွင့်ပြုမည်ဆိုပါက မပေါ်ပေါက်သည့် အခွန်အပါအဝင် အရစ်တစ်ရစ်စီ၏ ငွေကြေးပမာဏကို လက်ရှိနှစ်အတွက် ယင်းပုဂ္ဂိုလ်၏ ဝင်ငွေခွန်ထမ်းဆောင်ရန် တာဝန်ရှိသည့် ခန့်မှန်းခြေငွေကြေးပမာဏအပေါ် အခြေခံရမည်။

(ဇ) ပုဂ္ဂိုလ်တစ်ဦးက အခွန်နှစ်တစ်နှစ်အတွက် ပေးဆောင်သည့် အခွန်တစ်ရစ်စီကို ယင်းပုဂ္ဂိုလ်က ယင်းနှစ်အတွက် ဝင်ငွေခွန်ထမ်းဆောင်ရန် တာဝန်ရှိသည့်ငွေကြေးပမာဏမှ အခွန်ခုနှိမ်မှုအဖြစ်ခွင့်ပြုပြီး ကျန်ရှိသည့် မည်သည့်ခုနှိမ်မှုငွေကြေးပမာဏကိုမဆို အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၄၃ နှင့်အညီ သက်ရောက်စေရမည်။

**အခန်း ( ၉ )**

**ပင်ရင်းမှနုတ်ယူသည့် ငွေကြေးပမာဏများ**

**အလုပ်အကိုင်ဝင်ငွေမှ နုတ်ယူခြင်း**

၉၃။ (က) အလုပ်ရှင်တစ်ဦးသည် ဝန်ထမ်းတစ်ဦးအား ပေးချေသည့် အလုပ်အကိုင်ဝင်ငွေ၏ စုစုပေါင်းငွေကြေးပမာဏမှ ငွေကြေးပမာဏတစ်ရပ်ကို စည်းမျဉ်းများဖြင့် သတ်မှတ်ထားသည့်အတိုင်း နုတ်ယူရမည်။

(ခ) ဤပုဒ်မ၏ ရည်ရွယ်ချက်များအလို့ငှာ အလုပ်ရှင်က ဝန်ထမ်းသို့ ပေးအပ်သည့် ငွေသားမဟုတ်သည့် အကျိုးခံစားခွင့်များ၏ ဇယား ၂ အရ သတ်မှတ်သည့် တန်ဖိုးကို ယင်းအကျိုးခံစားခွင့်ပေးအပ်သည့် လစာရရှိသည့်ကာလရှိ အလုပ်အကိုင်မှဝင်ငွေတွင် ဇယား ၂ အရ သတ်မှတ်သည့်အတိုင်း ထည့်သွင်းရမည်။

(ဂ) အလုပ်ရှင်က ပုဒ်မခွဲ (က) အရ နုတ်ယူမည့်တာဝန်သည် –

(၁) အလုပ်ရှင်တွင် အလုပ်အကိုင်ဝင်ငွေပေးချေမှုမှ အခြားမည်သည့်ငွေကြေးပမာဏကိုမဆို နုတ်ယူထားရန် အခွင့်အရေးရှိမှုကြောင့် သို့မဟုတ် တာဝန်ရှိမှုကြောင့် လျော့ပါးခြင်း၊ သို့မဟုတ် ပျက်ပြယ်ခြင်း မရှိစေရ၊

**စာမျက်နှာ ၂၀ သို့**

○ စာမျက်နှာ ၁၉ မှ

ထို့ပြင်

(၂) ဝန်ထမ်းတစ်ဦး၏ အလုပ်အကိုင်မှဝင်ငွေကို လျှော့နည်းအောင် မဆောင်ရွက်ရန် သို့မဟုတ် သိမ်းဆည်းခြင်းမပြုရန် တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပြဋ္ဌာန်းထားစေကာမူ အကျိုးသက်ရောက်စေရမည်။

**ပြည်တွင်းနေပုဂ္ဂိုလ်များထံသို့ ပေးချေမှုမှ နုတ်ယူခြင်း**

၉၄။ (က) ပြည်တွင်းနေ တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦးသို့ အတိုးပေးချေသည့် လိုင်စင်ရ ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် စည်းမျဉ်းများဖြင့် သတ်မှတ်ထားသော အခြားတရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်တစ်ခုသည် ယင်းပေးချေသည့်အတိုး၏ စုစုပေါင်းငွေကြေးပမာဏမှ ငွေကြေးပမာဏတစ်ရပ်ကို စည်းမျဉ်းများဖြင့် သတ်မှတ်ထားသည့်နှုန်းထားအတိုင်း နုတ်ယူရမည်။

(ခ) ပြည်တွင်းနေပုဂ္ဂိုလ်တစ်ဦးသို့ ပေးချေငွေတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ငွေကြေးပမာဏတစ်ရပ်ရပ်ကို ထုတ်ပေးချိန်၌ အခွန်နုတ်ယူပေးသွင်းစေရန်နှင့် နုတ်ယူပေးသွင်းရမည့် နှုန်းထားများအား စည်းမျဉ်းများဖြင့် ထုတ်ပြန်သတ်မှတ်နိုင်သည်။

(ဂ) ဇယား ၃ ၏ အပိုင်း ၅၊ အပိုဒ် ၁ အရ ကင်းလွတ်ခွင့်ပြုထားသည့် ဝင်ငွေမှ ပြည်တွင်းနေပုဂ္ဂိုလ်တစ်ဦးသို့ အမြတ်ဝေစုပေးချေမှုတစ်ရပ်ကို ပြုလုပ်သည့် အကျိုးအမြတ်မယူသည့် အဖွဲ့အစည်း သို့မဟုတ် ယခင်က အကျိုးအမြတ်မယူသည့် အဖွဲ့အစည်းဖြစ်ခဲ့သည့် ကုမ္ပဏီတစ်ခုသည် ယင်းသို့ပေးချေသည့် အမြတ်ဝေစု၏ စုစုပေါင်းငွေကြေးပမာဏမှ ငွေကြေးပမာဏတစ်ရပ်ကို ၁၀ ရာခိုင်နှုန်းဖြင့် နုတ်ယူထားရမည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ အမြတ်ဝေစုတစ်ရပ်မှ နုတ်ယူထားသည့် ငွေကြေးပမာဏသည် ယင်းအမြတ်ဝေစုအပေါ်တွင် အပြီးသတ်ကောက်ခံသည့်အခွန်ဖြစ်သည်။

**ပြည်ပနေပုဂ္ဂိုလ်များထံသို့ ပေးချေမှုမှ နုတ်ယူခြင်း**

၉၅။ (က) ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ ဝင်ငွေခွန်ကျသင့်သည့် ဝင်ငွေပေးချေမှုတစ်ရပ်ကို ပြုလုပ်သည့် ပြည်တွင်းနေပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ပြည်ပနေပုဂ္ဂိုလ်တစ်ဦး၏ မြန်မာနိုင်ငံရှိ အမြဲတမ်းလုပ်ငန်းတည်ရာဌာနတစ်ခုသည် ယင်းသို့ ပေးချေသည့် စုစုပေါင်းငွေကြေးပမာဏမှ ငွေကြေးပမာဏတစ်ရပ်ကို ဇယား ၁ တွင် သတ်မှတ်ထားသည့် ဝင်ငွေခွန်နှုန်းဖြင့် နုတ်ယူရမည်။

(ခ) ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲ(ဃ) တို့နှင့် မဆန့်ကျင်စေဘဲ ပြည်တွင်းနေပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ပြည်ပနေပုဂ္ဂိုလ်တစ်ဦး၏ မြန်မာနိုင်ငံရှိ အမြဲတမ်းလုပ်ငန်းတည်ရာဌာန တစ်ခုသည် ငှားရမ်းခပေးချေမှုတစ်ရပ်ကို ပြည်ပနေပုဂ္ဂိုလ်တစ်ဦးအား ပေးချေပြီး ယင်းပေးချေမှုသည် ယင်းပြည်ပနေပုဂ္ဂိုလ်၏ မြန်မာနိုင်ငံရင်းမြစ်မှ ဝင်ငွေဖြစ်လျှင် ယင်းသို့ ပေးချေသည့်ပုဂ္ဂိုလ်သည် ပေးချေသည့် စုစုပေါင်းငှားရမ်းခ ငွေကြေးပမာဏမှ ငွေကြေးပမာဏတစ်ရပ်ကို ၁၀ ရာခိုင်နှုန်းဖြင့် နုတ်ယူထားရမည်။

(ဂ) ပုဒ်မခွဲ (ခ) နှင့် အကျုံးဝင်သည့် ငှားရမ်းနေထိုင်သူတစ်ဦးသည် ငှားရမ်းခကို ပြည်ပနေပုဂ္ဂိုလ်၏ကိုယ်စား ဆောင်ရွက်သည့် မြန်မာနိုင်ငံရှိ မရွှေ့မပြောင်းနိုင်သော ပစ္စည်းဆိုင်ရာ အကျိုးဆောင်တစ်ဦးသို့ ပေးချေလျှင် ယင်းမရွှေ့မပြောင်းနိုင်သောပစ္စည်းဆိုင်ရာ အကျိုးဆောင်သည် ပုဒ်မခွဲ (ခ) အရ နုတ်ယူထားရန် တာဝန်ရှိပြီး ငှားရမ်းနေထိုင်သူက တာဝန်မရှိစေရ။

(ဃ) ပုဒ်မခွဲ (ခ) နှင့် အကျုံးဝင်သည့် ငှားရမ်းနေထိုင်သူတစ်ဦးသည် ပြည်ပနေပုဂ္ဂိုလ်တစ်ဦးသို့ ငှားရမ်းခကို တိုက်ရိုက်ပေးချေသည့် တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါက နုတ်ယူရန်တာဝန်သည် ယင်းငှားရမ်းနေထိုင်သူက ငှားရမ်းထားသည့် ပိုင်ဆိုင်မှုကို စည်းကြပ်ထိုက်သော ဝင်ငွေရရှိရန် အသုံးပြုမှသာ အကျိုးသက်ရောက်စေရမည်။

**ကင်းလွတ်ခွင့်ပြုထားသည့် ဝင်ငွေမှ နုတ်ယူမှုမပြုခြင်း**

၉၆။ (က) နုတ်ယူပေးသွင်းရမည့် ကိုယ်စားလှယ်တစ်ဦးသည် ငွေကြေးပမာဏတစ်ရပ်ကို ရရှိသူထံ မပေးချေမီ ထိုငွေကြေးပမာဏသည် ရရှိသူ၏ ကင်းလွတ်ခွင့်ပြုထားသော ဝင်ငွေဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ်က အတည်ပြုထုတ်ပေးထားသည့် လက်မှတ်ကို နုတ်ယူပေးသွင်းရမည့်ကိုယ်စားလှယ်အား ပြသလျှင် နုတ်ယူပေးသွင်းရမည့်ကိုယ်စားလှယ်သည် နုတ်ယူရန်ဝင်ငွေမှ ယင်းငွေကြေးပမာဏကို နုတ်ယူရန် လိုအပ်ခြင်းမရှိစေရ။

(ခ) ပုဒ်မခွဲ (က) တွင် မည်သို့ပင်ဆိုစေကာမူ နုတ်ယူပေးသွင်းရမည့် ကိုယ်စားလှယ်သည် ယင်းအနေဖြင့် နုတ်ယူထားရန် တစ်နည်းအားဖြင့် လိုအပ်မည်ဖြစ်သည့် ငွေကြေးပမာဏအတွက်မဆို တာဝန်ရှိစေရမည်။

**ပေးချေသည့်ကာလ**

၉၇။ ဤအခန်း၏ ရည်ရွယ်ချက်များအလို့ငှာ နုတ်ယူနိုင်သည့် ဝင်ငွေပမာဏတစ်ရပ်ကို အောက်ပါအခြေအနေများအနက် အစောဆုံးဖြစ်သည့်ကာလတွင် ပေးချေပြီးဖြစ်သည်ဟု မှတ်ယူရမည် –

(က) ရရှိသူ၏ ညွှန်ကြားချက်အရဖြစ်စေ၊ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ရရှိသူကိုယ်စား ပေးချေသည့်အချိန်၊

(ခ) ရရှိသူ၏ အကျိုးခံစားခွင့်အတွက် ပြန်လည်ရင်းနှီးမြှုပ်နှံလျှင်၊ စုဆောင်းရရှိလျှင် သို့မဟုတ် အရင်းအဖြစ်ပြောင်းလဲသည့်အချိန်၊

(ဂ) ရရှိသူ၏ အကျိုးခံစားခွင့်အတွက် စာရင်းတစ်ခုသို့ ထည့်သွင်းပေးသည့်အချိန်၊

(ဃ) ရရှိသူအား အမှန်တကယ်ပေးချေလျှင် သို့မဟုတ် ၎င်းရရှိစေရန် အခြားနည်းဖြင့် ဆောင်ရွက်သည့်အချိန်။

**နုတ်ယူခြင်းဆိုင်ရာ မှတ်တမ်းများ**

၉၈။ နုတ်ယူပေးသွင်းရမည့် ကိုယ်စားလှယ်သည် အောက်ပါတို့နှင့် သက်ဆိုင်သည့်မှတ်တမ်းများကို ထိန်းသိမ်းထားရှိရမည် –

(က) ယင်းကိုယ်စားလှယ်က ပေးချေသည့် နုတ်ယူရန်ဝင်ငွေပမာဏနှင့်

( ခ ) နုတ်ယူရန်ဝင်ငွေကို ပေးချေမှုတစ်ရပ်စီမှ ယင်းကိုယ်စားလှယ်က နုတ်ယူထားသည့် ငွေကြေးပမာဏ။

**နုတ်ယူထားသည့် ငွေကြေးပမာဏများကို ညွှန်ကြားရေးမှူးချုပ်ထံ ပေးသွင်းခြင်း**

၉၉။ (က) နုတ်ယူပေးသွင်းရမည့် ကိုယ်စားလှယ်တစ်ဦးသည် နုတ်ယူပေးသွင်းခြင်းဆိုင်ရာ ကြေညာလွှာတစ်စောင်ကို သတ်မှတ်ထားသည့်ပုံစံဖြင့် ညွှန်ကြားရေးမှူးချုပ်ထံသို့ တင်သွင်းပြီး နုတ်ယူရန်ဝင်ငွေကို ပေးချေသည့်လကုန်ဆုံးပြီးနောက် ၁၅ ရက်အတွင်း နုတ်ယူထားသည့်ငွေကြေးပမာဏကို ပေးသွင်းရမည်။

(ခ) နုတ်ယူပေးသွင်းရမည့် ကိုယ်စားလှယ်သည် အောက်ပါကိစ္စရပ်တစ်ခုခုဖြစ်ပွားပါက ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မခွဲ (ဂ) နှင့် မဆန့်ကျင်စေဘဲ နုတ်ယူသည့်ငွေကြေးပမာဏတစ်ရပ်ကို နုတ်ယူပေးသွင်းရမည့် ကိုယ်စားလှယ်ထံမှဖြစ်စေ၊ နုတ်ယူရန်ဝင်ငွေကို ရရှိသူထံမှဖြစ်စေ အရကောက်ခံနိုင်သည် –

(၁) ဤအပိုင်းအရ တာဝန်ရှိသည့်အတိုင်း ငွေကြေးပမာဏတစ်ရပ်ကို နုတ်ယူရန် ပျက်ကွက်ခြင်း၊

(၂) ယင်းငွေကြေးပမာဏကို နုတ်ယူထားသော်လည်း ယင်းနုတ်ယူထားသည့် ငွေကြေးပမာဏကို ပုဒ်မခွဲ (က) အရ တာဝန်ရှိသည့်အတိုင်း ညွှန်ကြားရေးမှူးချုပ်ထံသို့ ပေးသွင်းရန် ပျက်ကွက်ခြင်း။

(ဂ) နုတ်ယူရန်ဝင်ငွေကို ရရှိသူသည် နုတ်ယူထားသည့် ငွေကြေးပမာဏကို ညွှန်ကြားရေးမှူးချုပ်ထံ မပေးသွင်းရန် အစီအစဉ်တစ်ရပ်ပြုလုပ်ရာ၌ ပူးပေါင်းပါဝင်သူတစ်ဦးဖြစ်မှသာ ညွှန်ကြားရေးမှူးချုပ်သည် ရရှိသူထံမှ ယင်းသို့နုတ်ယူထားသည့် ငွေကြေးပမာဏကို ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၂) အရ အရကောက်ခံနိုင်သည်။

(ဃ) ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁) တွင် ဖော်ပြထားသည့်အခြေအနေများ၌ ညွှန်ကြားရေးမှူးချုပ်ထံသို့ နုတ်ယူထားသည့်ငွေကြေးပမာဏကို ပေးသွင်းသည့် နုတ်ယူပေးသွင်းရမည့် ကိုယ်စားလှယ်သည် နုတ်ယူရန်ဝင်ငွေကို ရရှိသူထံမှ ယင်းငွေကြေးပမာဏကို ပြန်လည်ရယူပိုင်ခွင့် ရှိစေရမည်။

(င) ပုဒ်မခွဲ (ခ) အရ နုတ်ယူရန်ဝင်ငွေကို ရရှိသူထံမှ နုတ်ယူထားသည့် ငွေကြေးပမာဏ တစ်ရပ်ကို ပြန်လည်ရယူစေကာမူ ယင်းငွေကြေးပမာဏကို နုတ်ယူရန် ပျက်ကွက်သည့် နုတ်ယူပေးသွင်းရမည့် ကိုယ်စားလှယ်သည် အောက်ပါတို့အတွက် ဆက်လက်တာဝန်ရှိစေရမည် –

(၁) အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေအရ ပြစ်မှုကြောင်းအရ တရားစွဲဆိုခြင်း အပါအဝင် ယင်းပျက်ကွက်မှုအတွက် ဥပဒေကြောင်းအရ မည်သည့်အရေးယူဆောင်ရွက်ချက်မဆို၊

(၂) ယင်းပျက်ကွက်မှုနှင့် စပ်လျဉ်းသည့် နောက်ကျပေးဆောင်မှုအတွက် အတိုးနှင့် ဒဏ်ကြေးငွေ ကောက်ခံမှု။

**နုတ်ယူပေးသွင်းခြင်းဆိုင်ရာ နှစ်စဉ် ရှင်းတမ်း**

၁၀၀။ ဤအခန်းအရ နုတ်ယူရန်ဝင်ငွေမှ ငွေကြေးပမာဏများကို နုတ်ယူရန် တာဝန်ရှိသည့် ပုဂ္ဂိုလ်တစ်ဦးသည် ဘဏ္ဍာနှစ်တစ်နှစ်အတွက် နုတ်ယူပေးသွင်းခြင်းဆိုင်ရာ နှစ်စဉ် ရှင်းတမ်းတစ်စောင်ကို သတ်မှတ်ထားသည့်ပုံစံဖြင့် ယင်းနှစ်ကုန်ဆုံးပြီးနောက် ရက်ပေါင်း ၉၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ တင်သွင်းရမည်။

**နုတ်ယူထားသည့် ငွေကြေးပမာဏအတွက် ခုနှိမ်ခြင်း**

၁၀၁။ ပုဒ်မ ၉၄၊ ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မ ၉၅၊ ပုဒ်မခွဲ (က) အရ နုတ်ယူခြင်းမှလွဲ၍ ပုဂ္ဂိုလ်တစ်ဦး အခွန်နှစ်တစ်နှစ်အတွင်းရရှိသည့် နုတ်ယူရန်ဝင်ငွေမှ ငွေကြေးပမာဏတစ်ရပ်ကို ဤအခန်းအရ နုတ်ယူထားလျှင် ယင်းပုဂ္ဂိုလ် ယင်းနှစ်အတွက် ဝင်ငွေခွန်ထမ်းဆောင်ရန်တာဝန်ရှိသည့် ငွေကြေးပမာဏမှ ယင်းပုဂ္ဂိုလ်အား ယင်းသို့နုတ်ယူထားသည့် ငွေကြေးပမာဏအတွက် အခွန်ခုနှိမ်ခွင့်တစ်ရပ်ကို ခွင့်ပြုပြီး ပိုငွေမှန်သမျှကို အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၄၃ နှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း ( ၁၀ )**

**အထွေထွေ**

**ငွေကြေးအမျိုးအစားပြောင်းလဲခြင်း**

၁၀၂။ (က) ဤဥပဒေအရ ထည့်သွင်းစဉ်းစားသည့် ငွေကြေးပမာဏတစ်ရပ်ကို ကျပ်ငွေဖြင့် ဖော်ပြရမည်။

(ခ) ငွေကြေးပမာဏတစ်ရပ်သည် ကျပ်ငွေမဟုတ်သည့် အခြားငွေကြေးတစ်ရပ်ဖြစ်လျှင် ယင်းငွေကြေးပမာဏကို ဤဥပဒေ၏ ရည်ရွယ်ချက်များအလို့ငှာ ထည့်သွင်းစဉ်းစားသည့်ရက်စွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ယင်းနိုင်ငံခြားငွေကြေးနှင့် ကျပ်ငွေတို့အကြား သတ်မှတ်သည့် ငွေလဲလှယ်မှုနှုန်းဖြင့် ကျပ်ငွေသို့ ပြောင်းလဲရမည်။

(ဂ) လုပ်ငန်းဆောင်ရွက်သည့် ပုဂ္ဂိုလ်တစ်ဦးသည် အခွန်နှစ်တစ်နှစ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များ၌ နိုင်ငံခြားငွေတစ်ရပ်ဖြင့် ပုံမှန်ပြုလုပ်လျှင် ယင်းပုဂ္ဂိုလ်၏ ထိုလုပ်ငန်းမှဝင်ငွေနှင့် အဆိုပါဝင်ငွေနှင့် စပ်လျဉ်းသည့် နုတ်ပယ်မှုများအား ယင်းအခွန်နှစ်အတွက် တွက်ချက်ရာ၌ အသုံးပြုသည့် ငွေကြေးပမာဏများကို ယင်းနိုင်ငံခြားငွေနှင့် ကျပ်ငွေတို့အကြား ယင်းအခွန်နှစ်အတွက် ပျမ်းမျှငွေလဲလှယ်နှုန်းအဖြစ် ညွှန်ကြားရေးမှူးချုပ်က ထုတ်ပြန်သည့်နှုန်းဖြင့် ကျပ်ငွေသို့ ပြောင်းလဲနိုင်သည်။

(ဃ) ဤဥပဒေ၏ ရည်ရွယ်ချက်များအလို့ငှာ ငွေကြေးပြောင်းလဲမှုများအတွက် အခြားအခြေခံများကို စည်းမျဉ်းများဖြင့် ပြဋ္ဌာန်းနိုင်သည်။

**စည်းမျဉ်းများပြုလုပ်ပိုင်ခွင့်**

၁၀၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရာတွင် –

(က) ပြည်ထောင်စုဝန်ကြီးဌာနသည် အောက်ပါကိစ္စတစ်ရပ်ရပ်အတွက် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည် –

(၁) ဤဥပဒေအရ စည်းမျဉ်းဖြင့် သတ်မှတ်ရမည့်ကိစ္စ၊

(၂) ပုဒ်မ ၄၁ ပုဒ်မခွဲ (ဂ) ပုဒ်မခွဲငယ် (၂) တွင် သတ်မှတ်သည့် ငွေကြေးပမာဏ ပြင်ဆင်သတ်မှတ်ခြင်းကိစ္စ၊

(၃) ဇယားပြင်ဆင်ခြင်းကိစ္စ၊

(၄) ဤဥပဒေကို ကောင်းမွန်ထိရောက်စွာ စီမံဆောင်ရွက်ခြင်းကိစ္စ။

(ခ) ပြည်ထောင်စုဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

**ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ**

၁၀၄။ (က) ပုဒ်မ ၁၀၃၊ ပုဒ်မခွဲ (က) ၏ ယေဘုယျအကျိုးသက်ရောက်မှုကို ကန့်သတ်ခြင်းမဖြစ်စေဘဲ ယင်းပုဒ်မခွဲအရ ပြုလုပ်သည့် စည်းမျဉ်းများတွင် ဤဥပဒေပြဋ္ဌာန်းခြင်း၏ နောက်ဆက်တွဲအဖြစ် ပြဋ္ဌာန်းသည့် ကူးပြောင်းရေးကာလဆိုင်ရာ စည်းမျဉ်းများကိုလည်း ပြဋ္ဌာန်းနိုင်သည်။

(ခ) ဤဥပဒေစတင်ပြဋ္ဌာန်းပြီးနောက် ၁၈၃ ရက်အတွင်း ပုဒ်မခွဲ (က) အရ ပြုလုပ်သည့် ကူးပြောင်းရေးကာလ စည်းမျဉ်းများသည် ဤဥပဒေ စတင်သက်ရောက်သည့် ရက်စွဲမှ စတင်အကျိုးသက်ရောက်ကြောင်း ဖော်ပြနိုင်ပြီး အခွန်ထမ်းများအကျိုးရှိမည်ဆိုမှသာ ယင်းသို့ဆောင်ရွက်ရန်ဖြစ်သည်။

**ဘဏ္ဍာရန်ပုံငွေ လွှဲပြောင်းခြင်း**

၁၀၅။ အခွန်ရငွေများအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပြည်ထောင်စုအစိုးရအဖွဲ့က ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့်အညီ သတ်မှတ်ပေးသော ရာခိုင်နှုန်းအချိုးအတိုင်း လွှဲပြောင်းပေးသွင်းနိုင်သည်။

**ဥပဒေများအား ရုပ်သိမ်းခြင်း**

၁၀၆။ ဝင်ငွေခွန်ဥပဒေ (၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီဥပဒေ အမှတ် ၇။) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

(ဆက်လက်ဖော်ပြပါမည်)

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်အဖွဲ့ တောင်ကုတ်မြို့နယ်ရှိ အခြေခံအိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်

**တောင်ကုတ် ဩဂုတ် ၄**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယမန်နေ့နံနက် ၈ နာရီခွဲက တောင်ကုတ်မြို့နယ်ခန်းမတွင်ကျင်းပသည့် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၁၉၇၂ စုအတွက် ထောက်ပံ့ငွေပေးအပ်ပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က တောင်ကုတ်မြို့နယ်ရှိ အိမ်ထောင်စု ၁၉၇၂ စုအတွက် တစ်အိမ်လျှင်ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၃၉၄၄၀၀၀၀ အား လွှဲပြောင်းပေးအပ်ရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစောမင်းသူက လက်ခံခဲ့ပြီး ပြည်နယ်လူမှုရေးဝန်ကြီးနှင့် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးတို့က အိမ်ထောင်စုတစ်စုချင်းအလိုက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**





# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် မုံရွာမြို့နယ်အတွင်း ရေဝင်ရောက်သည့်ကျေးရွာများအား သွားရောက်ကြည့်ရှု

**မုံရွာ ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၈ နာရီက မုံရွာမြို့နယ်အတွင်း ရေဝင်ကျေးရွာများသို့ သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆည်ကြီးတောကျေးရွာတွင်မိုးသည်းထန်စွာရွာသွန်းပြီး ရေဝင်ရောက်သည့် အိမ်ထောင်စု ၃၀ အတွက် ဆန်ဖိုးငွေကျပ် ၃၀၀၃၀၀၊ နှာခေါင်းစည်း ၁၄၃ ခု၊ ဆပ်ပြာတောင့် ၃၀ ကိုလည်းကောင်း၊ မြေနဲကျေးရွာအိမ်ထောင်စု ၁၉၉ စုအတွက်ဆန်ဖိုးငွေကျပ် ၂၄၉၉၀၀၊ နှာခေါင်းစည်း ၁၁၉ ခု၊ ဆပ်ပြာ ၂၆ တောင့်တို့ကိုလည်းကောင်း ပေးအပ်ခဲ့ပြီး ရေလျှံဝင်ရောက်သည့်ကမ်းနီမချောင်းအား ရေစီးရေလာကောင်းမွန်စေရေးနှင့် ရေလမ်းကြောင်း ပြန်လည်တူးဖော်ရေးတို့အတွက် ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာတာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ အောင်သာကျေးရွာတွင် အိမ်ထောင်စု ၁၈၇ စုအတွက်ဆန်ဖိုးငွေကျပ် ၁၉၆၃၅၀၀၊ နှာခေါင်းစည်း ၉၃၅ ခု၊ ဆပ်ပြာ ၁၈၇ တောင့်နှင့်ဒဏ်ရာရသူ တစ်ဦးအတွက် ငွေကျပ် ၅၀၀၀၀ ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ပြီး ဖောဓိတစ်ထောင်-ကျောက္ကာလမ်းဘေးရှိ ကမ်းနီမချောင်းကျောက်စီမြေထိန်းနံရံ ပေ ၂၀၀ တည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

# ကိုဗစ်-၁၉ ကာလအတွင်း ပြောင်းစိုက်သမဝါယမအသင်းသားများ ဈေးကောင်းရရှိ

**နေပြည်တော် ဩဂုတ် ၄**

နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ စိန်ပန်းနွယ် လယ်ယာနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းတွင် အသင်းသား ၄၀၁ ဦးရှိပြီး အသင်းသားများက ရာသီပေါ်သီးနှံ စိုက်ပျိုးရေး၊ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ရာသီပေါ်သီးနှံများအဖြစ် ကြက်သွန်၊ ခရမ်းချဥ်၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ခရမ်းသီး၊ ပြောင်းစသည့် သီးနှံများကို အသင်းသားတစ်ဦးလျှင် ပျမ်းမျှ သုံးဧကနှုန်း စိုက်ပျိုးထားကြောင်း၊ ကိုဗစ်ကာလအတွင်း ကုန်စည်စီးဆင်းမှု အခက်အခဲများစွာနှင့် ယခုနှစ်တွင် စိုက်ပျိုးသီးနှံများအတွက် ရာသီဥတု ပူပြင်းပြီး မိုးနည်းသဖြင့် အချို့အသင်းသား တောင်သူများမှာ အခက်အခဲများ ကြုံတွေ့ရမည်ကို စိုးရိမ်နေကြသော်လည်း မိမိတို့အသင်းမှ အသင်းသား တောင်သူများသည် ယင်းအခက်အခဲများ ကြားမှပင် စိုက်ပျိုးခဲ့ရာ သီးနှံ အထွက်ကောင်းပြီး ဈေးကောင်းရရှိခဲ့သဖြင့် ရရှိသည့်ဝင်ငွေသည် မိသားစုကျန်းမာရေး၊ ပညာရေးနှင့် အခြားလူမှုရေးကိစ္စများတွင် အထောက်အကူရရှိခဲ့သည်ဟု အသင်းဥက္ကဋ္ဌ ဦးသန်းထွန်းက ပြောသည်။ အဆိုပါအသင်းသည် စိုက်ပျိုးစရိတ်ပံ့ပိုးချေးငွေကို သမဝါယမအသင်းအချင်းချင်းက ရယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့



# မင်းတပ်မြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြူများအုံ့ဆိုင်း၍ ကားနှင့် ဆိုင်ကယ်များ သတိပြုသွားလာခဲ့ရ

**မင်းတပ် ဩဂုတ် ၄**

ချင်းပြည်နယ်မင်းတပ်မြို့၌ မိုးသည်းထန်စွာရွာသွန်းနေမှုကြောင့်မြူများအုံ့ဆိုင်းကျကာ လမ်းမကြီး တစ်လျှောက်တွင်ကားနှင့်ဆိုင်ကယ်များအထူးသတိပြုသွားလာခဲ့ရကြောင်းသိရသည်။

မင်းတပ်မြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၄၈၆၀ တွင်တည်ရှိပြီး ယနေ့ နံနက် ၉ နာရီ၌ မင်းတပ်မြို့မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏တိုင်းတာချက်များအရမိုးရေချိန် ၁ ဒသမ ၅၃ လက်မရှိပြီး ယခင်နှစ်များထက်မိုးရွာသွန်းမှုများ အားကောင်းလျက် နောက်နှစ်ရက်အတွက် ခန့်မှန်းချက်များအရ မိုးဆက်လက်ရွာသွန်းကာဘင်္ဂလားပင်လယ်အော်၌ လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်မည်ဟု ခန့်မှန်းရကြောင်းမင်းတပ်မြို့ မိုးလေဝသနှင့် ဇလဗေဒတာဝန်ခံ ဦးဟုန်းအွမ်ဖေက ပြောသည်။

ယာဉ်များ အန္တရာယ်ကင်းစွာ သတိပြုမောင်းနှင်နိုင်ရေးအတွက် လမ်းမကြီး တစ်လျှောက်တွင် မြန်မာနိုင်ငံယာဉ်ထိန်းတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများပူးပေါင်းအဖွဲ့များက ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မင်းတပ်မြို့ပေါ်အတွင်း မြေပြိုနိုင်သည့်နေရာများအား တာဝန်ရှိသူများက လိုက်လံ သတိပေးနှိုးဆော်လျက်ရှိကြောင်း သိရသည်။ **လင်းလင်း(ပြန်/ဆက်)**

# ကျိုင်းတုံမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပျက်စီးခဲ့သည့်မိသားစုများအား ထောက်ပံ့

**ကျိုင်းတုံ ဩဂုတ် ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ပန်ကြူကျေးရွာအုပ်စု နမ့်ဆီး(၄) နမ့်ခတ်ကျေးရွာအုပ်စု ကယ်ဝှက်ကျေးရွာတို့တွင် ယမန်နေ့ နံနက် ၅ နာရီခန့်က လေပြင်းတိုက်ခတ်မှုကြောင့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းနှင့် နေအိမ်ခြောက်လုံး အမိုးလန်ပျက်စီးခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် အိမ်ထောင်စု ခြောက်စု၊ လူဦးရေ ၄၈ ဦး လေဘေးသင့်ခဲ့ပြီး စုစုပေါင်းဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၈၅၀၀၀၀ ခန့်ဖြစ်ကြောင်းသိရသည်။

အဆိုပါ လေဘေးသင့် ပြည်သူများထံ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းသိန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဆန်းထွန်းတို့က ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းပြီး လိုအပ်သည်များကူညီဆောင်ရွက်ပေးကာ ကျိုင်းတုံခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ လေဘေးသင့်နေအိမ်ခြောက်လုံးနှင့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းအတွက် အိမ်ဆောက်ပစ္စည်းတန်ဖိုး ငွေကျပ် ၇၀၀၀၀၀၊ အိမ်ထောင်စု ခြောက်စုအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၀ မျိုး၊ လူဦးရေ ၄၈ ဦးအတွက် ဆန်ရိက္ခာ ခုနစ်ရက်စာနှင့်အတူ ကျိုင်းတုံမြို့နယ်ကြက်ခြေနီအသင်းခွဲမှ တာဝန်ရှိသူများကလည်း တစ်ကိုယ်ရေသုံးပစ္စည်းများနှင့် တာပေါ်လင် မိုးကာများကို ယမန်နေ့ ညနေ ၄ နာရီက သွားရောက်ထောက်ပံ့ခဲ့သည်။ **အောင်ဇင်မြင့်(ပြန်/ဆက်)**



## မုဒုံမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေး အရှိန်အဟုန်မြှင့် လက်တွေ့သင်ကြားပြသ

**မုဒုံ ဩဂုတ် ၄**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် မိုးရာသီကာလ၌ သဘာဝရေဘေးအန္တရာယ်ဖြစ်ပေါ်ပါက သဘာဝရေပြင်တွင် ကူညီကယ်ဆယ်ရန် လက်တွေ့သင်ကြားမှုကို ယနေ့နံနက်ပိုင်းက မုဒုံမြို့နယ် ကန်ကြီးကန်တွင် အရှိန်အဟုန်မြှင့် လက်တွေ့သင်ကြားပြသကြောင်း သိရသည်။

ထိုသို့သင်ကြားပြသရာတွင် မုဒုံမြို့နယ်မီးသတ်ဦးစီးမှူး ဦးမြင့်ဦးက သဘာဝရေဘေးအန္တရာယ်ကြုံတွေ့ပါက လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း၊ ကယ်ဆယ်ရေးစက်လှေများ စမ်းသပ်မောင်းနှင်ခြင်းတို့ကို လည်းကောင်း၊ ရေဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများဖြစ်သည့် ဖောကွင်း (တာယာကွင်း) ဖြင့်ကယ်ဆယ်နည်း၊ လက်ပစ်ကူးသယ်ဆောင် ကူညီနည်းနှင့် တုတ်ဖြင့် ကူညီ ကယ်ဆယ်ခြင်းတို့ကိုလည်းကောင်း၊ ရေပြင် သက်ကယ်ရေးရှာဖွေရေး၊ ရေကူးကျွမ်းကျင်ရေးတို့ကို မြို့နယ်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးနှင့် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များအား လက်တွေ့သင်ကြား ပြသခဲ့သည်။

**အောင်မျိုးသူ(မုဒုံ)**




## ရုံးပိတ်ရက်ကာလ ငွေတောင်ဆည်သို့ လာရောက်လည်ပတ်

**ဒီးမော့ဆို ဩဂုတ် ၄**

အစိုးရရုံးပိတ်ရက် လေးရက်တာကာလအတွင်း ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် ငွေတောင်ဆည်သို့ ပြည်တွင်းခရီးသွားပြည်သူများ လာရောက်လည်ပတ်ကြကြောင်း သိရသည်။

ယခင်က ငွေတောင်ဆည်အပါအဝင် ကယားပြည်နယ်အတွင်းရှိ အထင်ကရနေရာများ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်တားဆီးနိုင်ရန်အတွက် လာရောက်လည်ပတ်ခွင့် ပိတ်ထားခဲ့ပြီး ယခုအခါ အဆိုပါနေရာများအား လည်ပတ်ခွင့် ပြန်လည်ဖွင့်လှစ်သည့်အတွက် အစိုးရရုံးပိတ်ရက်များအတွင်း အနယ်နယ်အရပ်ရပ်မှ ပြည်တွင်းခရီးသွားပြည်သူများ လာရောက်လည်ပတ်ခြင်းကြဖြစ်သည်။

ငွေတောင်ဆည်သို့ လာရောက်လည်ပတ်ကြရာတွင် ဆည်ကန်၏ သဘာဝအလှအပကို ကြည့်ရှုခံစားခြင်း၊ ဒေသခံတိုင်းရင်းသူများနှင့် အမှတ်တရဓာတ်ပုံရိုက်ကူးခြင်း၊ ရိုးရာဝတ်စုံများဝတ်ဆင်၍ ဓာတ်ပုံရိုက်ကူးခြင်း၊ ဆင်အပျော်စီးခြင်း၊ ရိုးရာအသုံးအဆောင်ပစ္စည်းများဝယ်ယူခြင်းများ ဆောင်ရွက်ကြသည့်အတွက် ဒေသခံပြည်သူများ အပိုဝင်ငွေရရှိစေကြောင်း သိရသည်။

**ရီရယ်(ဒီးမော့ဆို)**

## ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**စဉ့်ကိုင် ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ကျော်ကျော်၊ မန္တလေးတိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးဆန်းအောင်နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက် ၉ နာရီက မိုးကောင်းကျေးရွာအုပ်စု စံပြကျေးရွာကွင်းအမှတ်(၅၂) စနစ်ကျ လယ်မြေဧက ၂၅ ကွင်းရှိ ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



### ကူညီဆောင်ရွက်

ကြည့်ရှုစစ်ဆေးရာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ကျော်က Covid-19 Economic Relief Plan(CERP) အရ တောင်သူများ မိုးစပါးအချိန်မီ ထွန်းယက် စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စက်မှု လယ်ယာဦးစီးဌာနမှ စက်ကိရိယာများဖြင့် ထွန်းယက်ပေးခြင်း၊ မိုးစပါးများ ထောက်ပံ့ပေးခြင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးပေးခြင်း လုပ်ငန်းများကို တောင်သူများနှင့် တွေ့ဆုံပြောကြားခဲ့သည်။ တိုင်းဒေသကြီးဦးစီးမှူး ဦးဆန်းအောင်၊ စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သူတို့က ကူညီပံ့ပိုး ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ဒေသခံတောင်သူ ဦးမြင့်လွင်က စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် ယခုလို ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေမှုကာလတွင် မိုးစပါးစိုက်ပျိုးခြင်းကို ပျိုးထောင်သည်မှ ရိတ်သိမ်းသည်အထိ ကူညီဆောင်ရွက်ပေးမည်ကို သိရှိရသည့်အပြင် ဒေသခံတောင်သူများ အလုပ်အကိုင်ရှားပါးချိန်၌ ဒေသတွင်းရှိ တောင်သူ ၃၂ ဦးကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှုအပေါ် တောင်သူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

## သရက်ချောင်းမြို့နယ် လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**သရက်ချောင်း ဩဂုတ် ၄**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ကျောက်ဆည်ကျေးရွာတွင် ယမန်နေ့က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်နှစ်လုံးပျက်စီးခဲ့သည့် လေဘေးသင့်အိမ်ထောင်စုများအတွက် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ဦးမြတ်ကိုကိုနှင့် တပ်ဖွဲ့ဝင်များက ထောက်ပံ့ပစ္စည်းများ သွားရောက်ခဲ့သည်။

ထိုသို့ထောက်ပံ့ရာတွင် မိသားစုသုံးပစ္စည်းများ၊ တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများ၊ အမျိုးသမီးတစ်ကိုယ်ရေသုံးပစ္စည်းများနှင့် ရေပုံးတို့ကို သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးချစ်ဦး(ပြန်/ဆက်)**

## လေပြင်းတိုက်ခတ်မှုကြောင့် ပြိုကျပျက်စီးခဲ့သည့်နေအိမ်များအတွက် ထောက်ပံ့ပေးအပ်

**တနင်္သာရီ ဩဂုတ် ၄**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း ယမန်နေ့ မွန်းလွဲပိုင်းတွင် နေအိမ်ပြိုကျပျက်စီးမှုဖြစ်ပွားခဲ့သဖြင့် တာဝန်ရှိသူများက ငွေနှင့် ထောက်ပံ့ပစ္စည်းများ သွားရောက်ပေးအပ်ခဲ့သည်။

ယင်းသို့ထောက်ပံ့ရာတွင် ချောင်းကြီးရပ်ကွက်အတွင်း တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့် နန်းမြင့်သူစားသောက်ဆိုင်၊ နေအိမ်တစ်လုံးနှင့် မိသားစုဝင် ၁၅ ဦး၊ တမုတ်ချုန်းကျေးရွာအုပ်စုအတွင်းမှ ပြိုကျပျက်စီးခဲ့သည့် နေအိမ်နှစ်လုံးနှင့် မိသားစု ၁၃ ဦး၊ ဆင်ခြေဖုန်းကျေးရွာအုပ်စု ဗောဓိကမ်းကျေးရွာမှ ပြိုကျနေအိမ်တစ်လုံးနှင့် မိသားစု ခြောက်ဦး၊ ညောင်ပင်ကွင်းကျေးရွာအုပ်စု ထုံမခါကျေးရွာနှင့် ထုံတော်ကျေးရွာတို့မှ ပြိုကျပျက်စီး နေအိမ်နှစ်လုံးနှင့် မိသားစုဝင် ၁၁ ဦးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် ၁၀၀၀၀၀ စီနှင့် ဆန်ဖိုးထောက်ပံ့ငွေ ခုနစ်ရက်စာအတွက် တစ်ဦးလျှင် ငွေကျပ် ၂၁၀၀ နှုန်း၊ ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုး ပါဝင်သည့် သေတ္တာပုံးတစ်လုံးစီကို ထောက်ပံ့ပေးအပ်ခဲ့သည်။



ထို့အပြင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ထောက်ပံ့ပေးသည့် မြိတ်ခရိုင်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှတစ်ဆင့် ပေးပို့လာသော တာပေါ်လင် (တာလပါ) နှစ်ချပ်စီ၊ အိမ်ဆောက်ပစ္စည်းများနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်း (တစ်လစာအတွက်) တစ်ပုံးစီနှင့် အမျိုးသမီးသုံးပစ္စည်းတစ်ပုံးစီကို တိုင်းဒေသကြီး/ခရိုင်/မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ တာဝန်ရှိသူများက အိမ်တိုင်ရာရောက်သွားရောက်၍ ထောက်ပံ့ပေးပြီး အသုံးပြုနည်းများ ရှင်းပြခဲ့ကြောင်း သိရသည်။

**နန်းသာရီထိန်ဝင်း(ပြန်/ဆက်)**

## စိုက်ပျိုးရေးဝင်ငွေတိုးတက်ရေးစီမံကိန်း အပိုင်း(၂)အဖွဲ့ ကြက်ဖမွေးဇောင်းကျွန်းပတ်တာအတွင်းရှိ ဒေသခံတောင်သူများနှင့် တွေ့ဆုံဆွေးနွေး

**ဖျာပုံ ဩဂုတ် ၄**

စိုက်ပျိုးရေးဝင်ငွေတိုးတက်ရေးစီမံကိန်း အပိုင်း(၂)ဖြင့် ဆောင်ရွက်ရန်လျာထားသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ချောင်းမြောင်းတူးဖော်ရေး၊ ကျွန်းပတ်တာများ အဆင့်မြှင့်တင်ရေး၊ ရေတံခါးနှင့် ရေထုတ်ပေါက်တည်ဆောက်ရေး၊ လယ်ယာကဏ္ဍနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ သတ်မှတ်ကာလအတွင်း အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရေးအတွက် ဒေသခံတောင်သူများနှင့်တွေ့ဆုံညှိနှိုင်း၍ သဘောထားအတည်ပြုချက်ရယူရေး ဆွေးနွေးပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ဖျာပုံမြို့နယ် ကြက်ဖမွေးဇောင်းကျေးရွာရှိ ရောင်ခြည်သစ်စာကြည့်တိုက်၌ ကျင်းပရာ ဖျာပုံမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုမင်းဇော်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဖျာပုံမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းဇော်က ကြက်ဖမွေးဇောင်းကျွန်းပတ်တာအတွင်း စိုက်ပျိုးရေးဝင်ငွေတိုးတက်ရေးစီမံကိန်းအပိုင်း(၂)မှ လာရောက် ဆောင်ရွက်မည့်အခြေအနေနှင့်ပတ်သက်၍ လျာထားချက်၊ ရည်ရွယ်ချက်နှင့် ဆောင်ရွက်မည့်အကြောင်းအရာများအား အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပြီး ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် စိုက်ပျိုးရေးဝင်ငွေ တိုးတက်ရေး စီမံကိန်း အပိုင်း(၂)မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့သည်။




ယင်းနောက် ဖျာပုံမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုမင်းဇော်က စီမံကိန်း၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များကို တောင်သူများ နားလည်သဘောပေါက်ရန်လိုကြောင်း၊ မရှင်းလင်းသည့်အချက်များနှင့် သဘောဆန္ဒများအား ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောကြားကြစေလိုကြောင်း၊ ဒေသအတွင်း အမှန်တကယ်လိုအပ်လျက်ရှိသည့် ရေသွင်း၊ ရေထုတ်တံခါးများ၊ ကျွန်းပတ်တာအဆင့်မြှင့်တင်မှုများ၊ အဆင့်မြင့်လယ်ယာမြေစနစ် ဖော်ဆောင်ရန်လိုအပ်ချက်များ၊ ကုန်စည်စီးဆင်းမှုအတွက် ကျေးလက်ကုန်ထုတ်လမ်းအပါအဝင် အခြေခံအဆောက်အအုံများ တိုးမြှင့်ပေးရေးကဏ္ဍများကို ထည့်သွင်းဆွေးနွေးမှာကြားပြီး ဒေသခံများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါ စိုက်ပျိုးရေးဝင်ငွေတိုးတက်ရေး စီမံကိန်း အပိုင်း(၂)ဖြင့် ဆောင်ရွက်ရန်လျာထားသည့် လုပ်ငန်းများအတွက် ဒေသခံပြည်သူများ၏ သဘောထားအတည်ပြုချက်များရရှိပြီး လုပ်ငန်းဆောင်ရွက်ခွင့်ရရှိပါက လာမည့် ၂၀၂၁-၂၀၂၂ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်နိုင်မည်ဖြစ်သည်။ စီမံကိန်းမစတင်မီ လိုအပ်သည်များဆောင်ရွက်နိုင်ရန် တစ်နှစ်ကြိုတင် အသိပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သပြေထွန်း**

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အမေရိကန် – အာဆီယံ စီးပွားရေးကောင်စီ ကိုယ်စားလှယ်အဖွဲ့ ဥက္ကဋ္ဌတို့ Virtual Meeting ဖြင့် တွေ့ဆုံဆွေးနွေး



**ရန်ကုန် ဩဂုတ် ၄**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အမေရိကန်–အာဆီယံ စီးပွားရေးကောင်စီအဖွဲ့ဥက္ကဋ္ဌ Mr.Alexander C. Feldman ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီ၌ Virtual Meeting ဖြင့် တွေ့ဆုံဆွေးနွေးသည်။

**ဆွေးနွေး**

ဆွေးနွေးပွဲတွင် ကိုဗစ်–၁၉ အလွန် စီးပွားရေးပြန်လည်ထူထောင်ရေး၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေး၊ လျှပ်စစ်စွမ်းအင်နှင့် ဆက်သွယ်ရေးကိစ္စရပ်များ၊ လူငယ်များလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးများ၊ ပြည်တွင်း ပြည်ပ ခရီးသွားကဏ္ဍ ဆောင်ရွက်မှုအခြေအနေနှင့် စက်ရုံအလုပ်ရုံများ ပုံမှန်လည်ပတ်မှုအခြေအနေများ၊ ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံမှုအခြေအနေများနှင့် ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်မှုများတွင် အမေရိကန် – အာဆီယံစီးပွားရေးကောင်စီက ထောက်ပံ့ကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမေရိကန်–အာဆီယံစီးပွားရေးကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် ဒေသတွင်း ဦးဆောင်ညွှန်ကြားရေးမှူးဖြစ်သူ Mr. Michael Michalak ၊ Chevron ရေနံကုမ္ပဏီမှ တာဝန်ရှိသူများ ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**



# အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် ချောင်းဖြတ်တံတားနှစ်စင်း တည်ဆောက်ပြီးစီးမှုအခြေအနေအား ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဩဂုတ် ၄**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြစ်သည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ၂၀၁၉–၂၀၂၀ ဘတ်ဂျက်ဖြင့် မြို့နယ်စည်ပင်လမ်းတံတား အင်ဂျင်နီယာဌာနက တာဝန်ယူကြီးကြပ်၍ ဖွန်လကုန်ပိုင်းမှ စတင်ပြီး အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် နယ်မြေ (၅) တံတားအမှတ် (၁) အရှည် ပေ ၅၀၊ အကျယ် ၁၀ ပေနှင့် တံတားအမှတ်(၂) အရှည် ပေ ၅၅၊ အကျယ် ၁၄ ပေ လူကူးသံကူကွန်ကရစ်အမျိုးအစား ရွာမချောင်းဖြတ်တံတားနှစ်စင်းကို တည်ဆောက်ခဲ့ရာ ယခု တံတားများ တည်ဆောက်ပြီးစီးမှုအခြေအနေများကို အင်းစိန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်၊ မြို့နယ်စည်ပင်ဥက္ကဋ္ဌ ဦးသိန်းသန်း၊ မြို့နယ်စည်ပင်လမ်းတံတား တာဝန်ခံအင်ဂျင်နီယာ ဦးသန်းဦး၊ ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်၊ ရပ်မိရပ်ဖများနှင့်အတူ ဩဂုတ် ၂ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဆက်လက်၍ ရွာမအနောက်ရပ်ကွက် နယ်မြေ(၁၀) မြို့ပတ်လမ်းမကြီး၊ လူသွားလမ်း၊ လမ်းအောက် ရေမြောင်း၊ မြောင်းဖြတ် အရှည် ၁၈ ပေ၊ အကျယ် ၃ ပေ၊ အမြင့် ၃ ပေ ဆောင်ရွက်မှုကို မြို့နယ်ရေစီးရေလာနှင့် ရေဆိုးစီမံခန့်ခွဲမှု လုပ်ငန်းတာဝန်ခံအဖွဲ့က တာဝန်ယူဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြရာ မြို့နယ်စည်ပင်ဥက္ကဋ္ဌနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ရှင်းလင်းတင်ပြခဲ့ကြပြီး တာဝန်ရှိသူများက ရေစီးရေလာကောင်းမွန်စေရေးအတွက် လမ်းညွှန်မှာကြားခဲ့ကြသည်။

အလားတူ အင်းစိန်မြို့နယ် ကြို့ကုန်းအနောက် ဗဟိုလမ်းအပိုင်းနှင့် မြို့သစ်(က+ခ)ရပ်ကွက်၊ က/၅ လမ်းတို့ ကွန်ကရစ်ခင်းနေမှုများ၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းအောင် ပြုလုပ်ရမည့်အခြေအနေများကို သွားရောက်စစ်ဆေးခဲ့ကြပြီး ညနေပိုင်းတွင် အင်းစိန်ကားလမ်းကူး မီးရထားခုံးကျော် လက်တက်တံတားသစ် (မင်းကြီးလမ်းဘက်ခြမ်း) တည်ဆောက်မှု ၇၀ ရာခိုင်နှုန်း ပြီးစီးမှုအခြေအနေများကိုလည်း ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ဥာဏ်ဟိန်း**

# ကြက်ခြေနီစေတနာလုပ်အားရှင်များ ရေကြီးရေလျှံခြင်းနှင့် လေပြင်းတိုက်ရာဒေသရှိ ပြည်သူများအား ကူညီဆောင်ရွက်လျက်ရှိ



**ရန်ကုန် ဩဂုတ် ၄**

မြန်မာနိုင်ငံဒေသအချို့တွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခြင်း၊ လေပြင်းတိုက်ခတ်ခြင်းတို့ကြောင့် နေအိမ်အချို့ ပျက်စီးခြင်းတို့ဖြစ်ပွားခဲ့ရာ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ကြက်ခြေနီစေတနာ လုပ်အားရှင်များသည် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ ဝိုင်းဝန်းဆောင်ရွက်ပေးခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ယမန်နေ့က နေပြည်တော် လယ်ဝေးမြို့နယ်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လယ်မကျေးရွာတွင် ရေနစ်မြုပ်ခဲ့သော အိမ်ခြေ ၁၈၀ အတွက် လတ်တလောလိုအပ်သည့် သောက်ရေသန့်ဘူးများနှင့် ခေါက်ဆွဲခြောက်များကို နေပြည်တော်ကြက်ခြေနီကြီးကြပ်မှု ကော်မတီ အတွင်းရေးမှူး ဦးမိုးကျော်နှင့် ကြက်ခြေနီစေတနာလုပ်အားရှင်များက ရေဘေးသင့်ပြည်သူများအား သွားရောက်ပေးအပ်သည်။

ထို့အတူ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ပိုင်ကျုံမြို့၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လမ်းများတွင် ရေကျော်လျက်ရှိရာ ကျေးရွာတစ်ရွာမှတစ်ရွာသို့ သွားရောက်မည့် ပြည်သူများ အန္တရာယ်ကင်းစွာ သွားလာနိုင်ရန်အတွက် မြို့နယ်ကြက်ခြေနီအသင်းခွဲမှ ကြက်ခြေနီစေတနာလုပ်အားရှင်များက ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ကျောက်ဆည်ကျေးရွာတွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်နှစ်လုံး ပျက်စီးသွားခဲ့ရာ လေဘေးသင့်အိမ်ထောင်စုများအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းက ထောက်ပံ့သော မိသားစုသုံးပစ္စည်းများ၊ တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများ၊ အမျိုးသမီးတစ်ကိုယ်ရေသုံးပစ္စည်းများ၊ ရေပုံးတို့ကို မြို့နယ်ကြက်ခြေနီအသင်းခွဲမှ ကြက်ခြေနီ စေတနာလုပ်အားရှင်များက သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ထို့အတူ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ကံသာရပ်ကွက်တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး မြေပြိုသဖြင့် အိမ်တစ်လုံး ပြိုကျပျက်စီးခဲ့ရာ ကြက်ခြေနီစေတနာ လုပ်အားရှင်များက ရှင်းလင်းရေးလုပ်ငန်းများကို ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ကြသည်။

အလားတူ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် လေပြင်းများ တိုက်ခတ်ခဲ့ရာ ပန်ကြူကျေးရွာအုပ်စုနှင့် နမ့်ခတ်ကျေးရွာအုပ်စုတို့တွင် နေအိမ် သုံးလုံး အမိုးလန်ပျက်စီးခဲ့ရာ လေဘေးသင့် အိမ်ထောင်စုသုံးစုအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းက ထောက်ပံ့သော တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်း တစ်ပုံးစီနှင့် တာပေါ်လင် နှစ်ချပ်စီတို့ကို မြို့နယ်ကြက်ခြေနီ အသင်းခွဲမှ ကြက်ခြေနီစေတနာ လုပ်အားရှင်များက သွားရောက်ထောက်ပံ့ပေးအပ်သည်။

ကြက်ခြေနီစေတနာလုပ်အားရှင်များသည် သဘာဝဘေးအန္တရာယ်ကြောင့် အကူအညီလိုအပ်သူများကို လိုအပ်သည့် အကူအညီများပေးခြင်းအပြင် ကိုဗစ်–၁၉ ရောဂါ အပါအဝင် ရောဂါကာကွယ်ရေးလုပ်ငန်းများကိုလည်း ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ကြောင်း သိရသည်။ **ဝင်းအောင်(MRCS)**

# ဖားကန့် ဝှေခါမှော်၌ ထပ်မံမြေပြိုကျနိုင်သည့် နေအိမ်များအား ယာယီပြောင်းရွှေ့ရန် စီစဉ်

**ဖားကန့် ဩဂုတ် ၄**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဝှေခါကျေးရွာအနီး ကျောက်မျက်လုပ်ကွက် ရပ်နားထားရာ ကျင်းဘက်သို့ မြေပြိုကျနိုင်သည့် ရပ်ကွက်အချို့မှ နေအိမ်များအား ယမန်နေ့က ယာယီပြောင်းရွှေ့ရန် နေရာစီစဉ်လျက်ရှိကြောင်း မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ထံမှ သိရသည်။

"ဝှေခါမှာ အခိုက မြေပြိုကျနိုင်တဲ့အန္တရာယ်ရှိနေရာ သုံးခုရှိပါတယ်။ မှော်သစ်ကုန်းရပ်ကွက်ရယ်၊ ခကျန်ရပ်ကွက်ရယ်၊ လခူးချောင်ရပ်ကွက် (၆)ရယ်၊ မှော်သစ်ကုန်းမှာဆိုရင် ၃၉ အိမ်ကို ပြောင်းရွှေ့ပေးပြီးပါပြီ။ နောက်ထပ် ၃၃ အိမ်ကို ပြောင်းရွှေ့ဖို့စီစဉ်နေပါတယ်။ ခကျန်က ၁၃ အိမ်ရွှေ့ပြီးပါပြီ။ နောက်ထပ် ၂၈ အိမ်ကို ပြောင်းဖို့စီစဉ်နေပါတယ်။ လခူးချောင်(၆)မှာတော့ ၁၈ အိမ် ပြောင်းရွှေ့ပြီးပါပြီ။ နောက်ထပ် ၁၈ အိမ်ကို ပြောင်းရွှေ့ဖို့ စီစဉ်နေပါတယ်"ဟု မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ အဖွဲ့(၅) အဖွဲ့ခေါင်းဆောင် မြို့နယ်စီမံကိန်းဦးစီးမှူး ဦးစိုးဝင်းကျော်က ပြောသည်။

မြေပြိုကျနိုင်သည့် အန္တရာယ်ရှိနေအိမ်များ ပြောင်းရွှေ့ဆောင်ရွက်ရာ၌ ဘေးလွတ်ရာနေရာများဖြစ်သည့် ဝှေခါကျေးရွာပိုင်ခန်းမဆောင်တွင် မိသားစု ၂၀ ခန့်နှင့် ကျေးရွာငြိမ်းချမ်းရေးခန်းမဆောင်တွင် မိသားစု ၃၀ ခန့် ယာယီနေထိုင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေမှုများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ အန္တရာယ်ရှိ နေအိမ်များ ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ လုံးခင်း–ဖားကန့် ကျောက်စိမ်းတူးဖော်ရေးဌာနမှ တာဝန်ရှိသူများနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့တို့က ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

လက်ရှိတွင် ပြောင်းရွှေ့ရန်စီစဉ်ထားသည့် နေအိမ်များမှ မိသားစုဝင်များ၊ ကျေးရွာ ရပ်မိ/ရပ်ဖများနှင့် သက်ဆိုင်ရာကုမ္ပဏီများ၊ သုံးဦးသုံးဖလှယ်ညှိနှိုင်းဆွေးနွေးကာ နေအိမ်ပြောင်းရွှေ့စရိတ်များအား စီစဉ်ပေးလျက်ရှိကြောင်း သိရသည်။ **တာလင်းမောင်(ပြန်/ဆက်)**



# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကျင်းပ




အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း။

နေပြည်တော် ဩဂုတ် ၄

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး၏ မန္တလေး-စစ်ကိုင်း-မုံရွာ-ရေဦးလမ်း (ပြည်ထောင်စုလမ်း၊ မုံရွာမြို့ရှောင်လမ်း) တွင် မိုင်တိုင်အမှတ် (၈၆/၁)နှင့် (၈၈/၅)ကြားလမ်း အရှည် ၂ မိုင် ၄ ဖာလုံ လက်ရှိလမ်းအား အကျယ်ပေ ၃၀ ချဲ့ပြီး ကတ္တရာကွန်ကရစ်ခင်းရန်အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က မုံရွာမြို့ရှောင်လမ်းပိုင်း၏ မိုင်တိုင်အမှတ်(၈၁/၂)မှ (၈၄/၀)အထိ ၂ မိုင် ၆ ဖာလုံအား ၄၈ ပေအကျယ်နှင့် မိုင်တိုင်အမှတ် (၈၅/၃)မှ (၈၈/၅)အထိ ၃ မိုင် ၂ ဖာလုံတို့အား ပေ ၃၀ အကျယ် ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်း ရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံခဲ့သော်လည်း ရန်ပုံငွေကန့်သတ်ချက်အရ မိုင်တိုင်အမှတ် (၈၅/၂)မှ (၈၆/၁) အတွင်းရှိ ၆ ဒသမ ၅ ဖာလုံအား ကတ္တရာကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ရန်အတွက် ငွေကျပ် သန်း ၅၀၀ သာ လျာထားနိုင်ခဲ့သဖြင့် ကျန်ရှိနေသည့်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖

## ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲအောင်စာရင်း ထုတ်ပြန်ခြင်းလုပ်ငန်း အသိပေးကြေညာခြင်း

၁။ COVID-19 ရောဂါကာကွယ်ထိန်းချုပ်တားဆီးရေး အဓိကဦးစားပေးဆောင်ရွက်နေရသော ကာလဖြစ်ပါသဖြင့် ၂၀၂၀-ပြည့်နှစ်၊ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲအောင်စာရင်းများကို သတ်မှတ်ရက်တွင် ကြေညာရာ၌ ယခင်နှစ်များကဲ့သို့ စာစစ်ဌာနများနှင့် အခြေခံပညာအထက်တန်းကျောင်းများတွင် လုံးဝ(**လုံးဝ**) ကပ်ထားခြင်းမပြုဘဲ ပညာရေးဝန်ကြီးဌာန၏ Website များဖြစ်သော www.moe.gov.mm နှင့် www.myanmarexam.org တို့တွင် ကြည့်ရှုနိုင်ရန် (၉.၈.၂၀၂၀)ရက်နေ့(တနင်္ဂနွေနေ့)၊ နံနက်(၀၀:၃၀)နာရီမှစတင်၍ အသိပေးထုတ်ပြန်ကြေညာပေးပါမည်။

၂။ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲအောင်စာရင်းများကို Website မှ အသိပေးထုတ်ပြန်ကြေညာသည့်အပြင် ဝေးလံသောဒေသများရှိ စာစစ်ဌာနများနှင့် အင်တာနက်အဆက်အသွယ်မရရှိသော စာစစ်ဌာနများ၏အောင်စာရင်းများကို မြန်မာ့အသံရေဒီယိုအစီအစဉ်၊ SKYNET Education Channel တို့မှလည်း အောင်စာရင်းထွက်သည့်နေ့တွင် ကြေညာပေးပါမည်။

၃။ Online ဖြင့် အောင်စာရင်းထုတ်ပြန်ပြီး နောက်တစ်နေ့ (၁၀.၈.၂၀၂၀) ရက်နေ့၊ (တနင်္လာနေ့)၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ (COVID-19) ရောဂါ ကာကွယ်ထိန်းချုပ်တားဆီးနိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များနှင့်အညီ သက်ဆိုင်ရာစာစစ်ဌာနဖွင့်လှစ်သောကျောင်းများတွင် ဖြန့်ဝေပေးထားသည့် သက်ဆိုင်ရာ စာစစ်ဌာန၏ အောင်စာရင်းများကို ကျောင်းအုပ်ကြီးနှင့် တာဝန်ကျ ဆရာ/ဆရာမများ၏ ကြီးကြပ်မှုဖြင့် တစ်ဦးနှင့်တစ်ဦး (Physical Distancing) အနည်းဆုံး (၆) ပေကွာခြား၍ ကြည့်ရှုနိုင်ရန် နံနက် (၉)နာရီမှ ညနေ (၄) နာရီ အတွင်း ကြည့်ရှုခွင့်ပြုရန်အတွက် အောက်ပါအတိုင်း စီစဉ်ထားရှိမည်ဖြစ်ပါသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❍

## တာချီလိတ်မြို့ မြန်မာ-ထိုင်းနယ်စပ်ဂိတ်မှ မြန်မာရွှေ့ပြောင်းလုပ်သား ၉၅ ဦး ပြန်လည်ဝင်ရောက်



တာချီလိတ် ဩဂုတ် ၄

တာချီလိတ်မြို့ မြန်မာ-ထိုင်း နယ်စပ်ဂိတ် ချစ်ကြည်ရေးတံတားအမှတ်(၂)မှ မြန်မာရွှေ့ပြောင်းလုပ်သား ၉၅ ဦးသည် ယနေ့မွန်းလွဲ ၁ နာရီတွင် ပြန်လည်ဝင်ရောက်လာကြောင်း သိရသည်။

### ပြန်လည်ဝင်ရောက်

ပြန်လည်ဝင်ရောက်လာကြသည့် မြန်မာရွှေ့ပြောင်း လုပ်သားများကို တာဝန်ရှိသူများက စနစ်တကျ ပြန်လည်လက်ခံလျက်ရှိပြီး ယနေ့တွင် ပြန်လည်ဝင်ရောက်လာသူ ၄၀၀ ခန့် စာရင်းပေးသွင်းထားရာ မွန်းလွဲ ၁ နာရီအထိ အမျိုးသား အမျိုးသမီး စုစုပေါင်း ၉၅ ဦးအား လက်ခံပြီးဖြစ်ကြောင်း သိရသည်။

ပြန်လည် ဝင်ရောက်လာသော မြန်မာရွှေ့ပြောင်း လုပ်သားများကို ကျန်းမာရေးစစ်ဆေးခွင့်နှင့် ကိုယ်အပူချိန် စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ✳

## ကြေးမုံ ယနေ့ဖတ်စရာ


တရားလွှတ်တော်ရှေ့နေများကောင်စီဝင်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ ၁၁ ဦး၏ အမည်စာရင်းကြေညာ

စာမျက်နှာ » ၃

- - - - - - - - - - - - - -

ထိရောက်သည့်အခွန်စနစ်တစ်ခု ပေါ်ပေါက်လာရေး

ဆောင်းပါး စာမျက်နှာ » ၉

- - - - - - - - - - - - - -

COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

စာမျက်နှာ » ၁၇

- - - - - - - - - - - - - -

မန်ယူအသင်းက ခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့ ဂျာဒန်ဆန်ချိုရဲ့ အပြောင်းအရွှေ့ နောက်ဆုံးရက်ကို ဒေါ့မွန်အသင်း သတ်မှတ်

စာမျက်နှာ » ၂၄


## ရောဝတီမြစ်ရေ ဟင်္သာတမြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၄

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ရောဝတီမြစ်ရေသည် ဟင်္သာတမြို့၌ တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟင်္သာတမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ